# ရွှေအိမ်တော်၌
# ဆုတောင်းခြင်း



Dariusz Peter Wojcinowicz

# pma&;o\ twywtu0;



'g&p ywm 0u*rE0p (Dariusz Peter Wojcinowicz) on tou(24)Ep t&,rpí urm ouaoconoemy\ {0a*v q&m tjzp apvwjci;cc&on/ pma&;oon armye;jci;ui;pmjzi a,½qvirrpí ajru;pe;wiatmi [aom b&m;oci\ r[mapci;csutm; jynpapjci;im vyaqmivsu&on/ (ró-28;19-20)/ pma&;oona,½c&pawm\ a&vi;,eomoemu pwiaw&y; 2004 cEpuwn;u xi;Eiiajrmuyi;wi omoemtp 0;aqmicly; oe&i;aom0nm0awm\ rprtm;jzi qawmi;jci;ü aravsmjci;Ei b&m;oci\ Ewuywawmü u;xm;vsu&on/

pma&;oon trawmü qawmi;jci;omoemuvn; pwi wnaxmily; a,½qvirrpí ajru;pe;wiatmi [aom r[mapci;csutwi; yveEiiüvn; &uowywtwi; (24)em& u,pm;jyqawmi;jci;u 0;aqmivsu&on/

c&pawmf\ a&Tvif,kfsm; omoem

ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည့်အကြောင်းကို မြည်းစမ်း၍ သိမှတ်ကြလော့။ ကိုယ်တော်ကို ခိုလှုံသောသူသည် မင်္ဂလာရှိ၏။ (ဆာလံကျမ်း ၃၄း၈)

ယခုမှာ လူလက်ဖြင့်မလုပ်၊ ဤလောကဓာတ်နှင့်မစပ်ဆိုင်၊ သာ၍ကြီးမြတ်စုံလင်သော တဲတော်၌ နောက်မင်္ဂလာအကျိုးတို့၏ ယဇ်ပုရောဟိတ်မင်းဖြစ်သော ခရစ်တော်သည်၊ ငါတို့အဖို့ ထာဝရရွေးနုတ်ခြင်း ကျေးဇူးကိုခံရ၍ ဆိတ်သွေး၊ နွားကလေးသွေးနှင့်မဟုတ်၊ မိမိအသွေးတော်နှင့် သန့်ရှင်းရာဌာနထဲသို့ တစ်ခါတည်း ဝင်တော်မူ၏။ (ဟေဗြဲ ၉း၁၁–၁၂)

## ရည်ညွှန်းချက်

ဘုရားသခင်၏ မှုတ်သွင်းတော်မူခြင်းနှင့် ဗျာဒိတ်တော်အားဖြင့် ဘုရားသခင်၏ ရွှေအိမ်တော်၌ ဆုတောင်းခြင်းတဲတော် စာအုပ်ကို ရေးသားပြုစုရန် ကောင်းကြီးမင်္ဂလာနှင့် ဝမ်းမြောက်ခြင်းတို့သည် အစဉ်သက်ရောက်လျက်ရှိပါ၏။ ကျိုးနွံသောနှလုံးသားနှင့်အတူ ဤဆုတောင်းခြင်းတဲတော်စာအုပ်ကို ဖန်ဆင်းရှင် ဖခမည်းတော်ထံ၌ ဆက်ကပ်အပ်နှံပါ၏။ ထို့အတူ ခရစ်တော်၏ ကိုယ်အင်္ဂါဖြစ်တော်မူသော အသင်းတော်အားလည်း ခရစ်တော်၏ ဒုတိယအကြိမ် ပြန်လည်ကြွလာတော်မူမည့်အရာအတွက် နောင်တနှင့် ပြင်ဆင်ဆက်ကပ်ရန် တိုက်တွန်းအပ်ပါသည်။

သို့သော်လည်း သင်သည် ရှေးဦးစွာသော ချစ်ခြင်းမေတ္တာလျော့ပြီဟုသင်၌ အပြစ်တင်စရာရှိ၏။ ထို့ကြောင့် သင်သည် မရွေ့လျော့မှီ အရင်နေရာအရပ်ကို အောက်မေ့လော့။ နောင်တရလော့။ ရှေးဦးစွာ အကျင့်ကိုကျင့်လော့။ သို့မဟုတ် သင်ရှိရာသို့ ငါသည် အလျင်အမြန်လာမည်။ နောင်တမရလျှင် သင်၏ မီးခွက်ကို နေရာမှရွေ့မည်။ (ဗျာဒိတ် ၂း၄–၅)

ဘုရားသခင်ပြင်ဆင်ပေးတော်မူသော ကျွန်ုပ်၏အံ့ဖွယ်ချစ်ဇနီး အမ်ဖွလ် (Amporn) အားလည်း သူမ၏ ကြီးမားသော စေတနာ မေတ္တာအတွက် ဂုဏ်ယူမိပါကြောင်း ရင်ဖွင့်လိုပါသည်။ ဘုရားသခင်ကို ကျေးဇူးတင်၍မဆုံးနိုင်သည်မှာ သူမသည် လုံးဝ ကျွန်ုပ်ဘဝအတွက် ဘုရားသခင်၏ ဆုလက်ဆောင် ဖြစ်ကြောင်းအတွက်ပေ။

**ရွှေအိမ်တော်(တဲတော်)၌ ဆုတောင်းခြင်း – လမ်းညွှန်**

**Copyright©2013 Dariusz Peter Wojcinowicz**

# မာတိကာ


စာမျက်နှာ

စကားချီး – ၆

အဝင်တံခါးပေါက် – ၁၅

အခန်း(၁)

အပြင်ဘက် (တဲတော်ဝင်း) – ၁၇

(က) ကြေးဝါယဇ်ပလ္လင် – (ကားတိုင်တော်တရား) – ၁၇

၁။ လက်ခံခြင်း

၂။ ခွင့်လွှတ်ခြင်း

၃။ ဖြောင့်မတ်ခြင်း

၄။ ကယ်တင်ခြင်း

၅။ သားဖြစ်ရခြင်း

၆။ အနာငြိမ်းခြင်း

၇။ ကြွယ်ဝခြင်း

၈။ ကောင်းကြီးမင်္ဂလာ

၉။ ဘုန်းအသရေတော်

၁၀။ ထာဝရအသက်

၁၁။ လူသစ်

အသွေးတော်၏ကောင်းကြီးမင်္ဂလာများ

(ခ) ကြေးဝါအင်တုံ (သန့်စင်ရန်အင်တုံ) ယေရှုခရစ်တော်သည်
ကြေးဝါအင်တုံ ဖြစ်တော်မူ၏။ – ၃၆

ပညတ်တော်နှလုံးသား (သို့) ပညာတော် ၁၀ ပါးအား
ပြန်လည်သုံးသပ်ခြင်း

နောင်တရခြင်း၊ ဝန်ချခြင်း၊ ကိုယ်၊ စိတ်နှလုံးဖြင့်
ဘုရားကို ချဉ်းကပ်တော်မူခြင်း

**မှတ်ချက်။ ။**

* တဲတော်၏အချုပ်သည် Jimmy Swaggart Ministries မှ ကောက်နှုတ်ချက် ဖြစ်သည်။
* ဂရုဏာပလ္လင်၌ ဆုတောင်းခြင်းသည် Praying In Victory မှ ကောက်နှုတ်ချက် ဖြစ်သည်။

**ဘာသာပြန် ။ ။ သိက္ခာတော်ရ ဆရာတော် ဒေါက်တာနိုင်မနား**
**မြန်မာနိုင်ငံ ခရစ်တော်၏ ရွှေလင်းယုန်များ သာသနာ**



စာမျက်နှာ

(ဂ) အကာရှတိုင်ငါးတိုင် – ခရစ်တော်၏ ဝိသေသများ – ၄၇
၁။ အံ့သြဖွယ်
၂။ တိုင်ပင်ဖက်
၃။ တန်ခိုးကြီးသော ဘုရားသခင်
၄။ ထာဝရအဘ
၅။ ငြိမ်သက်ခြင်းအရှင်

အခန်း(၂)
သန့်ရှင်းရာဌာန – ၄၈

(က) ရွှေမီးခုံ – ဘုရားသခင်သည် အလင်း – ၄၈
ရွှေမီးခုံ၏ ရောင်ဖြာ ၇ ချက်
၁။ ဝိညာဉ်တော်ဘုရား
၂။ ပညာ၏အချုပ်အခြာ
၃။ နားလည်နိုင်သော အစွမ်းသတ္တိ
၄။ တိုင်ပင်ခြင်း
၅။ တန်ခိုးကြီးခြင်း
၆။ ညာဉ်တော်ဖြစ်ခြင်း
၇။ ဘုရားသခင်ကို ချစ်ကြောက်ရိုသေခြင်း
ဝိညာဉ်တော်၏ သာသနာ့လုပ်ဆောင်ချက်များ
၁။ ဝိညာဉ်တော်သည် မီးတောက်မီးလျှံ
၂။ ဝိညာဉ်တော်သည် လမ်းပြသောအရှင်
၃။ ဝိညာဉ်တော်သည် ထောက်ပံ့သောအရှင်
၄။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဖန်ဆင်းရှင်
၅။ ဝိညာဉ်တော်သည် နှစ်သိမ့်ခြင်းနှင့်ငြိမ်သက်ခြင်းအရှင်
၆။ ဝိညာဉ်တော်သည် ချစ်ခြင်းမေတ္တာ
၇။ ဝိညာဉ်တော်သည် စိတ်နာစေတတ်

စာမျက်နှာ


သန့်ရှင်းသောဝိညာဉ်တော်၌ မည်ကဲ့သို့နှစ်ခြင်းခံရမည်နည်း

(ခ) ရှေ့တော်မုန့်စားပွဲ – ထောက်ပံ့သောအရှင် – ၅၆

(ဂ) ရှေ့တော်မုန့် – နတ်ကပတ်တော်၊ အသက်မုန့် – ၅၇

ရှေ့တော်မုန့်စားပွဲရှိ မုန့် ၁၂ လုံး

၁။ ဣသရေလမျိုးနွယ်စု ၁၂ စု (OT)

၂။ တမန်တော် ၁၂ ပါး (NT)

၃။ ယေရှုဆလင်ကောင်းကင်၏ ဝင်ပေါက် ၁၂ ပေါက်

၄။ ယေရှုဆလင်ကောင်းကင်၏ အသီး ၁၂

၅။ ယေရှုဆလင်ကောင်းကင်၏ အုတ်မြစ် ၁၂ ခု

(ဃ) နံ့သာပေါင်းမီးရှို့ရာ ရွှေယဇ်ပလ္လင် – ခရစ်တော် – ၆၁
ကိုယ်စားပြုခြင်းပုံဆောင်

၁။ ဘုရားသခင်အား ပူဇော်ခြင်း

၂။ အသစ်သောသီချင်းနှင့် ပရောဖက်သီချင်း

(င) ပိတ်ချောကန့်လန့်ကာ – ယေရှု၏ ကိုယ်ခန္ဓာပုံဆောင် – ၆၅

အခန်း(၃)

အသန့်ရှင်းဆုံးဌာန – ၆၇

(က) ပဋိညာဉ်သေတ္တာတော် – ဘုရားသခင် – ၆၇
ကျိန်းဝပ်တော်မူရာကိုပုံဆောင်

ယေရှုသည် ဘုရားသခင်၏တဲတော်သို့ ဝင်ခြင်း

ယေရှုသည် ယဇ်ပုရောဟိတ် မေလခိဇေဒက်နှင့်တူခြင်း

ခရစ်တော်သည် ယဇ်ပုရောဟိတ်မင်းကြီးဖြစ်ခြင်း

လောကီတဲတော်

ပြီးပြည့်စုံသော ခရစ်တော်အားဖြင့် ပူဇော်ခြင်း

ခရစ်တော်၏ တစ်ခါတည်းသော ပူဇော်သက္ကာ




သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် သေခဲ့စဉ်က ''အမှုပြီးပြီ'' ဟု ကြွေးကြော်ပြီးချင်း ဘုရားသခင်၏ ဖော်ပြတော်မူချက်နှင့်အညီ ဗိမာန်တော်၏ ကန့်လန့်ကာသည် အထက်မှအောက်သို့ ကွဲလွင့်ခဲ့သည်။ ခရစ်တော်၏ ယဇ်ပူဇော်ပေးခြင်းနှင့်အတူ လာလိုသောသူတိုင်း အသက်စမ်းရေကို အခမဲ့ရရှိနိုင်ကြောင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်ရှိပါသည်။ အသန့်ရှင်းဆုံးအခန်းသည် ဝင်လိုသောသူတိုင်း ဆန္ဒရှိသူတိုင်း လာလိုသောသူတိုင်း ဝင်ရောက်နိုင်ရန် ယခုပင် ဖွင့်နေလျက်ရှိသည်။

## ပဋိညာဉ်သေတ္တာ



ပဋိညာဉ်သေတ္တာသည် အသန့်ရှင်းဆုံးအခန်းတွင် တည်ရှိသည်။ ထိုနေရာသည် ဘုရားသခင်တည်ရှိတော်မူရာဖြစ်ပြီး ခေရုဗိမ်နှင့် ဂရုဏာပလ္လင်ကြားတွင် တည်ရှိသည်။ ဣသရေလနိုင်ငံမှ တပါး အခြားတိုင်းပြည်များသည် ဘုရားသခင်မှ အလင်းနယ်ဟု မခေါ်ဆိုပေ။ ဤသည်မှာ အခွင့်ထူးကြီးပင်ဖြစ်သည်။ ဘုရားသခင်သည် သူတို့အပေါ် သစ္စာဖြင့် စောင့်ကြည့်နေသည်။ ပဋိညာဉ်သေတ္တာသည် ပညတ်တော်(၁၀)ပါးနှင့် တိုက်ဆိုင်လျက်ရှိသည်။ ခဲလုံး ၂ လုံး၊ ပညတ်ချက် ၅ ချက်မှ ၁ ခု၊ အခြားသော ပဋိညာဉ်သေတ္တာ၏ အဆုံးပိုင်းတွင် ခေရုဗိမ် ၂ ပါးရှိသည်။ ဂရုဏာယဇ်ပလ္လင်ဘက်ကို မျက်နှာမူလျှင် ဘုရားသခင်၏ ပညတ်တော်များကို မြင်တွေ့နေရသည်။ ဘုရားသခင်၏ ပညတ်တော်ဆိုရာ၌ လူတိုင်း ကျူးလွန်ချိုးဖောက်ခဲ့သော အရာဖြစ်သည်။ ယခု ကျွန်တော်ပြောနေသည်မှာ တကယ်တမ်းတော့ အပြစ်၏အစကား သေခြင်းပင်ဖြစ်သည်။ သို့သော် ယဇ်ပုရောဟိတ်ကြီးသည် အပြစ်ဖြေရာနေ့တွင် တစ်နှစ်တစ်ကြိမ် ဝင်ခြင်းအားဖြင့် အသွေးတော်ဖြင့် ပူဇော်ပေးခဲ့ခြင်းဖြစ်သည်။

## အသန့်ရှင်းဆုံးဌာန



ဤသည်မှာ အသန့်ရှင်းဆုံးဌာန၏ ကန့်လန့်ကာဖြစ်သည်။ သန့်ရှင်းရာဌာနနှင့် အသန့်ရှင်းဆုံးဌာနတို့စပ်ကြားတွင် ဆက်စပ်နေသော ပဋိညာဉ်သေတ္တာရှိသည်။ ၎င်း၏ကန့်လန့်ကာသည် သန့်ရှင်းရာဌာနတော်နှင့် အသန့်ရှင်းဆုံးဌာနတို့၏ စပ်ကြားတွင် ခွဲထွက်သွားသည်။ ယခုတွင် အကြီးဆုံးသော ယဇ်ပုရောဟိတ်မှလွဲ၍ သာမန် ယဇ်ပုရော ဟိတ်များသည် အသန့်ရှင်းဆုံးဌာနသို့ ဝင်ခွင့်မရှိ။ အကြီးဆုံးသော ယဇ်ပုရောဟိတ်မင်းကြီးသည်လည်း တစ်နှစ်တွင် တစ်ကြိမ်သာ အပြစ်ဖြေရာနေ့ရက်၌ ကြေးဝါယဇ်ပလ္လင်မှ ပူဇော်သော အကောင်၏အသွေးကို ယူဆောင်သွားကာ ဝင်ခွင့်ရှိသည်။ ထိုသို့ဝင်ရောက်ခြင်းသည်လည်း ပဋိညာဉ်သေတ္တာတည်းဟူသော ဂရုဏာပလ္လင်ကို အသန့်ရှင်းဆုံးဌာနသို့ တွန်းရန်ဖြစ်သည်။ အနီရောင်ကန့်လန့်ကာသည် ခရစ်တော်၏ အသွေးတော်ကို ပုံဆောင်သည်။ အဖြူရောင်ကန့်လန့်ကာသည်လည်း ခရစ်တော်၏ ဖြောင့်မတ်ခြင်းသင်္ကေတဖြစ်သည်။ အမြင့်ဆုံးသော ယဇ်ပုရောဟိတ်မှတပါး ထိုကန့်လန့်ကာအားဖြင့် ဝင်ရောက်သွားလာခွင့်မရှိ။ ယဇ်ပုရောဟိတ်ကြီးသည်လည်း တစ်နှစ်တွင်တစ်ကြိမ် အပြစ်ဖြေရာနေ့ရက်၌သာ ဝင်ရောက်ခွင့်ရှိသည်။ အဘယ်ကြောင့် ဘုရားသခင်သည် ကန့်လန့်ကာကို ပြုလုပ်ခဲ့သနည်း။ ဘုရားသခင်သည် သစ်သားဖြင့် တံခါးမကြီးကိုလည်း ပြုလုပ်ခဲ့သည်။ ကန့်လန့်ကာပြုလုပ်ရခြင်းမှာ ရည်ရွယ်ချက်ရှိသည်။ ကန့်လန့်ကာဟူသည် အစဉ်အမြဲ ရွှေ့လျားနိုင်သောအရာဖြစ်သည်။ ယဇ်ပုရောဟိတ်မင်းကြီးသည် တစ်နှစ်လျှင်တစ်ကြိမ်သာ ဝင်ရောက်ခွင့်ရှိသော်လည်း ဘုရားသခင်သည် ဆန္ဒရှိသောသူတိုင်း အချိန်အကန့်အသတ်မရှိ လာရောက်ပြီး အခမဲ့နှင့် အသက်စမ်းရေကို ရရှိရန် (ဗျာ ၂၂း၁၇) တွင် ဖိတ်ခေါ်လျက်ရှိသည်။





(ခ) ကျေးဇူးတော်ယဇ်ပလ္လင် – ဘုရားသခင်၏ပလ္လင်တော်ကို – ၇၅
ခေရုဗိမ်အားဖြင့် စောင့်ထိန်းခြင်းပုံဆောင်ချက်
ဖွဲ့ လုံ့လရှိကြရန် နှိုးဆော်ခြင်း
ဂရုဏာပလ္လင်၌ ဆုတောင်းခြင်း
စဉ်ဆက်မပြတ်ဆုတောင်းပါ။
၁။ မိမိကိုယ်တိုင်နှင့် မိသားစုအတွက်
၂။ အသိုင်းအဝိုင်းများအတွက် ကယ်တင်ခြင်း စိတ်ချမှုအတွက်
၃။ ဝိညာဉ်ဆန်သော မိသားစုအတွက်
၄။ အိမ်နီးချင်းများနှင့် သူငယ်ချင်းမိတ်ဆွေများအတွက်
၅။ မိမိအဖွဲ့အစည်းနှင့်မြို့အတွက်
၆။ မိမိနိုင်ငံအတွက်
၇။ ယေရှုဆလင်မြို့ ငြိမ်ဝပ်ခြင်းအတွက်
၈။ တိုင်းနိုင်ငံများအတွက်
တဲတော်၏အချုပ် – ၉၃
စာရေးသူ၏ အတ္ထုပတ္တိအကျဉ်း – ၁၀၈

## စကားချီး

ငါ့နာမဖြင့် သမုတ်သော ငါ့လူတို့သည် ကိုယ်ကိုနှိမ့်ချသဖြင့်၊ ငါ့မျက်နှာကိုရှာလျက် ဆုတောင်းပဌနာပြု၍ အဓမ္မလမ်းကို လွှဲရှောင်လျှင် ငါသည် ကောင်းကင်ဘုံ၌ နားထောင်မည်။ သူတို့အပြစ်ကိုဖြေ၍ သူတို့ပြည်ကို ချမ်းသာပေးမည်။ (၆ရာ ၇း၁၄)



ဆုတောင်းရာ တဲတော်နှင့်ပတ်သက်ပြီး တင်ပြရခြင်း၏ အရေးကြီးသောအကြောင်းရင်းမှာ နာခံသော လူသားဖြစ်ခြင်းမှ ဘုရားသခင်၏ သမ္မာတရားကို ပေါ်လွင်စေရန်ဖြစ်သည်။ ထာဝရဘုရားသခင်သည် မောရှေအား မိန့်ဆိုခဲ့သည်မှာ ''ငါသည် သင်တို့၌ ကိန်းဝပ်ရာဖို့ သန့်ရှင်းရာဌာနကို လုပ်ကြစေ''။ (ထွက်၊ ၂၅း၈)။ သမ္မာကျမ်းစာမှ အခန်းကြီးပေါင်း ငါးဆယ် (၅၀)ကျော်၌ ''တဲတော်''အကြောင်း ဖော်ကျူးလျက်ရှိသည်။ (ထွက် ၂၅-၃၁၊ ဝတ်ပြုရာကျမ်း၊ တောလည်ရာကျမ်း၊ တရားဟောကျမ်းနှင့် ဟေဗြဲ ၅-၁၀)။ အချို့သော အခြားကျမ်းချက်များတွင် တူညီသော ဘာသာစကားဖြင့် တဲတော်အကြောင်း ဆွေးနွေးချက်ရှိသော်လည်း သမိုင်းတလျှောက်ကို လေ့လာကြည့်လျှင် လွန်စွာအလေးမပေးကြောင်း တွေ့ရသည်။ ဆုတောင်းရာတဲတော်သည် ခရစ်တော်ကို ပုံဆောင်ပြီး ဘုရားသခင်၏ မျက်မှောက်တော်၌ မည်ကဲ့သို့ ချဉ်းကပ်ရမည်ကို သွန်သင်ပေးလျက်ရှိသည်။ ဆုတောင်းရာ



## နံ့သာပေါင်းမီးရှို့ရာ ရွှေယဇ်ပလ္လင်



သန့်ရှင်းရာဌာနတော်သို့ ယဇ်ပုရောဟိတ်များ သွားရောက်တိုင်းတွင် လက်ယာဘက်တွင်ရှိသော ရှေ့တော်မုန့်စားပွဲကို မြင်တွေ့ကြရမည်ဖြစ်သည်။ လက်ဝဲဘက်ရှိ ရွှေမီးခုံသို့ ရောက်သည်နှင့်အမျှ ချက်ချင်းပင် ကန့်လန့်ကာဖြင့် အသန့်ရှင်းဆုံးဌာနသို့ ဝင်ရောက်ရသည်။ ၎င်းသည် တဲတော်၏ ဒုတိယခန်းမြောက်တွင်ရှိသော နံ့သာပေါင်းမီးရှို့ရာ ယဇ်ပလ္လင်ဖြစ်သည်။ ယဇ်ပုရောဟိတ်တို့သည် အင်တုံယဇ်ပလ္လင်မှ မီးပြာကိုယူခဲ့ပြီး နံ့သာပေါင်းမီးရှို့ရာ ယဇ်ပလ္လင်ပေါ်တွင် ချထားကာ ၎င်းပြာပေါ်တွင် အမွှေးနံ့သာပေါင်းကို ပက်ဖြန်းသောကြောင့် သင်းရနံ့ပြည့်ဝ၍ မွှေးကြိုင်သောအရာဖြစ်လာသည်။ နံ့သာပေါင်းမီးရှို့ရာ ယဇ်ပလ္လင်သည် ခရစ်တော်၏ ကိုယ်စားပြုခြင်းကို ပုံဆောင်သည်။ ထို့ကြောင့် အကြင်သူတို့သည် ယေရှုအားဖြင့် ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်ကြ၏။ ထိုသူတို့၏ အမှုကို ကိုယ်တော်သည် စောင့်လျက် ကာလအစဉ် အသက်ရှင်သောကြောင့် သူတို့ကို အစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။ (ဗြ ၇း၂၅)။

မီးပြာများကို နံ့သာမွှေးဖြင့်ပက်ဖြန်းခြင်းသည် အခန်းတစ်ခန်းလုံးကို နံ့သာမွှေးဖြင့် ပြည့်ဝစေရန်ဖြစ်သည်။ ဤအရာသည် ကိုယ်စားပြုခြင်း၏ အရိပ်ဖြစ်ပြီး ခရစ်တော်၏ ကိုယ်စားပြုခြင်းကို ပုံဆောင်သည်။ ခရစ်တော်သည် သီတင်းပတ်လုံးလုံး၌ (၂၄)နာရီ သူ့လူများအတွက် ကိုယ်စားပြုပေးသည်။ ယခုတွင် သူသည် ဘာအတွက် လုပ်ဆောင်ပါသနည်း။ တစ်စုံတစ်ရာအတွက်လော။ ထိုသို့မဟုတ်ဘဲ ကျွန်တော်တို့အားလုံးအတွက် အာမခံရှိရန်အတွက် ကိုယ်စားပေးခြင်းသာဖြစ်သည်။ ထိုကိုယ်စားပြုခြင်းကို ဘုရားသခင်သည် လက်ခံတော်မူခဲ့ပြီ။ နံ့သာပေါင်းမီးရှို့ရာ ယဇ်ပလ္လင်၏ အရိပ်အဖြစ် ကိုယ်စားပြုခြင်းဖြင့် ဘုရားသခင်၏အလိုတော်နှင့်အညီ ခရစ်တော်သည် အသက်ရှင်ခဲ့ခြင်းသာဖြစ်သည်။

# ရှေ့တော်မုန့်စားပွဲ

ဘုရားသခင်၏ လက်တော်အောက်မှ ယဇ်ပုရောဟိတ်ဘဝသို့ လျှောက်လှမ်းခဲ့ပြီး နောက်တွင် သန့်ရှင်းရာဌာနထဲသို့ လျှောက်လှမ်းရမည်ဖြစ်သည်။ တဲတော်တွင် အခန်း(၂)ခန်း သာရှိပြီး သန့်ရှင်းရာဌာနတော်နှင့် အသန့်ရှင်းဆုံးဌာနတို့ဖြစ်သည်။ သန့်ရှင်းစွာ လျှောက်လှမ်းပြီးသည့်နောက်တွင် ရှေ့တော်မုန့်စားပွဲကို မြင်တွေ့ရမည်ဖြစ်သည်။ ရှေ့တော်မုန့်စားပွဲပေါ်တွင် မုန့်(၁၂)လုံးရှိရပြီး ဥပုသ်နေ့တိုင်းတွင် ယဇ်ပုရောဟိတ်များမှ စားရမည်။ မုန့်ဆိုရာ၌ ခရစ်တော်ကို ပုံဆောင်သည်။ ခရစ်တော်ကိုယ်တော်တိုင်မှ ငါသည် အသက်မုန့်ဖြစ်သည်ဟု (ယောဟန် ၆း၃၅) တွင် ဆိုထားသည်။ အပတ်စဉ်တိုင်း မုန့်(၁၂)လုံးကိုဖုတ်ရာတွင် ယဇ်ပုရောဟိတ်များသည်လည်း ပါဝင်ကြရသည်။ ထိုမုန့်ကို ဥပုသ်နေ့တွင် စားရသည်။ ဤအရာသည် ခရစ်တော်၏ အသားတော်ကို စားခြင်းဖြစ်သည်။ (ယောဟန် ၁၀း၁၀) တွင် ငါသည် အသက်နှင့်ပြည့်စုံစေခြင်းငှာ လာသည်ဟု ခရစ်တော်က မိန့်မှာမူခဲ့သည်။ ယနေ့ ရှေ့တော်မုန့်စားပွဲသည် ခရစ်တော်ကိုလက်ခံရရှိပြီး အသက်နှင့် ပြည့်စုံသည်နှင့်အမျှ ကြွယ်ဝသောအသက်တာနှင့်အတူ ခရစ်တော်ကို ပုံဆောင်သည်။ ဘုရားသခင်၏ရှေ့မှောက်တွင် အသက်မုန့်ဟူသော ခရစ်တော်မပါလျှင် လျှောက်လှမ်းခွင့် မရှိပေ။ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်ကို လက်ခံသည်နှင့်အမျှ အသက်နှင့်ပြည့်စုံခြင်း အခွင့်ရှိ၏။ ရှေ့တော်မုန့်စားပွဲသည်လည်း ရွှေအစစ်ဖြင့်ပြုလုပ်ထားသည်။ ဤသည်လည်း ခရစ်တော်ကို ပုံဆောင်ပြီး ခရစ်တော်တစ်ပါးတည်းသာ အသက်မုန့်ဖြစ်ကြောင်းကို ပုံဆောင်သည်။



တဲတော်ကို နေ့စဉ်လိုက်လျှောက်ခြင်းအားဖြင့် သင့်အသက်တာကို ပြောင်းလဲစေမည် ဖြစ်သည်။

ဘုရားသခင်သည် သူ့ရဲ့လူမျိုးတော်တို့ကို တစ်စုံတစ်ရာမတိုင်မီ နေရာတိုင်း၌ ဆုတောင်းရန် ခေါ်ဖိတ်တော်မူခဲ့သည်။ ထိုသို့ ခေါ်ဖိတ်ရခြင်းသည် ခရစ်တော်အားဖြင့် ပြီးပြည့်စုံစေခဲ့ပြီးသော အရာများကို လက်ခံယုံကြည်ရန်အတွက် အခွင့်ထူးပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ကြီးမြတ်သော ယဇ်ပုရောဟိတ် မင်းကြီးသည် အသေခံ၍ ခံသည်သာမက သေခြင်းမှ ရှင်ပြန်ထမြောက်၍ ဘုရားသခင်၏ လက်ျာတော် ဘက်၌နေလျက်၊ ငါတို့အဖို့ ဆုတောင်းသောသူကား ခရစ်တော်ပေတည်း။ (ရော၊ ၈း၃၄)။

သခင်ယေရှုခရစ်တော်သည် စဉ်ဆက်မပြတ် ဖခမည်းတော်ထံမှ နည်းခံခြင်းအားဖြင့် ခြားနားသော ဉာဏ်တော်ကို တိုက်ရိုက်လက်ခံခဲ့သည်။ သခင်ယေရှုခရစ်တော်၏ ဆုတောင်းခြင်းအသက်တာသည် တန်ခိုးအရှိန်ကြီးသောကြောင့် နောက်လိုက်တပည့်တော်မှ မည်ကဲ့သို့ဆုတောင်းရမည်ကို သွန်သင်ပေးခဲ့ရန် တောင်းလျှောက်တော်မူခဲ့သည်။ သခင် ယေရှုခရစ်တော်သည် ဆုတောင်းခြင်း၌ သူ့ဘဝနစ်မြုပ်စေခဲ့သည်မှာ စစ်မှန်သော နောက်လိုက်တပည့် ပေါ်ထွန်းလာရေးအတွက်ပင်ဖြစ်သည်။ ဆုတောင်းရာတဲတော်သည် လည်း သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်ခြင်းသည်သာဖြစ်သည်။ ဆုဆောင်းရာ တဲတော်၌လည်း ဆုတောင်း ချက်များသည်ပင်လျှင် ယဇ်ပုရောဟိတ်မင်းကိုယ်စားပြုသော သခင်ခရစ်တော်ထံ၌သာ သက်ရောက်လျက်ရှိသည်။ ဘုရားသခင်၏မျက်မှောက်တော်၌ ပို၍နက်နဲလေးနက်သော ဆုတောင်းခြင်းဖြင့် တိုးဝင်ချဉ်းကပ်ရမည်ဖြစ်သည်။ ဤကမ္ဘာ လောကကြီးတွင် ကျေနပ်စေနိုင်သောအရာ မရှိသောကြောင့် အတွင်းလူကို ဆာငတ်စေလျက် ဘုရားသခင်ထံ ဝင်ရမည်ဖြစ်သည်။ ဘုရားသခင်သည် လှည့်စားခြင်းမျိုးမရှိဘဲ နေ့စဉ် အသက်တာ၌ သူ့ရဲ့စိတ်တော်နှင့် ကျွန်ုပ်တို့ကို တွေ့ထိစေလိုသည်။

အကျွန်ုပ်ခံရသော ဒုက္ခကြောင့် အကျွန်ုပ်မျက်စိသည် ပျက်ပါ၏။ အိုထာဝရဘုရား ကိုယ်တော်ကို အစဉ်အော်ဟစ်ပါ၏။ အထံတော်သို့ လက်ကိုဆန့်ပါ၏။ (ဆာ၊ ၈၈း၉)။

သူတို့သည် တရားကျင့်သောအမျိုး၊ မိမိဘုရားသခင်၏ ပညတ်တို့ကို မစွန့်သောအမျိုး ကဲ့သို့ နေ့တိုင်း ငါ့ကိုရှာ၍ ငါ၏တရားလမ်း၌ မွေ့လျော်ကြသည်တကား။ ဖြောင့်မတ်စွာ တရားစီရင်ချက်တို့ကို ငါ့ထံမှာ အစဉ်မေးမြန်း၍ ဘုရားသခင်ထံသို့ ချဉ်းကပ်ရာ၌ မွေ့လျော်ကြသည်တကား။ (ဟေ၊ ၅၈း၂)။

ယဇ်ပုရောဟိတ်မင်းသည် နေ့စဉ် မီးရှို့ရာ ယဇ်ပူဇော်ခြင်းဝတ်ကို ထာဝရဘုရားသခင်အား ဆက်သရသည်။ သခင်ယေရှုခရစ်တော်သည်လည်း ရှင်လုကာ ၁၁း၃ တွင် အသက်မွေးလောက်သော အစာကို အကျွန်ုပ်တို့အား နေ့ရက်အစဉ်အတိုင်း ပေးသနားတော်မူပါရန် တောင်းလျှောက်စေခဲ့သည်။ ဆုတောင်းရာတဲတော်၌ မိမိကိုယ်တိုင်လျှောက်လှမ်းရာတွင် အချိန်တိုင်း အသစ်သောရှုပါရုံနှင့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၌ မိမိသည် မည်ကဲ့သို့ ကျွမ်းဝင်မှုရှိကြောင်းကို သာ၍နက်နဲစွာ နားလည်မြင်တွေ့ခဲ့ရပါသည်။

ဒါဝိဒ်ရှင်ဘုရင်သည်လည်း တဲတော်၏ နက်နဲရာအကြောင်းကို ကောင်းစွာနားလည်ခဲ့သောကြောင့် ထာဝရဘုရားအား စိတ်နှလုံးအကျွမ်းမဲ့ဖြင့် ချီးမွမ်းကိုးကွယ်ခဲ့သည်။ ဆာလံ၊ ၂၇း၄ တွင် မြွက်ဆိုခဲ့သည်မှာ ''ထာဝရဘုရား၏ တင့်တယ်ခြင်းအသရေတော်ကို ဖူးမြင်၍၊ ဗိမာန်တော်၌ မေွ့လျော်ခြင်းအလို့ငှာ၊ ထာဝရဘုရား၏ အိမ်တော်မှာ တစ်သက်လုံး နေရမည်အကြောင်းတည်းဟူသော အခွင့်တစ်ခုကို ထာဝရဘုရား၌ ငါဆုတောင်းပြီ''။ ထိုအခွင့်ကို ရှာရဦးမည်။ ဤအရာများသည် နေ့စဉ် အသက်တာ၌ ပူဇော်ရန် ယခင်ပလ္လင်သာဖြစ်ပြီး ဘုရားသခင်သက်ရောက်စေသော စစ်ကြောခြင်းသာဖြစ်သည်။ ဘုရားသခင်သည် ကမ္ဘာလောကကြီးကို အောင်နိုင်ရန်နှင့် ရန်သူကိုပင် မှောက်လှန်နိုင်ရန် တည်ဆောက်ပေးလျက်ရှိသည်။ ဦးစွာပထမ သင်ယူခြင်း၊ ပေါင်းစည်းခြင်း၊ တစ်လုံးတဝတည်းဖြစ်ခြင်းဖြင့် တတ်စွမ်းနိုင်သော ဘုရားသခင်၌ လုံးဝဆက်ကပ်ရမည်ဖြစ်သည်။ တစ်စုံတစ်ရာအတွက်ဖြစ်စေကာမူ ထာဝရဘုရား၌ ဆိုင်ကိုင်ခြင်းမရှိပါက ကျွန်ုပ်တို့ကို ထိုအရာကပင် ဖျက်ဆီးမှောက်လှန်မည်ဖြစ်သည်။

သခင်ယေရှုခရစ်တော် မိန့်မှာခဲ့သည်မှာ ''သင်တို့အသက်ရှင်နိုင်မည့်အကြောင်း ငါ့အသက်ကို ငါပေးပြီ'' ဘုရားသခင်၏ မျက်စိတော်၌ တန်ဖိုးကြီးသော အသက်တာအားဖြင့် ကျီစယ်ခြင်းမပြုကြနှင့်။ ထာဝရဘုရားအား ယုံကြည်ကိုးစား၍ သူ့စကားတော်ကို လိုက်လျှောက်နာခံကြလော့။ စစ်ကြောခြင်း မခံယူဘဲ ကျွန်ုပ်တို့အသက်တာ၌ သက်သေမထူနိုင်ပါ။ သင်၌ အပြစ်တစ်စုံတစ်ခုမရှိသေးသည့်တိုင် သခင်ခရစ်တော်သည် စုံစမ်းနှောက်ယှက်ခြင်းများကို အောင်နိုင်တော်မူခဲ့သည်။ သင်တို့သည်လည်း ထပ်ကြပ်မကွာငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင် ထိုသို့သောအောင်နိုင်ခြင်းကို ရကြလိမ့်မည်ဟု သခင်ယေရှု မိန့်တော်မူခဲ့သည်။ (ယောဟန်၊ ၁၅း၇)။ သခင်ယေရှုခရစ်တော်သည်



## ရွှေမီးစုံ

ရှေ့တော်မုန့်စားပွဲမတိုင်မီ စောစီးစွာသိကြရသည်နှင့်အညီ သင်သည် တဲတော်၏ သန့်ရှင်းရာဌာနတော်ရှိ ရွှေမီးခုံ၌ လျှောက်ခဲ့ဖူးပြီလော။ သို့သော် ထို (Menorah) ဟု ခေါ်သော ရွှေမီးခုံသည် သင့်လက်ဝဲဘက်တွင်ရှိသည်။

ရွှေမီးခုံတွင် ခက်ရင်းထိပ်ချွန် ခုနစ်(၇)ချောင်းပါရှိပြီး တဖက်စီတွင် (၃)သုံးချောင်းစီ ပါရှိကာ အလယ်တွင် (၁)တစ်ချောင်းရှိသည်။ အလယ်ရှိအချွန်သည် ခရစ်တော်ကို ပုံဆောင်ပြီး တစ်ဖက်စီမှ (၃)သုံးခုပေါင်း (၆)ခြောက်ခုတို့သည် လူကိုပုံဆောင်သည်။ လူသား၏ နံပါတ်စဉ်မှာ နံပါတ်(၆)ခြောက်ဖြစ်သည်။ လူသည် ဘယ်သောအခါမှ ခရစ်တော်မပါဘဲ နံပါတ်(၇)ခုနစ် မရနိုင်ပါ။ ခရစ်တော်ရရှိပြီးမှသာ နံပါတ်(၇)ခုနစ် ဖြစ်နိုင်မည်။ ဤသည်မှာ ရွှေမီးခုံ၏ ထူးခြားချက်ပင်ဖြစ်သည်။ ရွှေမီးခုံသည် ရွှေစင်အတိဖြင့် လုပ်ထားသည်။ တနည်းအားဖြင့် ရွှေမီးခုံရှိ ချွန်ထက်သောအရာများသည် ဂဟေဆော်ထားသောအရာများမဟုတ်၊ ရှုပ်ထွေးနေသောအရာလည်းမဟုတ်သောကြောင့် ပြောရခြင်းဖြစ်သည်။ အားလုံးသော ရွှေမီးခုံသည် ရွှေတုံးတစ်တုံးတည်းသာဖြစ်သည်။ ယနေ့ လက်မှုပညာရှင်တို့သည်ပင်လျှင် ထူးခြားသော ထိုရွှေမီးခုံကဲ့သို့သော အရာကို မပြုလုပ်နိုင်ကြပေ။ သိရှိကြခြင်းလည်း မရှိပေ။ ထိုရွှေမီးခုံသည် ခရစ်တော်သည် ဤလောက၏ အလင်းဖြစ်ကြောင်းကို ပုံဆောင်သည်။ ယေရှုကိုယ်တိုင်က ငါသည် ဤလောက၏ အလင်းဖြစ်သည်ဟု (ယောဟန် ၈း၁၂) တွင် ရေးထားသည်။ ဤသည်မှာလည်း ရွှေမီးခုံ၏ ပုံဆောင်ချက်ဖြစ်သည်။ နေ့တိုင်း ယဇ်ပုရောဟိတ်သည် ဆီအသင့်ဖြည့်ထားသော မီးစာနှင့်အတူ တဲတော်သို့ လာရမည်ဖြစ်သည်။ တစ်ပတ်(၇)ရက်စီတွင် ဤကဲ့သို့ လုပ်ဆောင်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တဲတော်တစ်ခုလုံးရှိ သန့်ရှင်းရာဌာနတော်တွင်ရှိသော တစ်ခုတည်းသော ရွှေမီးခုံဖြစ်သောကြောင့် ဖြစ်သည်။ သည့်ပြင် အခြားသောမီးခွက်မရှိသည့်အပြင် ပြတင်းပေါက်လည်းမရှိပေ။ နားလည်ရမည့်အရာတစ်ခုမှာ ခရစ်တော်မှလွဲ၍ အခြားအလင်းမရှိခြင်းကြောင့် ဖြစ်သည်။ ခရစ်တော်သည်သာ တစ်ပါးတည်းသော ဤလောက၏ အလင်းရှင်ဖြစ်သည်။ ခရစ်တော်မပါလျှင် လောကတစ်ခွင်လုံး မှောင်မဲနေမည်သာဖြစ်သည်။

## ကြေးဝါအင်တုံ



ယဇ်ပူဇော်ရန် တဲတော်ဝန်းရှိ ကြေးဝါယဇ်ပလ္လင်သို့လာသူတိုင်း ချက်ချင်း မြင်တွေ့နိုင်သော အရာတစ်ခုမှာ တဲတော်နှင့်ယဇ်ပလ္လင်ကြားတွင်ရှိသော ကြေးဝါအင်တုံသာဖြစ်သည်။ ယဇ်ပုရောဟိတ်သည် သန့်ရှင်းရာဌာနတော်သို့ လာရောက်တိုင်း ၎င်းကြေးဝါအင်တုံတွင်သာ ခြေလက်များဆေးရသည်။ ကြေးဝါဇလုံတွင် ဆေးကြောရင်းနဲ့ပင် မှန်ကဲ့သို့ မိမိကိုယ်ကို လုံးဝမြင်တွေ့နိုင်မည်။ ဤအရာသည်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပုံဆောင်သည်။ အလွန်ပင်လှပကြည်နူးဖွယ်ကောင်းသော အရာဖြစ်သည်။ ယဇ်ပုရောဟိတ်တိုင်း ထိုကြေးဝါအင်တုံတွင် မိမိ၏ ခြေ၊ လက်များကို ဆေးကြောရခြင်းသည် တန်ခိုးကြီးသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် မိမိကိုယ်ကို သန့်စင်ရမည်ကို ပုံဆောင်သည်။ အကယ်၍ မိမိ၏ ခြေ၊ လက်များကို ဆေးကြောခြင်းမရှိဘဲ တဲတော်သို့ဝင်ရန် ကြိုးစားမည်ဆိုလျှင် တဲတော်ဝန်းတွင်း၌ပင် ချက်ချင်းသေမည်ဖြစ်သည်။ တချို့သောသူများ ဆိုနိုင်သည်မှာ အကြိမ်ပေါင်းများစွာ ခြေ၊ လက်များ ဆေးကြောသော်လည်း အကြောင်းမထူးပေ။ ထိုသို့မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်တည်ရှိရာ မျက်မှောက်တော်တွင် သွားနေရသောကြောင့် ဖြစ်သည်။ ကြေးဝါယဇ်ပလ္လင်အလွန်တွင် တစ်ခုတည်းသော လုပ်ဆောင်ရမည့်အရာမှာ နှုတ်ကပတ်တော်ရေဖြင့် ဆေးကြောခြင်းပင်ဖြစ်သည်။ ကြေးဝါဇလုံသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပုံဆောင်နေ၍သာဖြစ်သည်။ ယနေ့ ဤသင်ခန်းစာကိုဖတ်တိုင်း သင့်အသက်တာ၌ ကောင်းကြီးမင်္ဂလာခွန်အားနှင့် ပြည့်စုံခြင်း အကူအညီရခြင်း စသည့်အရာများ ခံစားရမည်ဖြစ်သည်။ ပထမဆုံးအနေဖြင့် အရေးကြီးဆုံးသောအရာမှာ ကြေးဝါယဇ်ပလ္လင်နှင့် ကြေးဝါအင်တုံသာဖြစ်သည်။



သူ့အသွေးတော်ကို သွန်းလောင်းတော်မူခဲ့သောကြောင့် ထိုအသွေးတော်အားဖြင့် ကြုံတွေ့နေရသော ခဲယဉ်းခြင်းများ အသက်တာကို ကျော်လွှားနိုင်ကြမည်ဖြစ်သည်။

သင်တို့ကို အကြောင်းပြု၍ ကျေးဇူးတော်ကို အစဉ်မပြတ် ချီးမွမ်းလျက်၊ သင်တို့အဖို့ အလို့ငှာ ဆုတောင်းပဌနာပြုလျက်နေ၏။ ဆုတောင်းသောအချက်ဟူမူကား၊ ငါတို့သခင် ယေရှုခရစ်၏ ဘုရားသခင် ဖြစ်တော်မူသော ဘုန်းကြီးသော အဘခမည်းတော်သည် ကိုယ်တော်မြတ်ကို သိခြင်းအလို့ငှာ ပညာကိုငှ၎င်း၊ ထိုးထွင်းဉာဏ်ကိုငှ၎င်း၊ သင်တို့အား ပေးပါမည်အကြောင်း၊ ခေါ်တော်မူသောကြောင့် မျှော်လင့်ရသော အရာကား၊ အဘယ်အရာ ဖြစ်သည်ကိုငှ၎င်း၊ သန့်ရှင်းသူတို့သည် ခံရသောအမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှ လောက်ကြီးသည်ကိုငှ၎င်း၊ ယုံကြည်သောငါတို့၌ ပြတော်မူသည့် အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကိုငှ၎င်း၊ သင်တို့သည် သိစေခြင်းငှာ၊ သင်တို့၏ ဉာဏ်မျက်စိ ကို လင်းစေပါမည်အကြောင်း ဆုတောင်းပဌနာပြု၏။ ထိုတန်ခိုးတော်ကား ခရစ်တော်ကို သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူ၍ ခရစ်တော်၏ ပြုပြင်သော မဟာတန်ခိုးအာနုဘော်အရှိကဲ့သို့ ဖြစ်၏။ ခပ်သိမ်းသော အထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး၊ အစိုးရခြင်းမှစ၍ ယခုဘဝ၊ နောင်ဘဝ၌ ခေါ်ဝေါ် သမုတ်သော ဘွဲ့နာမ အလုံးစုံတို့ထက်၊ ကောင်းကင်အရပ်၌ မိမိလက်ျာတော်ဘက်မှာ အလွန်မြင့်မြတ်သော နေရာကို ခရစ်တော်အား ပေးတော်မူ၍၊ ခြေဖဝါးတော်အောက်သို့ အလုံးစုံတို့ကို ချထားသဖြင့်၊ အသင်းတော် အဖို့အလို့ငှာ၊ သူ့ကို အလုံးစုံတို့၏ အချုပ်အခြာ ဦးခေါင်း ဖြစ်စေတော်မူ၏။ (ဖေက်၊ ၁း၁၆–၂၂)။

လေးစားကြည်ညိုဖွယ်ရာ ယုံကြည်ခြင်းဖခင်ကြီးများ အသက်တာအားဖြင့် အသက်တာကို ရောင်ပြန်ဟပ်စေရန် ကိုးကားဖော်ပြအပ်ပါသည်။

ဤသည်မှာ ဘုရားသခင် ပေးတော်မူသော သခင်ခရစ်တော်၏ စိတ်နှလုံးတော်လာ ‘‘ပင်တေကုတ္တေ’’ (Pentecost) ပင်ဖြစ်သည်။ ထိုအရာအတွက် ကြိုးပမ်းပါ။ ထိုအရာကို တိုက်တွန်းပါ။ ၎င်းအရာအတွက် ဆုတောင်းရန် တခြားသူကို သွန်သင်ပါ။ နှလုံးသား၏ လစ်ဟာမှုကို ထိုအရာကသာ ဖြည့်ဆည်းပေးနိုင်သည်။ အမှောင်ထုကို ဤအရာကသာ ဖြိုချမှောက်လှန်နိုင်သည်။ ဆုတောင်းပါ။ ဆုတောင်းပါ။ ဆုတောင်းပါ။ ဆုတောင်းရန် လူတွေကိုသင်ပေးပါ။ ဆုတောင်းခြင်းမှ ပို၍ဆုတောင်းခြင်း၊ ခိုင်ခံ့သောဆုတောင်းခြင်း

သည်သာ ဘုရားသခင်၏ စိတ်တော်ကို တွေ့စေသော တံခါးဝင်ပေါက်ဖြစ်ကြောင်း ဂျွန်ဂျီလိတ် (John G.Lake) မှ ပြောခဲ့သည်။

တနေ့တွင် ဆုတောင်းခြင်းကို နှစ်သက်သည့် ဆရာကြီး ရိုးဘတ် (Robert) သည် တောင်ကိုးရီးယားနိုင်ငံရှိ (Yoido Full Gospel Church)၏ သင်းအုပ် Dr. David Yonggi Cho အား မေးခွန်းမေးခဲ့သည်မှာ ''Dr. Cho, အသင်းတော်၏ ကြီးထွားရေးအတွက် သင့်ရဲ့လျှို့ဝှက်ချက်ကဘာလဲ? ဟု မေးခဲ့ရာ Dr. Cho မှ လက်ချောင်း(၃)ချောင်းကို ထောင်ပြလျက် ၁။ ဆုတောင်းခြင်း ၂။ ဆုတောင်းခြင်း ၃။ ဆုတောင်းခြင်း၊ ဤသည်ကသာ ငါ့ရဲ့လျှို့ဝှက်ချက်ဟု ဖြေကြားခဲ့ဖူးသည်ဟု ဆို၏။

ဆုတောင်းခြင်း၌ ပျော်မွေ့သူ ဆရာကြီးနှစ်ပါးကဲ့သို့ စဉ်ဆက်မပြတ် ဝမ်းမြောက်စွာ ဆုတောင်းရာ တဲတော်အားဖြင့် ချဉ်းကပ်လျှောက်လှမ်းနိုင်မှုအတွက် အထူးဂုဏ်ယူမိပါသည်။

''ကျွန်ုပ်ဘဝအတွက် အရေးကြီးဆုံးအချက်မှာ ဆုတောင်းခြင်းဖြစ်ပြီး၊ အကယ်၍ တစ်ရက်မျှသာ လစ်ဟာမှုရှိခဲ့မည်ဆိုလျှင် ကြီးမားသောဆုံးရှုံးမှုနှင့် ကြုံတွေ့ရမည်မှာ မလွဲပေ''ဟု မာတင်လူသာ (Martin Luther) မှ ပြောခဲ့သည်။

ကျွန်တော်သည် အလုပ်တာဝန်ကို မစတင်ခင် ဆုတောင်းခြင်း၌ နာရီပေါင်းများစွာ အသုံးပြုခဲ့သည်ဟု ဂျွန်ဝေစလီ (John Wesley) မှလည်း ပြောခဲ့ဖူးသည်။

## ဆုတောင်းခြင်းနှင့်သာသနာ

ကျွန်တော်တို့၏ ဆုတောင်းခြင်းသည် ကမ္ဘာအနှံ့တွင် ရောက်ရှိခြင်းသည် သာသနာလုပ်ငန်းတွင် တိုးပွားစွာ ရပ်တည်နိုင်ရေးအတွက်ဖြစ်သည်။ ယနေ့ သာသနာပြုသူများသည် ဆုတောင်းခြင်းတန်ခိုး လိုအပ်လျက်ရှိသည်။ အကြီးမားဆုံးသော သာသနာတွင်၏ တောင်းဆိုမှုမှာ ကိုယ်စားပြု ဆုတောင်းခြင်းပင် ဖြစ်သည်။ စေလွှတ်ခြင်းခံရသူများသည် ကမ္ဘာတစ်ဝှမ်းလုံးအတွက်သော်လည်းကောင်း၊ အသင်းတော်များအတွက်သော်လည်းကောင်း ဆုတောင်းရမည်ဖြစ်သည်။

ဆုတောင်းခြင်းသည် ဘဝလမ်းညွှန်ချက်ကို စိုးမိုးရုံသာမက အကျင့်စရိုက်ကိုပင် ပြောင်းလဲစေသည်။ ဆုတောင်းခြင်းသည် ဆုကျေးဇူးတော်များ၏ အထိန်းဖြစ်သည်။ ဆုတောင်းခြင်းသည် ဖြောင့်မတ်ခြင်းလမ်းစဉ်ကို ကြီးထွားစေပြီး ရိုးသားခြင်း၏ တစ်ခု



## ယဇ်ပူဇော်ခြင်း

ဤယဇ်ပူဇော်ခြင်းသည် အပြစ်သားတိုင်းအတွက် အလွန်ပင်အရေးကြီးသော တခုတည်းသော အရာဖြစ်သည်။ ယဇ်ကောင်အဖြစ်များသောအားဖြင့် သိုးသူငယ်သာ သုံးကြသည်။ အဘယ်ကြောင့်ဆိုသော် ဆိတ်၊ နွားမတန်း၊ နွားထီး၊ ချိုးငှက်များ ဖြစ်သင့်သော်လည်း ဗတ္တိဇံဆရာ ယောဟန်က ဤလောက၏ အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသူငယ် (ယောဟန် ၁း၂၉)ဟု ဖော်ပြတော်မူခဲ့သောကြောင့် သိုးသူငယ်ကို အများစုသုံးကြခြင်းဖြစ်သည်။ အပြစ်သားတိုင်းသည် အဝင်တံခါးပေါက်ဖြင့် ဝင်လျှောက်လာတိုင်း ခရစ်တော်ကို ပုံဆောင်သော သိုးသူငယ်ကို ကြေးဝါယဇ်ပလ္လင်သို့ ယူဆောင်လာရပြီး ယဇ်ပုရောဟိတ်မင်းကြီးအား ပေးရသည်။ အပြစ်သားတိုင်းသည် သိုးသူငယ်ယဇ်ကောင်ရှေ့တွင် လျှောက်လာရပြီး မိမိ၏အပြစ်ကိုယ်စား လက်နှစ်ဘက်ကို သိုးသူငယ်၏ ဦးခေါင်းပေါ်တွင် တင်ရသည်။ ထိုအပြစ်သားသည် မိမိ၏အပြစ်များကို လက်တင်ရင်း ဝန်ခံရသည်။ အပြစ်သားသည် ယဇ်ကောင်ကို ခုတ်စဉ်းရန် ထက်မြက်သောဓားနှင့် ချိုင့်ထဲတွင် အသွေးသွန်းပစ်ရန် လုပ်ဆောင်ရပါသလော။ ဟုတ်ကဲ့, လုပ်ဆောင်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ဤအရာများသည် သူ့အပြစ်ကိုယ်စားပြုရသောကြောင့် ဖြစ်သည်။ ဤသည်မှာ လက်ဝါးကပ်တိုင်ပေါ်တွင်ပြုခဲ့သော သိုးသူငယ်တည်းဟူသော ဘုရားသခင်၏ ယဇ်ကောင်ခရစ်တော်ကို ပုံဆောင်သည်။ သိုးသူငယ်ဆိုရာ၌ လုံးဝအပြစ်ကင်းစင်ပြီး ပြည့်စုံခြင်းကို ဆိုလိုသည်။

လျှို့ဝှက်ချက်အရာမှာ တိရစ္ဆာန်အသေကောင်ကို ယဇ်ပလ္လင်ပေါ်တွင်တင်ကာ ကိုယ်ခန္ဓာကို အပိုင်းပိုင်းဖြတ်ပြီး အူ၊ ကလီစာများကိုထုတ်ကာ မီးရှို့ရသည်မှာ အပြစ်သားတိုင်း၏ကိုယ်စား ခံပေးကာ အသက်ကိုပေးဆပ်ခဲ့သော သိုးသူငယ်ခရစ်တော်ကို ပုံဆောင်သည်။

ပုံဖော်ခြင်းကို ပုံဆောင်သည်။ သင်သည် သေချာ ယဇ်ပုရောဟိတ်တို့၏ ရင်ပတ်တွင် စိုက်ကြည့်သောအခါ ဣသရေလအမျိုး ၁၂ မျိုးကို ပုံဆောင်သော အဖိုးတန်ကျောက်မြတ်လုံး ၁၂ လုံး ဆွဲထားသည်ကို တွေ့ရမည်။ ဤသည်မှာ သင်နှင့် ကျွန်ုပ်သည် ခရစ်တော်၏ ရင်ဘတ်သီးဟူသော နှလုံးသားထဲတွင် တည်ရှိခြင်းကို ပုံဆောင်သည်။ ယဇ်ပရောဟိတ်ထက် သီးသပ်ရင်းနှီးမှုပင်ရှိသည်။

ယဇ်ပုရောဟိတ်များ၏ ဝတ်ရုံအောက်ပိုင်းတွင် ခေါင်းလောင်းငယ်ကလေးများ ဆွဲချိတ်ထားသည်။ အကြောင်းမှာ တစ်နှစ်တကြိမ် ပြုမြဲဖြစ်သော အသန့်ရှင်းဆုံးခန်းသို့ အပြစ်ဖြေရန် နေ့ရက်၌ ဝင်ရောက်လျှောက်ရာတွင် အသံပြုရန်ဖြစ်ပြီး ၎င်းဝတ်ရုံသည် ယဇ်ပုရောဟိတ်တစ်ဦးတည်း၏ အပိုင်မဟုတ်ပေ။ ဤသေသပ်လှပမြင့်မြတ်လှသော ဝတ်ရုံမပိုင်ဆိုင်ခြင်း၏ ဆိုလိုရင်းမှာ ကိုယ်တော်ဘုရား ရွေးနုတ်ကယ်တင်ခြင်းကို လှပသော ကြီးမားသော အဖိုးအခဖြင့် မဝယ်ယူနိုင်ပါကြောင်း ကိုယ်တော်သာလျှင် ဝယ်ယူလုပ်ပေးနိုင်စွမ်းရှိကြောင်း ဝတ်ရုံတော်မြင့်မြတ်ခြင်း ပုံဆောင်ချက်ဖြစ်သည်။ ယဇ်ပုရောဟိတ်မင်းကြီး အသန့်ရှင်းဆုံးခန်းမှ ပြန်ထွက်လာသောအခါတွင် သူပူဇော်ခဲ့သော ယဇ်ပူဇော်ခြင်းအား ဘုရားသခင်မှ လက်ခံခြင်းရှိမရှိ သိချင်၊ ကြားချင်သူ ဣသရေလ အမျိုးထောင်ချီ၊ ရာချီ တို့သည် တဲတော်၏အပြင်ဖက်ခန်းတွင် စောင့်နေကြသည်။ ယဇ်ပုရောဟိတ်မင်းကြီးသည် အသန့်ရှင်းဆုံးခန်းမှ ပြန်ထွက်လာသည်နှင့် ချက်ချင်း ဝတ်ရုံတော်အောက်ပိုင်းရှိ ခေါင်းလောင်းငယ်လေးအား အသံမြည်စေကာ ယဇ်ပူဇော်မှု ဘုရားသခင်မှ လက်ခံကြောင်း သိစေရသည်။ ထိုခေါင်းလောင်းသံလေးကြားလိုက်ရခြင်းဖြင့် ပရိတ်သတ်တို့သည် ဝမ်းမြောက်ပီတိဖြစ်နေကြသည်။ အလားတူစွာပင် သခင်ခရစ်တော်သည် ဘုရားသခင်လက်ခံတော်မူသော သင်နှင့်ကျွန်ုပ်၏ အကြီးမြတ်ဆုံးသော ယဇ်ပုရောဟိတ်မင်းကြီး ဖြစ်သည်။ ထိုယေရှုခရစ်တော်၌ မိမိကိုယ်ကိုယ် ယုံကြည်ခြင်းအားဖြင့် ဆက်ကပ်အပ်နှံကြရမည် ဖြစ်သည်။



တည်းသော ဖေးမမှုဖြစ်သည်ဟု အီးအမ်ဘွန်းစ် (E.M. Bounds) မှ ဆိုခဲ့သည်။

နိုးထအောင်မြင်မှုအတွက် နှစ်မျိုးနှစ်စားရှိသည်။ (၁) လူတွေကို လွှမ်းမိုးနိုင်ခြင်းနှင့် (၂) ဘုရားသခင်၌ အရှိန်ကြီးခြင်းတို့ ဖြစ်သည်။ သမ္မာတရားသည် လူသားများကို လွှမ်းခြုံနိုင်ရန် တန်ဆာဖြစ်ပြီး ဆုတောင်းခြင်းသည် ဘုရားသခင်ထံတော်ပါးသို့ သက်ရောက်လျက်ရှိသည်ဟု ချာလ်လဲစ် ဖိုင်နီ (Charles Finney) မှ ပြောခဲ့သည်။

ဘုရားသခင်၏ နိုင်ငံတော် (ဝါ) အသင်းတော်အတွက် မိမိအသက်တာကို ရင့်ကျက်စေပြီး ဆက်ကပ်သောသူသည် ဘုရားသခင်မှ ဆုတောင်းသောသူဟု သတ်မှတ်လျက်ရှိသည်။ ဆုတောင်းခြင်း ကင်းမဲ့သော ခရစ်ယာန်များသည် တန်ခိုးအာဏာကင်းမဲ့လျက်ရှိသည်ဟု ဘီလီကရာဟမ် (Billy Graham) မှလည်း ဆွေးနွေးခဲ့ဖူးသည်။

လူသားမျိုးနွယ်စုတို့သည် တန်ခိုးအာဏာကိုသာ ကိုးရှိုးတတ်ကြသည်။ ဆုတောင်းခြင်းသည်လည်း လူသားများကို တန်ခိုးအရှိန်ကြီးမားစေသည်ဟု (Lester Sumrall) လဲစ်ဆမ်ရာလ်မှ ပြောခဲ့ဖူးသည်။

''ဆုတောင်းအားနည်းလေ နေရာတကာ အကျိုးနည်းလေ'' ''လူတို့သည် အကြံသာပေးတတ်၏။ ဘုရားသခင်မူကား လမ်းပြရှင်ဖြစ်တော်မူ၏။''

''အပြစ်၌ နစ်မွန်းနေသူသည် ဆုတောင်းခြင်းကို ရပ်တန့်သွားတတ်သည်။

''ဆုတောင်းအားကြီးသောသူသည်လည်း အပြစ်ကျူးလွန်ခြင်းကို ရပ်တန့်တတ်၏''

ပင်တေကုတ္တေပွဲနေ့ခေတ်မှစ၍ အသင်းတော်၌ ဆုတောင်းခြင်းကင်းမဲ့ပြီး တိုင်းနိုင်ငံများသည် ခဲယဉ်းခြင်းနှင့် ကြုံတွေ့နေကြရသော်လည်း ဘုရားသခင်၏မေတ္တာသည် ရွေ့လျားခြင်းမရှိပေ။

''တတ်စွမ်းနိုင်သူများသည် လကမ္ဘာသို့တက်၍ ရဲရင့်သူများပင် သမုဒ္ဒရာထဲသို့ လျှောက်စေကာမူ ပညာရှိသောသူများမူကား ဘုရားသခင်နှင့်သာ လျှောက်လှမ်းခဲ့ကြသည်။

ဖျော်ဖြေတင်ဆက်ခြင်းသည် ပျော်ရွှင်စေရန်အတွက် မိစ္ဆာညာဉ်သာဖြစ်သည်။

ဆုတောင်းသောအသက်တာထက် ကြီးမြတ်သောသူမရှိပါ။ ဆုမတောင်းသော ဓမ္မဆရာသည် ကစားနေသူ (not praying is playing) သာဖြစ်ပြီး၊ ဆုမတောင်းသောသူသည် လမ်းပျောက်သူ (not praying is straying) သာ ဖြစ်သည်။ တင်ဆက်သူများသော်လည်း တက်ကြွသူနည်းလှ၏။ ကစားသမားနှင့် ပေးသူများသော်လည်း ဆုတောင်းသူ

နည်းလှ၏။ အဆိုတော်များသော်လည်း တွယ်ဖက်သူ (many singers, few clingers) နည်းလှ၏။ ဓမ္မဆရာများသလောက် ရင်ဆိုင်သူ (lots of pastors, few wrestlers) နည်းလှ၏။ ကြောက်ရွံ့ခြင်းများသလောက် မျက်ရည်ကျသူ (many fears, few tears) နည်းပါး၏။ ခေတ်စားသူများသလောက် သည်းခံသူ (much fashion, little passion) နည်းပါး၏။ ဖျက်ဆီးသူများသလောက် ကိုယ်စားပြုပေးသူ နည်းပါး၏။ စာရေးဆရာများသလောက် ခိုက်ရည်ကောင်းသူ နည်းပါး၏ ဤအရာများသည် ကျဆုံးခြင်းသက်သက်သာ ဖြစ်သည်။

ဆုတောင်းခြင်း၌ အရေးကြီးဆုံးသည် ယုံကြည်ရန်သာဖြစ်သည်ဟု (Leonard Ravenhill) လီယွန်နာ ရာဝဲင်ဟီးလ်က ဆို၏။

ဆုတောင်းခြင်းများစွာယူပြီးနောက် သန့်ရှင်းသောဝိညာဉ်တော်၌ မီးငြိမ်းရှိစေရန် ခရစ်တော်သည် ကျွန်တော်တို့အတွက် ကိုယ်စားပြုခြင်းအရာဖြင့် အဆုံးသတ်ပါရစေ။ သခင်ယေရှုခရစ်တော်၏ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းသည် ကျွန်ုပ်၏ ငြိမ်သက်ခြင်းအတွက်သာဖြစ်သည်။ ကျွန်ုပ်အတွက်နှင့် ကျွန်ုပ်၏အထံ၌ ငြိမ်ဝပ်မည့်အကြောင်း ထိုသခင်သည် ယခုတွင် ကောင်းကင်ဘုံ၌ နေရာယူလျက်ရှိသည်ဟု (David Wilkerson) မှ ပြောခဲ့သည်။

ဒူးအထောက်နိုင်ဆုံးလူသည် အကောင်းဆုံးရပ်တည်နိုင်သူသာ ဖြစ်သည်။ ကြီးမားသော ဘုရားသခင်၏ လှုပ်ရှားမှုတိုင်းသည် ဒူးထောက်ခြင်း၏ တွေ့ရှိချက်သာ ဖြစ်သည်ဟု (D.L - Moody) တီအေးလ်မူးတီမှ ပြောခဲ့ဖူးသည်။

ဒူးထောက်ခြင်း၌သာ ရှေ့သို့တိုးနိုင်မည်ဟု (Hudson Taylor) ဟတ်ဆင်တေးလားမှလည်း ပြောခဲ့သည်။

သင်သည် စိတ်နှလုံးအကျွမ်းမဲ့နှင့် ဆုတောင်းရမည်။ ဤသို့ဆိုရာတွင် သင်၏ ဆုတောင်းခြင်း၊ ငေးမောထိုင်နေခြင်း၊ ဘုရားကျောင်း၌ မျက်စိဖွင့်ခြင်း စသည်များကို ပြောဆိုခြင်းမဟုတ်၊ ဆိုလိုသည်မှာ ပြင်းထန်ခြင်း၊ ထိရောက်ခြင်း၊ မောပန်းခြင်းကင်းမဲ့စွာ ဘုရားသခင်နှင့် လုံးထွေးခြင်း စသည်တို့ဖြစ်သည်။ ဤကဲ့သို့သော ဆုတောင်းခြင်းသည်သာ လောကီဆန်ခြင်းနှင့် တွန်းလှန်နိုင်မည်ဖြစ်သည်။ မီးတောက်မီးလျှံ၌သာ ရေလောင်းလျက်ရှိစမြဲဟု (William Booth) ဝေလျံဘွတ်က ပြောခဲ့သည်။





ဤကြေးဝါယဇ်ပလ္လင်သည် တဲတော်၏ အသန့်ရှင်းဆုံးခန်းရှိ အရေးကြီးဆုံးကဏ္ဍဖြစ်သော ကြေးဝါဇလုံ၊ ပဋိညာဉ်သေတ္တာဟု ငြင်းဖွယ်ရှိသည်။ ကောင်းပါပြီ။ ပဋိညာဉ်သေတ္တာသည် တကယ်ပင် အရေးကြီးဆုံးဖြစ်သည်။ သို့သော် ထိုပဋိညာဉ်သေတ္တာတော်ကို ပထမဆုံး ကြေးဝါယဇ်ပလ္လင်နှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းမရှိသေးဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရရှိခံစား ကြုံတွေ့ခွင့် မရှိချေသည်ကို နားလည်ရမည်ဖြစ်သည်။ ကြေးဝါယဇ်ပလ္လင်သည် အဓိကအရာအားလုံး၏ သော့ချက်သာဖြစ်သည်။ အကြောင်းမှာ သာမန်အပြစ်သားတိုင်း မိမိ၏ ယဇ်ကောင်နှင့် ယဇ်ပူဇော်ရန် အဝင်တံခါးဖြင့် ဝင်လာတိုင်း ပထမဆုံး တွေ့ရမည့်အရာမှာ ထိုကြေးဝါယဇ်ပလ္လင်သာဖြစ်သည်။ ထိုယဇ်ပလ္လင်မှ မီးသည် ငြိမ်းသွားသည်ဟူ၍ မရှိချေ။ ခုနစ်ရက်တစ်ပတ်တွင်း ၂၄ နာရီလုံးလုံး ဖွင့်နေသည်။ အချိန်တိုင်း၊ နေ့တိုင်း၊ ညတိုင်း သွားရောက်ပူဇော်နိုင်ကြသည်။ ဝင်လိုသူတိုင်း ဝင်ခွင့်ရှိသည်။ ဤသည်မှာ နှုးညံ့မပြတ် ဘုရားသခင်၏ မေတ္တာတရားသည် လူသားများအပေါ် ဆက်လက်စီးဆင်းနေကြောင်းနှင့် ဤကြေးဝါယဇ်ပလ္လင်သည် ခရစ်တော် အသေသတ်ခြင်းခံခဲ့ရသော လက်ဝါးကားတိုင်တော်ကို ပုံဆောင်လျက်ရှိသည်။

## ယဇ်ပုရောဟိတ်

ဣသရေလအမျိုးတို့၏ ယဇ်ပုရောဟိတ်သည် ခရစ်တော်ကို ပုံဆောင်သည်။ ထိုသူတို့ ဝတ်ဆင်ရသော ဝတ်ရုံတော်သည် လှပဆန်းကျယ်လှပါသည်။ အနည်းငယ်စဉ်းစားမည်ဆိုလျှင် ဤတင့်တယ်လှပသပ်ရပ်လွန်းသော ဝတ်ရုံတော်သည် ဝိညာဉ်တော်၏ လွှမ်းခြုံ

တွင်မူ ယဇ်ပူဇော်ရန် သိုးသူငယ်ဖြင့် လာကြရသည်။ ယခုတွင်မူ ယုံကြည်ခြင်းတစ်ခုတည်းဖြင့်သာ အဝင်တံခါးဝပုံဆောင်သော ဤလောက၏အပြစ်ကို ဆောင်သွားသော သိုးသူငယ်တော်တည်းဟူသော ခရစ်တော်ကို ယူတင်ဝတ်ဆောင်ရမည်သာဖြစ်သည်။ လွယ်ကူလွန်းသော ရိုးသားစွာ ဘုရားသခင်၏ လုပ်ဆောင်ချက်အပေါ် ဆင်ခြင်သုံးသပ်ကြပါစို့။ အကယ်၍ ၎င်းအဝင်တံခါးပေါက်သည် ကျဉ်းမြောင်းနေမည်ဆိုလျှင် ဝင်ရောက်ရန်ခက်ခဲနေမည်ဖြစ်သည်။ ထိုသို့မဟုတ် ကျယ်ဝန်းသော တံခါးပေါက်ပင်ဖြစ်ပြီး တဲတော်၏ရှေ့တွင် တင့်တယ်ခြင်းရှိကာ ပေ ၃၀ ကျယ်သည်။ ထို့ကြောင့်ပင် အပြစ်သားတိုင်း ယဇ်ကောင်နှင့်တကွ ဘုရားသခင်အား ကိုင်းရှိုင်းခြင်း အတူဝင်ရောက်နိုင်မည်ဖြစ်သောကြောင့် ဘုရားသခင်သည်လည်း ကောင်းကြီးပေးတော်မူမည်ဖြစ်သည်။

## ကြေးဝါယဇ်ပလ္လင်

ကြေးဝါယဇ်ပလ္လင်သည် ယဇ်ပူဇော်ရန် အဝင်တံခါးပေါက်သို့ ဝင်လာသည်နှင့် အပြစ်သားယုံကြည်သူတိုင်း ပထမဆုံး တွေ့မြင်ရမည့် ပလ္လင်တစ်ခုဖြစ်သည်။ ကြေးဝါယဇ်ပလ္လင်ဆိုရာ၌ ခရစ်တော်၏ လက်ဝါးကပ်တိုင်တော်တရားကို ပုံဆောင်လျက်ရှိသည်။ ယခု ထိုအရာကို စဉ်းစားကြည့်ကြပါစို့။ သိုးသူငယ်ကို သတ်ရပြီး ၎င်း၏အကောင်အား ယဇ်ပလ္လင်ပေါ်တွင် မီးရှို့ရကာ မီးတောက်မီးခိုးများသည် အထက်သို့ တက်သွားသည်။ ဤအရာသည် ဘုရားသခင်၏ တရားစီရင်ခြင်းကို ပုံဆောင်ပြီးသည်နှင့် အကျွန်ုပ်ကိုယ်စားနွားအပေါ်သို့ အပြစ်များ သက်ရောက်စေခြင်းဖြစ်သည်။ ကြေးဝါယဇ်ပလ္လင်ပေါ်တွင် ဦးချိုလေးချောင်းရှိကာ ၎င်းတို့သည် မြောက်ဖက်၊ တောင်ဖက်၊ အရှေ့ဖက်နှင့် အနောက်ဖက်တို့တွင် ရှိကြသည်။ ဤသည်တို့သည် ကမ္ဘာကြီးကို ပုံဆောင်လျက်ရှိသည်။ လူအနည်းငယ်အတွက်သာမဟုတ်ဘဲ လူသားမျိုးနွယ်စုအားလုံးကို ပုံဆောင်သည်။



ဤအရာသည် အံ့ဖွယ်ဖဘုရားသခင်၏ ကျေးဇူးတော်သာဖြစ်သည်။ သူတော်စင်တို့၏ ဆုတောင်းခြင်းသည် နိုင်ငံတော်အတွက် ငိုကြွေးခြင်းသော့ချက်ဖြစ်သည်။ ထူးခြားစွာ ဆုတောင်းသောသူများအတွက် ဘုရားသခင်သည် အလိုတော်နှင့်အညီ ကြီးမားစွာ ယေဇကျေလအားဖြင့် ပုံသွန်းခြင်းကဲ့သို့ အမှုပြုတော်မူလျက်ရှိသည်။ (ယေဇကျေ ၃၆း၃၇)။ ဘုရားသခင်သည် အလိုတော်နှင့်ပြည့်စုံသော အသင်းတော်အတွက် ကြီးမားစွာ အမှုပြုလိုသော ဘုရားဖြစ်သည်။

ဘုရားသခင်သည် မှတ်သားလောက်ဖွယ် ဝိညာဉ်တော် သွန်းလောင်းသော်မူသော ကျေးဇူးရှင်ဖြစ်သည်ဟု (Jonathan Edwards) က ပြောခဲ့သည်။

ဘုရားသခင်သည် ကြီးမားစွာ မေတ္တာပြုလိုလျှင် ဦးစွာဆုတောင်းစေလိုသော ဘုရားဖြစ်သည်ဟု (Matthew Henry) က ပြောခဲ့ဖူးသည်။

သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသည် ဆင်းသက်သော်မူသောအခါ လူသားများသည် မှတ်သွင်းခြင်းကို ခံယူလျက်ရှိကြသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ခဲယဉ်းသော သတိမဲ့သော သူများကို ရှာဖွေ၍ ထိုသူများ၏ စိတ်နှလုံးထဲတွင် ဝိညာဉ်တန်ခိုး ဆင်းသက်စေခြင်း၊ ပျိုးထောင်ပေးခြင်း၊ အိမ်တော်သို့ ဦးတည်စေခြင်း၊ မသိသောလမ်းမှ အားဖြည့်ပေးခြင်း၊ နှုတ်ကပတ်တော်ကို ကြားနာခြင်းအားဖြင့် တိုးပွားစေခြင်း စသည်တို့ဖြင့် ဖြည့်ဆည်းပေးလျက်ရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဖြည့်ဆည်းခြင်းများ မတိုင်မီကပင် ရှောင်လွှဲသင့်သောအရာနှင့် အရေးပါမှု အလုံးစုံတို့ကို သိတော်မူ၏။

တရားဟောစဉ်တွင်ပင် လေးနက်သော ပူဇော်ခြင်းဖြင့် သွန်သင်လျက် ယုံကြည်သူများအား သာသနာ့ကွင်းတွင် ထူးခြားစေလျက်ရှိသည်။ ခရစ်ယာန်အသိုင်းအဝိုင်းများသည် စုဝေးကြ၍ ဝိညာဉ်တော်၏ လွှမ်းမိုးခြင်းမရှိသည့်တိုင် အိမ်တော်သို့ ဆုတောင်းလိုကြသည်။ လေးနက်သော ဆုတောင်းခြင်း၊ လေးနက်သော ဟောပြောခြင်းများအတွက်မူ လေးနက်စွာ ခံယူသူ ရှိစမြဲပင်ဖြစ်သည်။ တန်ခိုးကြီးမားလှသော ဘုရားသခင်သည် မာကြောသော နှလုံးသားများကို ပျော့ပြောင်းစေ၍ နူးညံ့စေခြင်းဖြင့် သမ္မာတရားကို နားလည်စေသည်။ တခုတည်းသော လုပ်ဆောင်ချက်မှာ ဝိညာဉ်တော်သည် လူသားများ၏ စိတ်နှလုံးထဲတွင် လှုပ်ရှားတော်မူလျက်ရှိသည်။

ချစ်လှစွာသော ဓမ္မမိတ်ဆွေတို့ – ကျွန်တော်တို့အနေဖြင့် ကြိုးစားသော်လည်း

ဘုရားသခင်၏ အကြံအစည်သည် မသိသောကြောင့် ကောင်းကြီးမင်္ဂလာတော်အတွက် ဆုတောင်းရမည်သာ ဖြစ်သည်။ (Exeter Hall, St Paul's Cathedral နှင့် Westminster Abbey) တို့၏ ဩစာညောင်းစွာ စုစည်းမှုတို့၌ပင် ထိရောက်ခြင်းမရှိခဲ့ကြောင်း သက်သေ တွေ့ရှိရသည်။ အကြောင်းမှာ ဆုတောင်းခြင်းမရှိဘဲ တရားမဟောသင့်ပေ။ ဆုတောင်း ခြင်းမရှိသော အသင်းတော်သည် ကျင့်စဉ်သာဖြစ်ပြီး ထိရောက်ခြင်းရှိမည်မဟုတ်ပေ။ ဂီတသံစဉ်နှင့် စုစည်းခြင်းများသည် ဘုရားသခင်အထံတော်သို့ ပြောင်းလဲခြင်းဖြစ်ပေါ်စေရန် ဆုတောင်းခြင်း၌ ကျိုးနွံကြပါစို့။ ကြီးမားသောဖြစ်စဉ်ပေါ်၌သာ သွားလာခြင်းမရှိဘဲ ရှိသည့်အခြေအနေပေါ်မှ ဘုရားသခင်၌ လျှောက်လှမ်းခြင်းသည်သာ ကောင်းကင်တံခါးဝ ဖြစ်သော အိမ်တော်သို့ အရောက်လှမ်းနိုင်မည်ဟု (C.H. Spurgeon) က ဆိုသည်။

နိုးထခြင်းသည် ဘုရားသခင်၏ လူမှသာစတင်ပြီး ဝိညာဉ်တော်သည် ထိုသူတို့၏ နှလုံးသားကို တို့ထိတော်မူလျက် မျက်နှာသာရခြင်း၊ စိတ်ရှည်ခြင်း၊ ဖွဲလုံ့လကြီးခြင်း၊ ဘဝရှင်းလင်းခြင်း၊ အလင်းသစ်၌ အသက်ရှင်လျှောက်လှမ်းခြင်းများကို ခံစားစေလျက် ရှိသည်။ နောက်ခြေလှမ်းအနေဖြင့် အရိုးစုလွင်ပြင်တွင်သာ လျှောက်လှမ်းမည်ဆိုပါက အသင်းတော်၌ မည်သည့်ဝတ္တုရားများ ကျရောက်ပါမည်နည်း။ အကယ်၍ ပူဆွေးသောက များစွာဖြင့် ဘုရားသခင်အား လစ်လျူရှုထားမည်ဆိုပါကမူ ဆိုးရွားစွာ ဆင်းရဲမွဲတေမှုကြီး ရောက်လာမည်မှာ မလွဲပေဟု (Andrew A.Bonar) က ဆိုသည်။



အလေ့အထကို ပုံဆောင်သည်။ တစ်ခုတည်းသော ကယ်တင်ခြင်းလမ်းစဉ်မှာ အပြစ်သား တိုင်းသည် ယုံကြည်ခြင်းအားဖြင့် ကာဆီးထားသော စည်းရိုးတွင်းသို့ ဝင်ရောက်ရမည် ဖြစ်သည်။ ထိုဝင်ရောက်ရမည့်နေရာမှာ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ပုံဆောင်သော အဖြူရောင် ဆီးနှင်းခြံဖြစ်သည်။ ပေါင်းစည်းရိုးအတွင်း၌ ဝင်ရောက်ခဲ့ခြင်းသည် ယဇ်ပူဇော်ရန် ဖြစ်သည်။ ဤသည်မှာ အမှန်တကယ်ပင်ဖြစ်သည်။ တဲတော်၏ စည်းရိုးသည် ခရစ်တော်၏ စည်းရိုးသည် ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို ပုံဆောင်သည်။

## အဝင်တံခါးပေါက်

ပတ်လည်ဝိုင်းရံကာဆီးထားသော တဲတော်တွင် အဝင်ပေါက်တစ်ခုတည်းသာရှိပြီး ထိုအပေါက်တွင်သာ ဝင်ရောက်ရမည်ဖြစ်သည်။ ယခုတွင်ပင် ဝင်ပေါက်သည် တဖန် ခရစ်တော်ကို ပုံဆောင်သည်။ တစ်ခုတည်းသော ရွေးနှုတ်ခြင်းလမ်းစဉ်၊ ကယ်တင်ခြင်း လမ်းစဉ်မှာ ခရစ်တော်ကို မိမိ၏ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံခြင်းအားဖြင့်သာဖြစ်ပြီး အဝင်တံခါးပေါက်ကို ပုံဆောင်သည်။ ၎င်းမှာ အရောင်အဆင်းနှင့် စုံလင်လှသည်။

အဖြူရောင်ဆိုရာ၌ ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို တင်စားသည်။ အနီရောင်သည် လည်း လက်ဝါးကပ်တိုင်တွင် ခရစ်တော်ဖြန်းခဲ့သော အသွေးတော်ကို တင်စားခြင်းဖြစ်သည်။ ဤသည်မှာ ထူးခြားဆန်းပြားလှပသော အဝင်တံခါးပေါက်ပင်ဖြစ်သည်။ တချို့သောသူများ သည် ၎င်းအဝင်တံခါးပေါက်ကို ပေ ၃၀ ကျယ်သည်ဟု ဆိုကြသည်။ ယခု ကျွန်ုပ်တော်သည် သင်တို့ကို အနည်းငယ်စဉ်းစားစေလိုသည်။ သိပ်ကျယ်လှသော တံခါးပေါက်ပင်ဖြစ်သည်။ ဤသည်မှာ အရေးမပါသောအရာလည်းမဟုတ်သည့်အပြင် ကျဉ်းမြောင်းသောတံခါးပေါက် လည်း မဟုတ်ဘဲ ကျယ်ဝန်းသည်မှာ သေချာလှသည်။ ၎င်းအပေါက်၏အထဲတွင် အခန်းပေါင်းများစွာဖြင့် ဖွဲ့စည်းထားပြီး ပူဇော်ပသရန် အခန်းများသာဖြစ်သည်။ အံ့ဩ ဖွယ်ရာ ဘုရားသခင်၏ လက်ရာတော်နည်းလမ်းများအကြောင်း ပြောပြပါရစေ။ ရိုးသားစွာ အားလုံးလုပ်ဆောင်ရမည့် အရာတစ်ခုမှာ ယုံကြည်ရန်ပင်ဖြစ်သည်။ သမ္မာဟောင်းကာလ

တဲတော်နှင့် တူကြသည်။ တဲတော်တွင်းရှိ သီးသန့်ဖော်ပြချက်တို့သည် ခွင့်လွှတ်ခြင်း၊ ကြားဝင်ဖြန်ဖြေပေးခြင်း၊ ကိုယ်စားပြုပေးခြင်းတို့ကို ပုံဆောင်လျက်ရှိသည်။ အားလုံးတို့သည် မြင့်မြတ်ခြင်း၊ ထက်မြက်ခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်သက်သက်ပင် ဖြစ်သည်။

## တဲတော်၏ စည်းရိုး



တဲတော်၏ အတွင်းပိုင်းအားလုံးကို ဖြူဖွေးတောက်ပသော အကာအရံ (စည်းရိုး)ဖြင့် ကာရံထားသည်။ ၎င်းသည် ခရစ်တော်၏ ဖြောင့်မတ်ခြင်းပုံဆောင်ချက်ဖြစ်သည်။ တဲတော်ရှိ အရာတခုချင်းစီတို့ကို ရည်ညွှန်းသည်။ ကိုယ်စားပြုခြင်း၊ ခွင့်လွှတ်ခြင်း၊ ဖြန်ဖြေပေးခြင်းများအတွက် ပုံဆောင်ချက်ဖြစ်သည်။ ဤအရာများကို လုံးဝမမေ့သင့်ပေ။ ခရစ်တော်၏ ဖြောင့်မတ်ခြင်း ပုံဆောင်ချက်တို့သည် ယုံကြည်သူအားလုံးအား သင့်ရောက်လျက်ရှိသည်။ အကယ်၍ သင်သည် ဤအချက်များကို မှတ်ထားမည်ဆိုလျှင် လူတိုင်းသည် ပူဇော်ခြင်းဖြင့် စည်းရိုးတွင်းသို့ ဝင်ရောက်မည်သာ ဖြစ်ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ယုံကြည်သူတိုင်းသည် ခရစ်တော်၌ လုံးဝဥသုံ မိမိကိုယ်ကို အပ်နှံရမည် ဖြစ်သည်။ ခရစ်တော်၏ လက်ဝါးကပ်တိုင်တွင်ပြခဲ့သော အမှုများ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း၊ တဲတော်စည်းရိုးထဲရှိ ပုံဆောင်ချက်တို့သည် ယုံကြည်သူတိုင်းတွင် စိမ့်ဝင်လျက်ရှိသည်။ ကျွန်ုပ်တို့သည် အခွင့်အလမ်းရာထူးများ ရှိခဲ့သည်။ ၎င်းဟာ ထိပ်ဆုံးတွင်ရှိသည့် ငွေသားဦးထုပ် ဖြစ်သည်။ ငွေသားဆိုရာ၌ သမ္မာဟောင်းကာလတွင် ကယ်တင်ခြင်း၏ပုံရိပ်ဖြစ်သည်။ သမ္မာသစ်ကာလတွင်မူ ယုံကြည်သူများ၏



GATES

## အဝင်တံခါးပေါက်



တဲတော်၏အရှေ့ဘက်ပိုင်းတွင်ရှိသော အဝင်ပေါက် (တံခါး၀)တွင်သာ ကျေးဇူးချီးမွမ်းခြင်း ယဇ်နှင့်အတူ ဝင်ရောက်ရမည်ဖြစ်သည်။

ယောဟန် ၁၄း၆။ ။ ယေရှုက ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။

ကျွန်တော်တို့သည် ကျေးဇူးချီးမွမ်းခြင်းဖြင့် ဘုရားသခင်၏ တံခါးတော်နှင့် တံတိုင်းတော်သို့ ဝင်ရောက်ကြရမည်ဖြစ်သည်။ တဲတော်သည် အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။ ဘုရားသခင်သည် ကျေးဇူးချီးမွမ်းခြင်း၊ ပူဇော်ဆက်သခြင်းဖြင့် ဝင်လိုသူတိုင်းကို အဝင်ပေါက်ဖွင့်ပေးလျက်ရှိသည်။

ကျေဇူးတော်ကြီးပါသည်ဟု ဝန်ခံလျက်၊ တခါးတော်တို့ကိုင၎်း၊ ဂုဏ်တော်ကို ချီးမွမ်းလျက် တံတိုင်းတော်တို့ကိုင၎်း ဝင်ကြလော့။ ကျေးဇူးတော်ကို ချီးမွမ်းလျက် နာမတော်ကို ကောင်းချီးပေးကြလော့။ (ဆာ၊ ၁၀၀း၄)။

## ကျေးဇူးချီးမွမ်းခြင်းယဇ်

ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော်အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ (၅ရာ၊ ၁၆း၃၄)။

ငါတို့သခင်ယေရှုခရစ်အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွာတကား။ (၁ကော၊ ၁၅း၅၇)။

ငါတို့သည် ခရစ်တော်နှင့်အတူ အောင်ပွဲကို အစဉ်ခံစေခြင်းငှာလည်း၊ ထိုသခင်ကို သိခြင်း၏ အမွှေးအကြိုင်သည် ငါတို့အားဖြင့် အရပ်ရပ်တို့၌ ပြန့်နှံ့စေခြင်းငှာလည်း၊ ပြုတော်မူသောဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခြင်းရှိစေသတည်း။ (၂ကော၊ ၂း၁၄)။

ဆုတောင်းပဌာနာပြုခြင်းအမှုကို အမြဲပြု၍ ကျေးဇူးတော်ကို ချီးမွမ်းလျက် စောင့်ရှောက်ကြလော့။ (ကောလော၊ ၄း၂)။

ယေရှုက ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။ (ယောဟန်၊ ၁၄း၆)။

သခင်ယေရှုက ငါသည် တံခါးဝဖြစ်၏။ ငါဖြင့်ဝင်သောသူသည် ဘေးနှင့်ကင်းလွတ်လျက် ထွက်ဝင်၍ ကျက်စားရာကို တွေ့ရလိမ့်မည်။ (ယောဟန်၊ ၁၀း၉)။

| | |
|---|---|
| **မွန်မြတ်သောအစေခံ<br>ချစ်ခြင်း၊ ငြိမ်သက်ခြင်း၊ စင်ကြယ်ခြင်း** | **ရှင်မဿဲ** |
| **ကောင်းကင်ဘုံ ဘုရားသခင်၏<br>ဖြောင့်မတ်ခြင်း၊ ရေ** | **ရှင်မာကု** |
| **မင်းမျိုးမင်းနွယ်စု မေရှိယ (ဖြန်ဖြေသူ)<br>တော်ဝင်ပုဂ္ဂိုလ်၊ တရားစီရင်ပိုင်သူ** | **ရှင်လုကာ** |
| **ကယ်တင်ရှင်<br>အသွေးတော်** | **ရှင်ယောဟန်** |



## တဲတော်၏အချုပ်

ဘုရားသခင်သည် မောရှေအား မည်ကဲ့သို့ တဲတော်တည်ဆောက်ရမည်ကို အတိအကျ ပုံဖော်ပေးခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဤသည်မှာ လူ့အလုပ်မဟုတ်ဘဲ ဘုရားသခင်၏ လုပ်ဆောင်ချက်သာဖြစ်သည်။ တဲတော်နှင့်ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းလှ



ကြောင်း နှိုင်းတုစရာမရှိချေ။ နှစ်လိုဖွယ်ကောင်းသော တဲတော်၏ မြင်ကွင်းကို လေ့လာကြည့်ကြပါစို့။ လှပသော အပြင်ဖက်အကြောင်း တရားများကို သိပ်စိတ်ဝင်စားခြင်း မရှိလှချေ။ တဲတော်၌ လျှောက်လှမ်းခဲ့ဘူးပါသလော။ သင်မြင်ဖူးသော အရာများထက် အလှပဆုံးဖြစ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပတ်ပတ်လည်အားလုံးတွင် ရွှေစင်အတိဖြင့် မွမ်းမံထားကြသောကြောင့်ဖြစ်သည်။ ခရစ်ယာန်အသိုင်းအဝိုင်း ဖြစ်သော်လည်း မယုံကြည်သူသည် အပြင်ဖက်မှရပ်၍ တဲတော်ကိုကြည့်သော်လည်း ရှင်းလင်းစွာမမြင်ရချေ။ ဆိုလိုသည်မှာ သိပ်ချစ်စရာ ကောင်းသော ခရစ်တော်ကို မမြင်နိုင်ချေ။ ကယ်တင်ခြင်းဘုန်းတော်ကိုလည်း မခံစားရချေ။ သို့သော် မယုံကြည်သူတစ်ယောက်သည် ချက်ချင်း ခရစ်ယာန်ထဲဝင်လာပြီး ခရစ်တော်ကို လက်ခံပြီး ယေရှုသည် အပြစ်သားများအတွက် သိပ်တန်ဖိုးရှိလှပါကြောင်း မိဘကောင်း ပီသလွန်းကြောင်း ဝန်ခံခဲ့သည်။ ဘုရာသခင်သည် တဲတော်ကို သူ့ရဲ့ အထူးအကြံစည်တော်နှင့်အညီ တည်ဆောက်ခဲ့သည်။ တဲတော်၏အပြင်ဖက်တွင် စွဲဆောင်မှု၊ နှစ်လိုဘွယ်မကောင်းခြင်းသည် သူကိုယ်တိုင်ဖန်တီးခြင်းပင် ဖြစ်သည်။ သို့သော် တဲတော်၏ အတွင်းပိုင်းတွင်မူ အံ့သြစရာကောင်းလှပေသည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်သည် တဲတော်ဖြစ်သည့်အားလျော်စွာ ကျွန်တော်တို့ ယုံကြည်သူသားသမီးများအားလုံးသည်

ကြယ်၊ နက္ခတ်ကဲ့သို့လို လူမျိုးအထဲ၌ ထွန်းလင်းကြ၏။ သို့ပြုလျှင် ငါသည် အကျိုးမရှိဘဲ လျက် ပြေးသည်မဟုတ်၊ အကျိုးမရှိဘဲလျက် ကြိုးစားအားထုတ်သည်မဟုတ်ကြောင်းကို ငါထောက်၍ ခရစ်တော်၏ နေ့ရက်၌ ဝါကြွားဝမ်းမြောက်ခြင်းရှိလိမ့်မည်။ (ဖိ ၂း၁၆)။ သခင်ဘုရား နှစ်သက်တော်မူသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်ကြလော့။ (ဧဖက် ၅း၁၀)။ အကျိုးမဲ့သော မှောင်မိုက်အမှုတို့နှင့် မဆက်ဆံသည်သာမက ထိုအမှုတို့၏ အပြစ်ကိုပြုကြလော့ (ဧဖက် ၅း၁၁)။ သို့ပြုလျှင် အပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမျှ မပြစ်မှားပဲနေ၍ (ဖိ ၂း၁၅)။ အဘယ်သူ၏အစာကိုမျှ အလိုအလျောက်မစား။ သင်တို့တွင် တစ်ယောက်ကိုမျှ မနှောင့်ယှက်ခြင်းငှာ၊ ပင်ပန်းစွာ ကြိုးစားအားထုတ်၍ နေ့ညဉ့်မပြတ် လုပ်ဆောင်ကြ၏။ (၂သက် ၃း၈)။ ခရစ်တော်၏ ဧဝံဂေလိတရားကို ဟောပြော၍ ဘုရားသခင်၏ အမှုတော်ကို လုပ်ဖော်ဆောင်ဘက်ဖြစ်သော ငါ့ညီ တိမောသေကို လွှတ်လိုက်၏။ (၁သက် ၃း၂) ။ ငါတို့ခံရသော ဆင်းရဲခြင်းကြောင့် အဘယ်သူမျှ မရွေ့လျားမည်အကြောင်း သင်တို့ကို မြဲမြံစေ၍ ယုံကြည်ခြင်းအရာ၌ သင်တို့ကို တိုက်တွန်းနှိုးဆော်စေခြင်းငှာ သူ့ကိုငါ လွှတ်လိုက်၏ (၁သက် ၃း၃) သင်တို့သိကြသည်နှင့်အညီ ငါတို့သည် ဖိလိပ္ပိမြို့၌ ဆင်းရဲခြင်းနှင့် ညှဉ်းဆဲခြင်းကိုခံပြီးမှ ဘုရားသခင်ကို အမှီပြု၍ ကြီးစွာသော တိုက်တွန်းခြင်းနှင့်တကွ ဘုရားသခင်၏ ဧဝံဂေလိတရားကို သင်တို့အား ရဲရင့်စွာ ဟောပြောကြ၏။ (၁သက် ၂း၂) သင်တို့၏ ယုံကြည်ခြင်းသည် လူပညာအားဖြင့် မတည် (၁ကော ၂း၄)။ စာကိုလည်း သင်တို့တတ်ကြလော့။ အာခိပ္ပုကိုလည်း သင်သည် သခင်ဘုရား၏ လက်တော် မှခံရပြီးသော ဓမ္မဆရာ၏အမှုအရာကို ပြည့်စုံခြင်းငှာ သတိပြုပါဟု ပြောကြလော့ (ကောလော ၄း၁၇)။

ဤရွှေအိမ်တော်မှ ဆုတောင်းခြင်းစာအုပ်သည် နေ့စဉ်အသက်တာ၌ ဆုတောင်းခြင်း ရှိသည့်အားလျော်စွာ ပို၍နက်နဲရာများကို ဝိညာဉ်ဆေတာ်အားဖြင့် ဖွင့်ပြပေးလျက်ရှိသည်။

သူ၏သက်သေခံချက်မှန်သည်ကို ငါတို့သိကြ၏။ ယေရှုပြုတော်မူသော အခြားအမှု အရာများ ရှိသေး၏။ ထိုအမှုအရာရှိသမျှတို့ကို အသီးအခြားရေးထားလျှင် မြေကြီး မဆံ့နိုင်အောင် ကျမ်းစာများ များပြားလိမ့်မည်ဟု ထင်မှတ်ခြင်းရှိ၏။
(ရှင်ယောဟန် ၂၁း၂၅)



# အခန်း(၁)

## အပြင်ဘက်တဲတော်ဝင်း

### (က) ကြေးဝါယဇ်ပလ္လင် (ကားတိုင်တော်တရား) ထွက်၊ ၂၅-၂၇၊ ဟေဗြဲ၊ ၉၊၁၀)။



တဲတော်၏အရှေ့ဘက်ပိုင်းရှိ အဝင်တံခါးပေါက်သို့ ကျေးဇူးချီးမွမ်းခြင်းဖြင့် ဝင်သွားပြီးချင်း ကြေးဝါယဇ်ပလ္လင်ဆီသို့ ရောက်သွားမည်ဖြစ်သည်။ တဲတော်ရှိ အပြင်ဘက်ခန်းကို ကျွန်တော် စိတ်ကူးပုံဖော် ကြည့်သောအခါ ဘုရားသခင်၏ စံနှုန်းစံထားဖြစ်သော ယဇ်ပူဇော်ခြင်းနှင့် မီးရှို့ရာယဇ် စသည်များကို လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသို့ ပုံဖော်ကြည့်ခြင်းအားဖြင့် ဝတ်ပြုရာကျမ်းတွင် ယဇ်ပုရောဟိတ်မင်း ပူဇော်ခဲ့ဖူးသော ပူဇော်သက္ကာများကို မြင်ယောင်နေမိသည်။ ၎င်းတို့မှာ–

၁။ အပြစ်ဖြေရာယဇ်ပူဇော်ခြင်း

၂။ ဒုစရိုက်ဖြေရာယဇ်ပူဇော်ခြင်း

၃။ မီးရှို့ရာယဇ်ပူဇော်ခြင်း

၄။ အသီးအနှံပူဇော်ခြင်း

၅။ မိတ်သဟာယယဇ်ပူဇော်ခြင်းတို့ ဖြစ်ကြသည်။

ထာဝရဘုရားမှာထားတော်မူသည့်အတိုင်း၊ မီးရှို့ရာယဇ်ပြုသော သိုးထီးကိုလည်း ဆောင်ခဲ့၍၊ အာရုန်နှင့် သူ၏သားတို့သည် မိမိတို့လက်ကို သိုးခေါင်းပေါ်မှာ တင်ကြ၏။

သိုးကိုသတ်ပြီးလျှင်၊ မောရှေသည် သွေးကို ယဇ်ပလ္လင်အပေါ်၌ ပတ်လည်ဖြန်းလေ၏။ သိုးကိုလည်း အပိုင်းပိုင်းဖြတ်ပြီးလျှင် ခေါင်းမှစ၍ သားတစ်များနှင့် ဆီဥကို မီးရှို့လေ၏။ ဝမ်းထဲ၌ရှိသောအရာနှင့် ခြေတို့ကိုဆေးကြော၍၊ သိုးတစ်ကောင်လုံးကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့လေ၏။ မွှေးကြိုင်ရာဖို့ မီးရှို့သောယဇ်ဖြစ်သတည်း။ မီးဖြင့် ထာဝရဘုရားအားပြုသော ပူဇော်သက္ကာဖြစ်သတည်း။ (ဝတ်၊ ၈း၁၈–၂၁)။

ယဇ်ပူဇော်ရန် လိုအပ်သေးသော ''နံနက်ယံ၌ သိုးသူငယ်တစ်ကောင်၊ ညဦးယံ၌ တစ်ကောင်ကို ပူဇော်ရမည်။ (တော၊ ၂၈း၄)။ ဤအချက်၌ တစ်ကောင်ကို ပူဇော်ရမည်။ (တော၊ ၂၈း၄)။ ဤအချက်၌ သိုးနှစ်ကောင်၏ လိုအပ်ချက်မှာ သခင်ယေရှုခရစ်တော်၏ လူ့ဇာတိခံယူခြင်း (Son of Man) နှင့် ဘုရားဇာတိတော်ဖြစ်ခြင်း (Son of God) ကို ပုံဆောင်သောကြောင့်ဖြစ်သည်။

များပြားလှသော ကျွန်ုပ်တို့၏ ပြစ်ကြွေးများကြောင့် သခင်ခရစ်တော်သည် ကာရနီ (Calvary) ကုန်းပေါ်တွင် ကြိုတင်ပူဇော်တင်လှူတော်မူခဲ့သည်။ ပဋိညာဉ်စာချုပ်အတွက် အသွေးပက်ဖြန်းရန် လိုအပ်လျက်ရှိသည်။




သခင်ယေရှုခရစ်တော်သည် ယဇ်ပလ္လင်ထက်တွင် ဘုရားသခင်၏ သိုးသူငယ်ကဲ့သို့ အသေခံတော်မူခဲ့သည်။ နက်ဖြန်နေ့၌ ယေရှုကြွလာတော်မူသည်ကို ယောဟန်သည် မြင်လျှင် ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသူငယ်ကို ကြည့်ကြလော့။ (ယော၊ ၁း၂၉)။

သခင်ခရစ်တော်၏ လက်ဝါးကပ်တိုင်တော်သည် ယနေ့ ကြေးဝါယဇ်ပလ္လင်သို့ ပြောင်းလဲလာရခြင်းမှာ စာတန် နတ်ဆိုးများ၏ လုပ်ဆောင်ချက်အပေါ် အမှုပြီးစီးခဲ့သောကြောင့် ဖြစ်သည်။

ထို့ကြောင့် လက်ဝါးကပ်တိုင်တော်ထက်မှ ပြီးစီးခဲ့သောအမှုကြောင့် အောင်မြင်ခြင်း ရရှိပြီဖြစ်ကြောင်း ရဲရင့်စွာ ကြေငြာလိုပါသည်။



ငါတို့အဘို့ ကိုယ်တော်တိုင် ကြံစည်တော်မူသော ကျေးဇူးတော်နှင့်အညီ ငါတို့ကို ကယ်တင်၍ သန့်ရှင်းသောအရာ၌ ခေါ်သွင်းတော်မူ၏။ (၁တိ ၁း၉) ချစ်သားတို့ ငါတို့သည် စကားပြောကာမျှအားဖြင့်သာ မချစ်ဘဲ စိတ်ပါကိုယ်ရောက် ဧကန်အမှန်ချစ်ကြကုန်အံ့။ (၁ယော ၃း၁၈)။ လွတ်ခြင်းနှင့် စပ်ဆိုင်၍ စုံလင်သောတရား၌ စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား တရားနာ၍ မေ့လျော့သောသူမဟုတ်၊ အကျင့်ကျင့်သောသူ ဖြစ်သဖြင့် မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသောသူ၏ (ရှင်ယာကုပ် ၁း၂၅)၊ ထိုသို့မှာလိုက်သည့်အတိုင်း ထောင်မှူးသည် အတွင်းထောင်ထဲမှာ လှောင်၍ ထိပ်ခတ်လျက်ထား၏။ (တမန် ၁၆း၂၄)။ ထို့ကြောင့် ငါတို့သခင်ဘုရား၏ သက်သေကိုငင်း၊ ထိုသခင်ကြောင့် အကျဉ်းခံရသောသူဖြစ်သော ငါ့ကိုငင်း၊ ရှက်ကြောက်ခြင်းမရှိနှင့်။ ဘုရားသခင် ပေးတော်မူသော တန်ခိုးကို ရသည့်အတိုင်း ဧဝံဂေလိတရားနှင့် ဆက်ဆံ၍ ဆင်းရဲဒုက္ခကိုခံလော့ (၂တိ ၁း၈) ထို့ကြောင့် ရွေးကောက်တော်မူသောသူတို့သည် ထာဝရဘုန်းအသရေနှင့်တကွ ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်စိမ့်သောငှာ သူတို့အဘို့ အရာရာကို ငါသည်းခံရ၏။ (၂တိ ၂း၁၀)။ ထိုခဏခြင်းတွင် မြေကြီးသည် လှုပ်သောကြောင့် ထောင်ခြေရင်းလည်း လှုပ်ရှား၏ ။ တံခါးရှိသမျှတို့သည် ချက်ချင်းပွင့်၍ လူအပေါင်းတို့သည် နှောင်ဖွဲ့ခြင်းနှင့် လွတ်ကြ၏။ တမန် (၁၆း၂၆)။ အကြောင်းမူကား သင်တို့သည် သန့်ရှင်းသော သူတို့ကို အထက်ကလုပ်ကျွေးသည်သာမက ယခုပင် လုပ်ကျွေးခြင်းအမှုကိုငင်း၊ ထိုသို့ ပြုသောအားဖြင့် နာမတော်ကို ထောက်၍ပြသော မေတ္တာကိုငင်း၊ ဘုရားသခင်သည် မေ့လျော့သည့်တိုင်အောင် အဓမ္မအမှုကို ပြုတော်မူသည်မဟုတ် (ဗြဲ ၆း၁၀) ထိုမျှမက သခင်ဘုရားသည် မကောင်းသောအမှုရှိသမျှတို့မှ ငါ့ကိုကယ်နှုတ်၍ မိမိကောင်းကင်နိုင်ငံတော်သို့တိုင်အောင် မစပို့ဆောင်တော်မူလိမ့်မည်။ ထိုသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင် (၂တိ ၄း၁၈)။ ညီအစ်ကိုတို့ ငါ၌ရောက်သော အမှုအရာတို့သည် ဧဝံဂေလိတရားကို မမြစ်တားသည်သာမက ပြုစုရာဖြစ်သည်ဟု သင်တို့ကို သိစေခြင်းငှာ ငါအလိုရှိ၏။ (ဖိ ၁း၁၂)။ မိမိတမန်တို့ကို လေကဲ့သို့ငင်း၊ မိမိအစေအပါးတို့ကို မီးလျှံကဲ့သို့ငင်း ဖြစ်စေတော်မူထသော (ဆာလံ ၁၀၄း၄)။ မဖြောင့်မမှန် ဖောက်ပြန်သော လူမျိုးအထဲ၌ ဘယ်အပြစ်မျှမပါသော ဘုရားသခင်၏သား ဖြစ်ကြပေလိမ့်မည်။ အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်ကို ပြသ၍ စကြာဝဠာ၌ နေ၊လ၊

ဘုရားသခင် (ရောမ ၈း၂၂၊ ပျက်စီးခြင်းများထဲမှ ကယ်နှုတ်တော်မူပါ) ဘုန်းကြီးစေတော်မူပါ (ရောမ ၈း၂၁) သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်လျက် သက်သေထူစေတော်မူပါ (ယောဟန် ၁၅း၂၆) ပြစ်ဒဏ်ချမှတ်မည့်အစား ဖြောင့်မတ်ခြင်း တန်ဆာဆင်ပေးတော်မူပါ (ယောဟန် ၁၆း၈) နောင်တရလျက် ရုပ်တု၊ ဆင်းတုကိုးကွယ်ရာမှ ပြန်လှည့်စေတော်မူပါ (ယေဇကျေလ ၁၄း၆) နိုင်ငံတော်ကြီးကို ဆန္ဒပြင်းပြစေတော်မူပါ (ဟဂ္ဂဲ ၂း၇) ထူမတော်မူပါ (ယောလ ၃း၁၁)။ တိုးပွားခြင်းအသက်တာ ပေးတော်မူပါ။ (ယောလ ၃း၁၄)သံတမန်များ စေလွှတ်တော်မူပါ (ပေသရမိ ၄၉း၃၄)။ နှုတ်ကပတ်တော် တံခါးများ ပွင့်စေလျက် ခရစ်တော်မာတုရများ ဖြစ်စေတော်မူပါ (ကောလော ၄း၃) သတင်းကောင်းများ ဖြန့်ဝေစေတော်မူပါ ( မဿဲ ၂၄း၁၄) လုပ်ဆောင်လေရာတိုင်း၌ တန်ခိုးပေးတော်မူလျက် အမွေစားအမွေခံဖြစ်စေတော်မူပါ (ဆာလံ ၁၁၁း၆) ယေရှုသည် သခင်ဖြစ်ကြောင်း ဒူးထောက်လျက် နှုတ်ဖြင့် ဝန်ခံကြပါစေ (ဖိ ၂း၁၀) ဖြောင့်မတ်ခြင်း တန်ဆာဖြင့် ချီးမွမ်းတတ်ကြပါစေ (ဟေရှာယ ၆၁း၁၁)။ ပင်လယ်ရေသည် ဖုံးအုပ်ပြည့်လျှံခြင်းရှိသကဲ့သို့ ကိုယ်တော်၏ ဘုန်းတန်ခိုးအားဖြင့် ပြည့်ဝစေတော်မူပါ (ဟဗက္ကုတ် ၂း၁၄) နိုင်ငံများကို စုစည်းတော်မူပါ။ (ဟေရှာယ ၄၃း၉) ကိုယ်တော့်ကို ချီးမွမ်းနိုင်ကြပါစေ၊ ကိုယ်တော်၌ ဝမ်းမြောက်ခြင်းရှိကြပါစေ၊ (ဆာလံ၂၂း၂၇၊ ၄၆း၁၀) ကိုယ်တော်၏ လူများအဖြင့် တိုင်းနိုင်ငံအသီးသီးတို့သည် ကောင်းကြီးမင်္ဂလာကို ခံစားကြပါစေ၊ (ဂလာ ၃း၈) အတူတကွ စုရုံးခြင်းရှိကြပါစေ (ဇေဖနိ၁၄း၁၄) လက်တော်အားဖြင့် မစတော်မူပါ (၆ ရာ ၂၂း၅) ကယ်တင်ခြင်းအားဖြင့် ကမ္ဘာမြေကြီးကို လွှမ်းခြုံတော်မူပါ (ဟေရှာယ ၄၉း၆) ရန်သူများကို ခြေတင်ရန် ဖြစ်စေတော်မူပါ (မာတု ၁၂း၃၆)

## သာသနာပြုများအတွက် ဆုတောင်းခြင်း

သာသနာကွင်းများတွင် သတင်းစကားများ ပြန့်ကျဲနိုင်ပါမည့်အကြောင်း အကျွန်ုပ်ဆုတောင်းပါ၏ (မဿဲ ၁၃း၃၈၊ ၂၄း၁၄) အကြင်သူသည် လောကီစည်းစိမ်ဥစ္စာရှိလျက်ပင် မိမိညီအစ်ကို ဆင်းရဲခြင်းကိုမြင်၍ သနားခြင်းဂရုဏာစိတ်ကို ချုပ်တည်း၏။ ထိုသူ၌ ဘုရားသခင်၏ မေတ္တာတော်သည် အဘယ်သို့တည်မည်နည်း (၁ယော ၃း၁၇) ။ ဘုရားသခင်သည် ငါတို့ကျင့်သော အကျင့်ကို ကျင့်တော်မမူ။ ရှေးကပ်ကာလ မရောက်မီ ယေရှုခရစ်အားဖြင့်



သန့်ရှင်းရာဌာနတော်သို့ မဝင်ရောက်နိုင်သည်မှာ ယဇ်ပလ္လင်၏လုပ်ဆောင်ချက် လိုအပ်ကြောင်း ထင်ရှားလျက်ရှိသည်။ ယဇ်ပလ္လင်ဆိုရာ၌ ကျွန်ုပ်တို့၏ သာမန်အသက်တာမှ ဖြည်းညင်းစွာ သခင်ဘုရားနှင့် လိုက်လျှောက်ပြီး အသေခံလျက် လောင်ကျွမ်းခြင်းကို ဆိုလိုသည်။ ယဇ်ပလ္လင်မီး၏ အစဉ်မပြတ် လောင်ကျွမ်းရမည်မှာ ယဇ်ပုရောဟိတ်မင်း၏ တာဝန်သာဖြစ်သည်။ ယဇ်ပလ္လင်မီးသည် အလျှင်းမသေဘဲ၊ အစဉ်မပြတ် လောင်ရမည်။ (ဝတ်၊ ၆း၁၃)။

ကျွန်တော်အပါအဝင် လူအများစုတို့သည် နိုင်ငံတော်နှင့်ယှဉ်သော ဘုရားသခင်၏ တောက်လောင် သောမီးနှင့် အေးစက်သောကြီးထွားခြင်းကို လိုလားကြပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် မိမိအပြစ်ကြောင့် နောင်တရလျက် ဝိညာဉ်တော်မီးဖြင့် အသက်တာကို လောင်ကျွမ်းစေတော်မူ၏။ အာမင်။

ဤသည်မှာ ဘုရားသခင်နှင့် သူ့ရဲ့နိုင်ငံတော်အတွက် ဝိညာဉ်တော် မီးလောင်ကျွမ်းသူများ၏ အနာဂတ်ပုံရိပ်သာဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်မနှစ်သက်သော တစ်ကိုယ်ကောင်းဆန်ခြင်း၊ အပြစ်၌နှစ်မွှမ်းခြင်း၊ မာန်မာနထောင်လွှားခြင်း၊ အစီအစဉ်၌ နှစ်မြုပ်ခြင်း၊ သာသနာရေးသက်သက် စီမံခြင်း၊ မိမိပန်းတိုင်ကိုသာဦးတည်ခြင်း၊ အစီအစဉ်သက်သက်ရေးဆွဲခြင်း၊ အချိန်ကုန်စေခြင်း၊ စမ်းတဝါးဝါးဖြင့်သာ အသက်ရှင်ခြင်းနှင့် စွပ်စွဲချက်များ၌သာ ကျင်လည်သောသူများမဟုတ်ဘဲ နေ့စဉ် အသက်တာ၌ အသက်ရှင်သော လက္ခဏာကဲ့သို့ အသက်ရှင်ရန်မှာ မိမိတို့၏ တာဝန်ပင်ဖြစ်သည်။

ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင် နှစ်သက်ဖွယ်တော်မူဖွယ်သော လက္ခဏာနှင့် ပြည့်စုံသောယဇ်ကို သင်တို့သည် ပူဇော်၍ မိမိကိုယ်ခန္ဓာကို ဘုရား သခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကို ပြုမည်အကြောင်း -----။ (ရော၊ ၁၂း၁)။

အကယ်၍ သင်သည် ဘုရားသခင်၏ လောင်ကျွမ်းသောမီးကို သင့်ဘဝအတွက် တောက်လောင်စေလိုပါက နေ့စဉ်ထာဝရဘုရားသခင်၌ ဘုံအပ်ခြင်းရှိရမည်ဖြစ်သည်။ အရာအားလုံးအတွက် ယဇ်ပလ္လင်မှ အစပြုမည်ဆိုလျှင် ထာဝရဘုရား ကျေးဇူးပြုတော်မူမည်ဖြစ်သည်။

ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုင်း၊ ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများကိုင်း၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ။ (ဂလာ၊ ၅း၂၄)။

ကျွန်ုပ်အသက်တာထဲ၌ ဘုရားသခင်၏ တောက်လောင်သော မီးလောင်ကျွမ်းခဲ့ခြင်းမှာ မိမိ၏ ပြင်ဆင်ဆက်ကပ်မှုကြောင့်သာဖြစ်သည်။ မိမိအသက်တာထဲမှ ဆာင်တော်ခြင်းအား ဖြင့်သာ တဲတော်၏ အပြင်ဘက်ခန်းမှ သန့်ရှင်းရာဌာနတော်သို့ တွန်းအားပေးမည်သာ ဖြစ်သည်။ ဤသည်မှာလည်း သန့်ရှင်း သောဝိညာဉ်တော်၏ ဦးဆောင်ခြင်းသက်သက်သာ ဖြစ်သည်။

ဘုရားသခင်သည် သားတော်သခင်ယေရှုခရစ်၏ အသွေးတော်အားဖြင့် ကယ်တင်တော်မူခဲ့ပြီး ယုံကြည်ခြင်း၌ ခိုင်မြဲစေလျက် သူ့ရဲ့မေတ္တာတော်ကို ပေါ်လွင်စေတော်မူခဲ့သည်။ သခင်ယေရှုခရစ်တော်သည် တစ်ခါတည်း အသေခံတော်မူခြင်းအားဖြင့် အခြားယဇ်ကောင်ဖြစ်သော တိရိစ္ဆာန် သိုး၊ ဆိတ်တို့ မလိုအပ်တော့ပါ။ မိမိ၏ အသက်တာသည် ဝိညာဉ်တော်မီး၌ လောင်ကျွမ်းစေသောကြောင့် ဆာင်တော်နေသည်မှာ တဲတော်၏အပြင်ဘက်ခန်းမှ သန့်ရှင်းရာဌာနတော်ထဲသို့ ကူးမြောက်ရန်သာဖြစ်သည်။

ကြေးဝါယဇ်ပလ္လင်သည် သေခြင်းနှင့် အဝင်တံခါးပေါက်သာဖြစ်သည်။ ကြိမ်ဖန်များစွာ ဘုရားသခင်နှင့် လုံးထွေးနေရသည်မှာလည်း သန့်ရှင်းသောဘုရားသခင်၏ ယဇ်ပလ္လင်တော်နှင့် လွဲချော်နေ၍သာ ဖြစ်သည်။

အပတ်စဉ်တိုင်း တနင်္ဂနွေနေ့ ယဇ်တော်ကို ပူဇော်ခဲ့သော်လည်း ကိုးကွယ်ခြင်း ယဇ်လိုအပ်နေလျက်ရှိသည်။ တမန်တော်ကြီး ရှင်ပေါလု မိန့်ဆိုခဲ့သည်မှာ ''ငါသည် နေ့တိုင်းအသေခံရ၏''ဟု ငါတို့သခင် ယေရှုခရစ်၌ သင်တို့အကြောင်းကြောင့် ငါဂုဏ်ယူဝမ်းမြောက်ခြင်းကို တိုင်တည်၍ ငါဆိုဝံ့၏။ (၁ကော၊ ၁၅း၃၁)။

ကြေးဝါယဇ်ပလ္လင် (လက်ဝါးကပ်တိုင်တော်)သည် သဘာဝတရားနှင့် လူဟောင်း အသေခံရာ နေရာဖြစ်ပြီး ခရစ်တော်အားဖြင့် ဘုရားသခင်၌ လူသစ်၊ သတ္တဝါသစ် ဖြစ်လာခြင်းဖြစ်သည်။ ဤနေရာသည် အပြစ်ဖြေလွှတ်ရာနေရာနှင့် ဘုရားသခင်၏ ကျေးဇူးဂရုဏာတော် ပေါ်လွင်သောနေရာဖြစ်သည်။

ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည့်အကြောင်းကို မြည်းစမ်း၍ သိမှတ်ကြလော့။ ကိုယ်တော်ကို ခိုလှုံသောသူသည် မင်္ဂလာရှိ၏။ (ဆာ၊ ၃၄း၈)။



အသက်ကိုပေးတော်မူပါ။ (ဟေရှာ ၄၅း၁၃) ဖြောင့်မတ်ခြင်းလမ်းမပေါ်သို့ ပို့ဆောင်တော်မူပါ(ဆာလံ ၂၅း၂၂) ခက်ခဲခြင်းများမှ ကယ်ချွတ်တော်မူပါ။ (ယောလ ၃း၁၆) အရိပ်ကို ပေးတော်မူပါ။ ခွန်အားပေးတော်မူပါ။ (ယေရမိ ၃၃း၉) သူတို့မြေပေါ်၌ ကျန်းမာခြင်း၊ အနာငြိမ်းခြင်းများ သက်ရောက်စေတော်မူပါ။ သမ္မာတရားနှင့် ငြိမ်သက်ခြင်းများဖြင့် ကြွယ်ဝစေတော်မူပါ (ဖေက် ၁း၁၈)။ မျက်စိပွင့်လင်းစေတော်မူပါ (ဖေက် ၁း၁၇)။ ခရစ်တော်၏ စိတ်သဘောထားနှင့်အညီ ဝိညာဉ်တော်အားဖြင့် ဗျာဒိတ်တော်များ ပေးတော်မူပါ။ ကိုယ်တော့်ကို ချီးမွမ်းနိုင်ကြပါစေ။ နိုင်ငံအရပ်ရပ်၌ ကိုယ်တော်၏ သက်သေများဖြစ်ကြပါစေ။ (ယေရမိ ၃၃း၉) အကြောင်းမူကား ကြွယ်ဝခြင်း၊ ကောင်းမြတ်ခြင်းများအားဖြင့် ထောက်ပံ့တော်မူသောကြောင့်ဖြစ်သည်။ (ယောလ ၂း၂၅) သူတို့ကို ခွန်အားနှင့် ပြည့်ဝစေတော်မူပါ (ယောလ ၂း၁၉)။ အသစ်သော စပျစ်ရည်၊ ဆီ၊ မြေ အသီးအနှံများဖြင့် ပြန်လည်ဖြည့်ဆည်းပေးတော်မူပါ။ (သုတ္တံ ၁၆း၇)။

သူတို့ ရန်သူများကိုလည်း ငြိမ်သက်ခြင်းနှင့် ပြည့်ဝစေတော်မူပါ (ယောလ ၂း၁၉)။ အတိုင်းတိုင်းအပြည်ပြည်တို့က ခေါ်ခဲ့၍ စုဝေးစေပြီးလျှင် သူတို့နေရင်းပြည်သို့ ပို့ဆောင်မည်။ ဣသရေလတောင်တို့အပေါ် မြစ်တို့အနား အစရှိသော နေစရာအရပ်ရပ်တို့၌ ကျွေးမွေးမည် (ယေဇကျေလ ၃၄း၁၃၊ ဆာလံ ၁၂ ၂း၆) သူတို့ရန်သူများကို သူတို့မြေပေါ်မှ နှင်ထုတ်ပေးတော်မူပါ။ ယေရှုစလင်မြို့ကိုတောင်းကြီးပေးတော်မူပါ (ယေဇကျေလ ၃၄း၂၆) ကောင်းကြီးမင်္ဂလာကို ဖြစ်စေသောမြို့ ဖြစ်နိုင်ဖို့အလို့ငှာ မစတော်မူပါ (ယေဇကျေလ ၃၄း၂၇) ဘေးကင်းစေလျက် ခက်ခဲခြင်းများထဲမှ ကယ်နှုတ်တော်မူပါ (ယေရမိ ၃၄း၁၇)

**၈။ နိုင်ငံများ (လူမျိုးနွယ်စုများ၊ ဘာသာစကားများ၊ သာသနာပြုစကားများ) အတွက် ဆုတောင်းပါ။**

## <u>နိုင်ငံများအတွက် ဆုတောင်းခြင်း</u>

နိုင်ငံတော်သည် နိုးထခြင်းရှိပါစေ (ယောလ ၃း၁၂) ဘုရားသခင်အသံတော်ကို ကြားပါစေ (ဟေရှာ ၁း၂) ကိုယ်တော်၏ မျက်မှောက်တော်၌ တရားစီရင်ပေးတော်မူပါ။ ကြောက်ရွံ့ခြင်း အသက်တာပေးတော်မူပါ။ (ဆာလံ ၉း၂၀) ဆင်းရဲညည်းတွားခြင်းကို ဖြစ်စေသော

အသက်တာ (သု–၂း၁၂)ရှိစေတော်မူပါ။ ကိုယ်တော်၌သာ အာရုံပြုစေတော်မူပါ (ဆာ–၁း၁)။ ကိုယ်တော်၏ အမြင်အတိုင်း လျှောက်လှမ်းစေတော်မူပါ။ (၃ရာ–၂၀း၃၂) အစိုးရမင်းများကို မျှတစေတော်မူပါ။ (သု–၂း၂၁)နေရာတိုင်း၌ တက်ကြွစေတော်မူပါ။ (ပြ–၁၂း၂၇) အပြစ်ကင်းစင်သူများ ဖြစ်စေတော်မူပါ။ (သု–၂း၂)အားနည်းခြင်းအမှုမှ လွှဲစေတော်မူပါ။ သစ္စာမရှိခြင်းများကို ဖယ်ရှားစေတော်မူပါ။ (သု–၂း၂၂) မှောင်မိုက်မှ အလင်းသို့ပို့ဆောင်တော်မူပါ။ လျို့ဝှက်ချက် ရန်သူများကို ပေါ်လွင်စေတော်မူပါ။ (၁ကော–၄း၅)

ဤနိုင်ငံသည် ကျဆင်းခြင်းမှ လွတ်မြောက်ပြီး နောင်တရခြင်းဖြင့် မိမိအလုပ်ကို ဦးစားမပေးသူများ ဖြစ်စေတော်မူပါ။ (ဗျာ–၂း၅)။ သူတို့ဝိညာဉ်အားဖြင့် ကိုယ်တော့်ကို တောင့်တစေတော်မူပါ (၃ရာ–၂၂း၁၉)။ မိမိကိုယ်ကို နှိမ့်ချခြင်း၊ ဆုတောင်းခြင်းဖြင့် နိုးထစေလျက် အကျိုးနည်းခြင်းလမ်းများကို ရှောင်လွှဲစေတော်မူပါ။ သူတို့ကို နားထောင်တော်မူပါ။ ခွင့်လွှတ်တော်မူပါ။ အနာကို စည်းပေးတော်မူပါ။ (၄ရာ–၇း၁၄)။ သူတို့ကို ပျက်စီးမြင်စေပြီး အမှောင်မှ အလင်းသို့ ပို့ဆောင်တော်မူပါ (တမန်–၂၆း၁၈)။ မာကြောသော နှလုံးသားများကို ပျော့ပြောင်းစေလျက် အပြစ်ခွင့်လွှတ်ခြင်းရှိစေတော်မူပါ။ (ပြ–၃း၁၃)။ ပျက်စီးရာလမ်းထဲမှ ကယ်နှုတ်တော်မူပါ။ (ဆာ–၁၀၇း၂၀)။ ကိုယ်တော်ဘုရား စိတ်ရှည်ခြင်းများ သက်ရောက်စေတော်မူပြီး နောင်တရစေလျက် သေခြင်းဆိုးထဲမှ လွှဲစေတော်မူပါ။ (၂ပေ–၃း၉)။ နိုင်ငံတော်ကို မားမားမတ်မတ် ရပ်တည်စေတော်မူပါ (ဟေ–၄၉း၂၂) ဤမြေတော်ကို အုပ်စိုးတော်မူပါ (စော–၁၀း၁)။ နိုးထမှုရှိစေတော်မူပါ (ဟဗက်–၃း၂)။ နိုင်ငံတော်အတွက် ကိုယ်စားပြုမည့်သူများ ပေါ်ထွန်းစေတော်မူပါ (ဟေရှာ–၅၉း၁၆) ဤမြေတော်ကို သန့်စင်ခြင်း၊ အသက်တာပေးတော်မူပါ (၂ကော–၁၀း၄)။ နိုးထခြင်းဖြင့် ဖွင့်ဟခြင်း ရှိစေတော်မူပါ (ဟေရှာ–၄၀း၅)။

## ၇။ ယေရှုဆလင် ငြိမ်ဝပ်မည့်အကြောင်း ဆုတောင်းပါ။

မြတ်နိုးခြင်းရှိသောသူသည် ချမ်းသာရလိမ့်မည် (ဆာ–၁၂၂း၆)။ ဣသရေလအမျိုးတို့၏ ဘုရားသူတို့သည် ကိုယ်တော်၏လူများဖြစ်ကြပါ၏။ (ဟေရှာ ၄၅း၃–၄) သူတို့သည် ကိုယ်တော်ကို မသိကြသော်လည်း ကိုယ်တော်၏လူများပင် ဖြစ်ကြပါ၏။ (ယေရမိ ၃၃း၈) သူတို့၏အပြစ်များကို ခွင့်လွှတ်တော်မူပြီး သန့်ရှင်းစေတော်မူပါ(ဟေရှာ ၄၅း၁၇)။ ထာဝရ



ကြေးဝါယဇ်ပလ္လင်သည် ကားတိုင်တော်တရားအားဖြင့် ခရစ်တော်၌ ဖြောင့်မတ်ခြင်းနှင့် လွတ်မြောက်ခြင်းရရှိရာ နေရာဟု ကြွေးကြော်လိုပါသည်။ ဘုရားသခင်နှင့် စိတ်နှလုံးတော်ချင်း တွေ့ထိသောနေရာလည်း ဖြစ်ပါသည်။ ကျွန်ုပ်သည် နေ့စဉ် လက်ဝါးကပ်တိုင်တော်အားဖြင့် ဘုရားသခင်၌ လျှောက်လှမ်းရသောကြောင့် အပြစ်နွံထဲမှငင်း၊ ရှက်ကြောက်ခြင်း၊ အပြစ်စီရင်ခြင်း၊ နာမကျန်းဖြစ်ခြင်းနှင့် ကျိန်ခြင်းတို့မှ လွတ်မြောက်လျက်ရှိသည်။

သခင်ယေရှုခရစ်တော်ဘုရား သင့်အသွေးတော်၌ အသက်၊ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်တို့၏ အနာငြိမ်းခြင်းရှိပါ၏။ ယေရှုဘုရား လောကကိုအောင်နိုင်ခြင်းနှင့် သင့်ရဲ့အဖိုးကြီးမားလှသော အသွေးတော်အားဖြင့် စာတန်နတ်ဆိုး၏ ဦးခေါင်းတော်ကို ကြိတ်တော်မူခဲ့သောကြောင့် ကျေးဇူးတင်ပါ၏။ ချစ်လှစွာသော သခင်ယေရှုခရစ်တော်ဘုရား အကျွန်ုပ်အပေါ်၌ သန့်ရှင်းသောဝိညာဉ်တော် သွန်းလောင်းတော်မူ၍ အထွတ်အမြတ်ဖြစ်တော်မူခြင်းအခွင့်ကို ပေးသနားတော်မူပါ။ သင့်ရဲ့အသွေးတော်အားဖြင့် စာတန်၏ ကျော့ကွင်းနှင့် လောကီ ချည်နှောင်ခြင်းထဲမှ လွတ်မြောက်ခြင်းအခွင့်ရှိပါ၏။ သခင်ယေရှုခရစ်တော်၏ နာမတော်မြတ်ကြောင့် အချည်အနှောင်၊ ကျော့ကွင်းဟူသမျှကို ပယ်ဖျက်နိုင်ရသော အခွင့်ရရှိပါ၏။ အသွေးတော်မြတ်အားဖြင့် ယခု ကျွန်ုပ်တော်လွတ်မြောက်ရပါ၏။

သခင်ယေရှုခရစ်တော်ဘုရား လက်ဝါးကပ်တိုင်တော်၌ နေရာယူပေးတော်မူသောကြောင့် ကျေးဇူးတင်လျက် ခွင့်လွှတ်ခြင်း၊ အနာငြိမ်းခြင်း၊ ဖြောင့်မတ်ခြင်းနှင့် ကောင်းကြီးမင်္ဂလာများ စီးဆင်းလျက်ရှိပါ၏။

### (၁) လက်ခံတော်မူခြင်း

သခင်ယေရှုသည် ငါတို့အတွက်ကြောင့် ငြင်းပယ်တော်မူခြင်းကိုခံရ၍ ငါတို့သည် ထိုသခင်အားဖြင့် လက်ခံတော်မူခြင်းအခွင့်ကို ရကြ၏။

သုံးချက်တီးအချိန်၌ ယေရှုက ဧလိ၊ ဧလိ၊ လာမာရှာ ဗခဿနိဟု ကြီးသောအသံနှင့် ကြွေးကြော်တော်မူ၏။ အနက်ကား၊ အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော် မူသနည်းဟု ဆိုလိုသတည်း။ ထိုအရပ်၌ ရပ်နေသောသူ အချို့တို့သည် ကြားလျှင်၊ သူသည် ဧလိယကို ခေါ်သည်ဟုဆိုကြ၏။ လူတစ်ယောက်သည်

ချက်ချင်းပြေး၍ ရေမှိုတစ်ထွေးကို ပုံးရည်နှင့်ပြည့်စေပြီးလျှင်၊ ကျူလုံးဖျား၌တပ်၍ ကိုယ်တော်အား သောက်စိမ့်သောငှာ ပေးလေ၏။ ကြွင်းသောသူတို့က၊ ရှိစေတော့။ ဧလိယသည် သူ့ကိုကယ်တင်ခြင်းငှာ လာမည်မလာမည်ကို ကြည့်ကြကုန်အံ့ဟု ဆိုကြ၏။ ယေရှုသည် ကြီးသောအသံနှင့် တစ်ဖန်ကြွေးကြော်ပြီးလျှင် အသက်တော်ကို လွှတ်တော်မူ၏။ (မဿဲ၊ ၂၇း၄၆–၅၀)။

## (၂) ခွင့်လွှတ်ခြင်း

သခင်ယေရှုခရစ်တော်ဘုရားသည် သူ့အသွေးတော်အားဖြင့် ကားတိုင်တော်၌ အကျွန်ုပ်၏အပြစ် ခွင့်လွှတ်ခြင်းအတွက် အပြစ်ဒဏ်ခံတော်မူခဲ့သည်။

ခပ်သိမ်းသော သတိပညာတော်နှင့်လျော်စွာ ငါတို့၌ အတိုင်းထက်အလွန် များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ ––– (ဧဖက်၊ ၁း၇)။

ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌တည်၍ ဇာတိပကတိအတိုင်း မကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့် လွတ်ကြ၏။ (ရော၊ ၈း၁)။

## (၃) ဖြောင့်မတ်ခြင်း

သခင်ယေရှုဘုရားသည် ငါတို့အပြစ်ကြောင့် အပြစ်ရှိသောသူအဖြစ်သို့ရောက်၍၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်ကြ၏။

ထာဝရဘုရားသည် သူ့ကိုနှိပ်စက်ခြင်းငှာ အလိုတော်ရှိ၍ နာစေတော်မူ၏။ သူသည် အပြစ်ဖြေသောယဇ်ကို ပူဇော်ပြီးမှ မျိုးနွယ်တော်ကို မြင်ရလိမ့်မည်။ အသက်တော်လည်း ရှင်လိမ့်မည်။ ထာဝရဘုရား၏ အကြံတော်သည်လည်း သူ၏လက်၌ စုံခြင်းသို့ရောက်လိမ့်မည်။ (ဟေ၊ ၅၃း၁၀)။

အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း။ (၂ကော၊ ၅း၂၁)။



နီးခံခြင်း၊ ထိုက်တန်ခြင်း၊ အသီးသီးခြင်း တိုးပွားခြင်း၊ ဉာဏ်ပညာပြည့်စုံခြင်းအားဖြင့် သူတို့ကို ပြည့်ဝစေတော်မူပါ။ ကိုယ်တော်၏တန်ခိုးတော်အားဖြင့် ခွန်အားရှိစေတော်မူပါ။ စွဲခန့်မှတ်သားခြင်း လမ်းမပေါ်သို့ ခေါ်ဆောင်တော်မူ၍ မြင့်မြတ်သောစိတ်ထားဖြင့် လမ်းမှန်သို့ ပို့ဆောင်တော်မူပါ။ တရားကိုနာယုံမျှသာမဟုတ်ဘဲ ကျင့်သောသူများဖြစ်စေတော်မူပါ။ စုံစမ်းနှောင့်ယှက်ခြင်း အမှုထံမှ လွတ်မြောက်စေ၍ တုန်လှုပ်ခြင်းမရှိဘဲ ခိုင်မာသော နှလုံးသားဖြင့် တည်ဆောက်တော်မူပါ။ လူတိုင်းနှင့် သူတို့ကို ကိုက်ညီစေတော်မူပါ။

နှုတ်ကပတ်တော်ကို အပြောသက်သက်သာမဟုတ်ဘဲ လက်တွေ့အားဖြင့် လျှောက်လှမ်းစေပါ။ ကိုယ်တော်၏ အစွမ်းအစအားဖြင့် ကိုယ်ကျိုးငဲ့သူများ ဖြစ်စေတော်မူပါ။ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းကို ဦးစွာရှာစေလျက် ကြွယ်ဝသော ကောင်းကြီးဖြင့် ရစ်ပတ်တော်မူပါ။ သူတို့သည် တိုးပွားလျက် အဦးသီးသောအရာဖြင့် ကိုယ်တော့ကိုယ် ပူဇော်တတ်လာကြပြီး ကြည်ညိုနိုင်ကြပါမည့်အကြောင်း အကျွန်ုပ် ဆုတောင်းပါ၏။ မေတ္တာထားခြင်း၊ ကျေးဇူးပြုခြင်း၊ ဖြောင့်မတ်ခြင်း၊ ဂရုဏာထားခြင်း၊ မိမိကိုယ်ကို ဆန်းစစ်ခြင်း၊ နှိမ့်ချစွာ လျှောက်လှမ်းတတ်ခြင်းဖြင့် ကိုယ်တော့်ကို ချီးမွမ်းနိုင်ပါမည့်အကြောင်း မစတော်မူပါ။

## ၅။ သင့်မြို့ရွာနှင့် အဖွဲ့အစည်း (မြို့တော်ဝင်၊ ကောင်စီဝင်၊ တရားသူကြီး၊ ခရိုင်အမှုထမ်း စသည် )များအတွက် ဆုတောင်းပါ။

## ၆။ သင့်နိုင်ငံရှိ (သမ္မတ၊ ဝန်ကြီးချုပ်၊ အစိုးရရုံး၊ အကြီးအကဲများ၊ ပါလီမန်အမတ်များ၊ အဖွဲ့ဝင်များ၊ ခရိုင်အရာရှိများ) အတွက် ဆုတောင်းပါ။

ကောင်းကင်ဘုံရှင်ဘုရား ကိုယ်တော်၏ ကြီးစိုးအုပ်ချုပ်မှုအတွက် ကျေးဇူးတင်ပါ၏။ (၁တိ–၂း၁)။ အမျိုးသမီး အမျိုးသားအားလုံး တန်ခိုးသက်ရောက်နိုင်ပါမည်အကြောင်း ဆုတောင်းပါ၏။ (၁တိ–၂း၂) ဝိညာဉ်တော်ကို သွန်းလောင်းတော်မူလျက် တန်ခိုးဖြင့် ပြည့်ဝစေတော်မူပါ(သု–၁း၂၃)။ ရိုးသားခြင်း၊ နာခံခြင်းများ ရှိစေတော်မူပါ။ (ဆာ–၂၅း၂၁)။ သန့်ရှင်းခြင်း၊ မြင့်မြတ်ခြင်း၊ ငြိမ်သက်ခြင်းများ ရှိစေတော်မူပါ (၁တိ–၂း၂) ဉာဏ်တော်အားဖြင့် ပြည့်ဝစေတော်မူပါ။ (သု–၂း၁၀) နားလည်သဘောပေါက်သော

ယုံကြည်ချက် (ဗြဲ–၁၃း၉) လေ့လာသင်ယူတတ်ခြင်း၊ သမ္မာတရားကို ပိုင်းခြားတတ်ခြင်း (၂တိ–၂း၁၅)ဖြင့် လမ်းပါတော်မူပါ။ ကျွန်တော်တို့သည် တိတ်ဆိတ်နေသူများ၊ စောတက တတ်သူများမဟုတ်ဘဲ (သူကြီး–၁း၁၆) လုပ်ဆောင်သောအမှု၌ ကြွယ်ဝခြင်း၊ စိတ်ဆန္ဒ ပြင်းပြသူများ ဖြစ်စေတော်မူပါ (၁တိ–၆း၁၈)။ ဦးခေါင်းမှ အဆစ်အပိုင်းများတို့သည် အားပြည့် သဖြင့် အသီးသီးအင်္ဂါများ ကိုယ်လမ်းကိုယ်တာ ပြုပြင်စေတော်မူပါ။ (ဖေက်–၄း၁၆)။ မိမိခံစားရသော ဆုကျေးဇူးဖြင့် လုပ်ဆောင်စေတော်မူပါ။ (၁ပေ–၄း၁၀)။ အာရုံပြုခြင်း အသက်တာ ခိုင်ခံ့စေတော်မူပါ။ (ဖိ–၂း၄) ဖြူစင်သော နှလုံးသားနှင့် တစ်ယောက်ကို တစ်ယောက် ချစ်တတ်စေတော်မူပါ။ (၁ပေ–၁း၂၂) ဆုံးရှုံးခြင်းသို့ မရောက်နိုင်ပါမည့် အကြောင်း မစတော်မူပါ။ (၂ယော–၁း၈)။ ဆုတောင်းခြင်းအမှု၌ စောင့်ဆိုင်းတတ်သော အသက်တာပေးတော်မူပါ။ (၁ပေ–၄း၇)။ နေ့ရက်စဉ်တိုင်း မစတော်မူပါ (ဖေက်–၅း၁၆)၊ စိတ်ရှည်ခြင်းဖြင့် လျှောက်လှမ်း ခြင်း (ဗြဲ ၁၂း၁) လောကီအရာထက် အထက်အရာကိုသာ စွဲလမ်းစေတော်မူပါ(ကော–၃း၂) ဘုရားသခင်၏ ခေါ်ခြင်းနှင့် ပန်းတိုင်သို့ အရောက်လှမ်းနိုင် မည့်အကြောင်း တွန်းအားပေးတော်မူပါ။ (ဖိ–၃း၁၄)။ စာတန်ရန်ကို တိုက်ခိုက်နိုင်ပြီး လုံခြုံစွာရပ်တည်နိုင်ရန် မစတော်မူပါ။ (ဖေက်–၆း၁၁)။ ရဲစွမ်းသတ္တိရှိစေတော်မူပါ။ (တမန်–၄း၂၉) သခင်ယေရှုခရစ်တော်၏ နာမတော်၌ အံ့သြခြင်း၊ သက်သေထူခြင်း၊ အနာငြိမ်းခြင်းများ ရှိစေတော်မူပါ။ (တမန် ၄း၃၀)

## ၄။ သင့်မိတ်ဆွေ၊ အသိုင်းအဝိုင်း (အလုပ်ရုံ၊ ကျောင်း)နှင့် အိမ်နီးချင်းများအတွက် ဆုတောင်းပါ။

ကိုယ်တော်ဘုရား ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်းဖြင့် ကိုယ်တော်ကို တိုးဝင်လာပါ၏။ နှုတ်ကပတ်တော်၌ လာသည့်အတိုင်း အိပ်ရာမှနိုး၍ ကယ်တင်ခြင်းအတွက် ယုံကြည်ခြင်း အားဖြင့် ဦးခံရသောအချိန်ဖြစ်ပါ၏။ ကိုယ်တော်မှောင်မိုက်ထဲမှ အလင်းသို့ ပို့ဆောင်တော်မူပါ။ ကာမဂုဏ်ပျော်မွေ့ခြင်း၊ တပ်မက်ခြင်းများထဲမှ ကယ်နှုတ်တော်မူပြီး သူတို့ကို အလုပ်အဆင် ပြေစေတော်မူပါ။ စာတန်ရန်မှ လွတ်မြောက်ပြီး မထိုက်တန်ခြင်း အရာထဲမှ ကယ်မတော်မူပါ။ မသန့်ရှင်းသောအရာထဲမှ ကယ်မတော်မူပြီး ကိုယ်တော်နှင့်သာ နီးစေတော်မူပါ။ ကိုယ်တော်၏ ဖြောင့်မတ်ခြင်း လမ်းမှန်အားဖြင့် ဆာငတ်စေတော်မူပါ။ ကိုယ်တော်၌



### (၄) ကယ်တင်ခြင်း

သခင်ယေရှုဘုရား၏ ကျေးဇူးတော်နှင့်အညီ ငါတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြ၏။ ကယ်တင်ခြင်းသည် ဘုရားသခင်၏ ဆုကျေးဇူးတော်သက်သက်သာဖြစ်သည်။ ဘုရားသခင်၏ နက်ရှိုင်းလှသော ချစ်ခြင်းမေတ္တာနှင့် ခိုင်မြဲသော ယုံကြည်ခြင်းတို့သည် သခင်ယေရှုခရစ်တော်၏ အသွေးတော်မြတ်ကြောင့်သာဖြစ်ပြီး ကယ်တင်တော်မူခြင်း ကျေးဇူးတော်ကို ခံစားသက်ရောက်စေသည်။ ခရစ်တော်သည် တစ်ခါတည်း ပူဇော်သောအားဖြင့် ထပ်မံ၍ တိရိစ္ဆာန်အားဖြင့် ပူဇော်ရန်မလိုအပ်တော့ပေ။

### (၅) သားဖြစ်ရခြင်း

ထိုဘုရားသခင်သည် ချစ်တော်မူသော သားတော်ကြောင့် ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းစေခြင်းငှာ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကို ရမည်အကြောင်း၊ အလိုတော်ရှိသော စေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။ (ဖေက် – ၁း၅–၆)။

သို့ဖြစ်၍ သင်တို့သည် နောက်တဖန် အစေအပါးကျွန်မဟုတ် သားပင်ဖြစ်ကြ၏။ သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏ အစေခံလည်းဖြစ်ကြ၏။(ဂလာတိ ၄း၇)။

### (၆) အနာငြိမ်းခြင်း

သခင်ယေရှုခရစ်တော်ဘုရား၏ ဒဏ်ချက်ရာများကြောင့် အကျွန်ုပ် အနာငြိမ်းခြင်း အခွင့်ရှိ၏။

သို့သော်လည်း ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုငင်း၊ ဘုရားသခင်ဆုံးမ၍ ဒုက္ခဆင်းရဲခြင်းကိုငင်း ခံရသောသူ ဖြစ်သည်ဟု ငါတို့ ဆင်ခြင်သုံးသပ်ကြပြီ။ ထိုသူသည် ငါတို့ လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့ပေါ်သို့ရောက်၍ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက် လျက်ရှိကြ၏။ (ဟေ၊ ၅၃း၄–၅)။

ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌

အသက်ရှင်စေမည့် အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီး၊ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ၏။ (၁ပေ၊ ၂း၂၄)။

## (၇) ကြွယ်ဝခြင်း

သခင်ယေရှုသည် ငါတို့အတွက်ကြောင့် ဆင်းရဲခြင်းကို ခံတော်မူ၍ ငါတို့သည် ထိုသခင်၌ စည်းစိမ်ကြွယ်ဝလျက်ရှိကြ၏။

အကြောင်းမူကား၊ ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း၊ ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှာ၊ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကို ခံတော်မူသော ကျေးဇူးတော်ကို သင်တို့သိကြ၏။ (၂ကော၊ ၈း၉)။

သူ၏ ဖြောင့်မတ်ခြင်းသည် အစဉ်အမြဲတည်တတ်၏ဟု လာသည်နှင့်အညီ၊ သင်တို့သည် အရာရာ၌ သုံးလောက်သော ဥစ္စာအမျိုးမျိုး အစဉ်ရှိ၍ ကောင်းသောအကျင့်အမျိုးမျိုးနှင့် အထူးသဖြင့် ပြည့်စုံမည့်အကြောင်း၊ အမျိုးစုံသော မင်္ဂလာကျေးဇူးနှင့် အထူးသဖြင့် ပြည့်စုံစေခြင်းငှာ ဘုရားသခင်တတ်နိုင်တော်မူ၏။ (၂ ကော၊ ၉း၈-၉)။

သခင်ယေရှုသည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကို ခံရသောသူဖြစ်၍ ငါတို့သည် ထိုသခင်အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြပြီ။

ထို့ကြောင့် ဘုရားသခင်ရှေ့တော်၌ ပညတ်တရားအားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်နိုင်ဟု ထင်ရှားလျက်ရှိ၏။ သစ်တိုင်၌ဆွဲထားခြင်းကို ခံရသောသူတိုင်း ကြိမ်ခြင်းကိုခံရသောသူ ဖြစ်သည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကို ခံရသောသူဖြစ်၍ ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှ ရွေးနုတ်တော်မူပြီ။ အကြောင်းမူကား၊ အာဗြဟံခံရသော ကောင်းကြီးမင်္ဂလာသည် ယေရှုခရစ်အားဖြင့် တစ်ပါးအမျိုးတို့၌ သက်ရောက်သည်ဖြစ်၍ ငါတို့သည် ကတိတော်နှင့်ယှဉ်သော ဝိညာဉ်တော်ကို ယုံကြည်ခြင်းအားဖြင့် ခံရကြမည်အကြောင်းတည်း။ (ဂလာ၊ ၃း၁၃-၁၄)။

## (၈) ကောင်းကြီးမင်္ဂလာ

သခင်ယေရှုခရစ်တော်ဘုရားသည် ကိုယ့်ကိုကိုယ် ချိုးဖဲ့ခြင်းဖြင့် ကောင်းကြီးမင်္ဂလာ သက်ရောက်ခြင်း ခံစားရသည်။



ကပ်ခြင်းမရှိစေဘဲ ပညတ်တရား၏ကျိန်ခြင်းမှကယ်နှုတ်တော်မူပါ။ (တရား ၂၈၊ ဂလာ ၃း၁၃) လက်နက်ဖြင့် တိုက်ခိုက်ခြင်းမရှိဘဲ သူတို့ကို အောင်မြင်စေလျက် မှားယွင်းခြင်းအမှုထဲမှ စောင့်ထိန်းတော်မူပါ။ (ဟေရှာ ၅၄း၁၇)။ အဘဘုရား သူတို့ကို ဘိသိတ်မင်္ဂလာပေးတော်မူပါ (ကောလော ၁၂း၁၁)။ သူတို့နှလုံးသားထဲ၌ စကားပြောတော်မူလျက် မွေးဖွားတော်မူပါ (လု ၁း၄၅)။ ဆက်လက်၍ ဆုတောင်းခြင်း၌ အားကြီးစေတော်မူပါ (တမန် ၆း၄)

# အသင်းတော်အတွက် ဆုတောင်းခြင်း

ကောင်းကင်ဘုံရှင် မြတ်စွာသော ဘုရားသခင် ကိုယ်တော်၏ နာမတော်မြတ်အား နှိမ့်ချစွာဖြင့် ကြောက်ရွံ့ရိုသေကြပါ၏ (၁ပေ ၅း၆)။ မသန့်ရှင်းသောအရာများထဲမှ သန့်ရှင်းစေလျက် ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်တော်မူပါ။ (၁ယော ၁း၉) ယုံကြည်ခြင်းနှင့် စိတ်နှလုံးအကြွင်းမဲ့ဖြင့် ကိုယ်တော်၌ နီးကပ်နိုင်ပါမည့်အကြောင်း မစတော်မူပါ။ စာတန်၏ ကျော့ကွင်းထဲမှ လွတ်မြောက်ခြင်းအခွင့်ပေးတော်မူပါ။ ကျွန်တော်တို့ ကိုယ်ခန္ဓာများကို ရေအားဖြင့် ဆေးကြောပေးတော်မူပါ။ (ဗြ-၁၀း၂၂) ကိုယ်တော်၏ နှုတ်ကပတ်တော်အားဖြင့် ကြွယ်ဝစွာ လွှမ်းခြုံတော်မူပါ။ (ကောလော ၃း၁၆)။ ဉာဏ်ပညာအားဖြင့် ပြည့်ဝစေတော်မူပါ။ ဝိညာဉ်ပိုင်းဆိုင်ရာ နားလည်နိုင်သော အစွမ်းအစပေးတော်မူပါ။ (ကောလော ၁း၉)။ ကိုယ်တော်၏ထိုက်တန်စေခြင်း၊ လွတ်မြောက်စေခြင်း၊ အသီးတိုးပွားစေခြင်းဖြင့် မိမိကိုယ်ကို ရပ်တည်နိုင်ပါမည့်အကြောင်း မစတော်မူပါ။ (ကော-၁း၁၀) စိတ်နှလုံးသားကို ဝိညာဉ်တော်အားဖြင့် အသစ်ပြုပြင်၍ (ဖေက်-၄း၂၃) ဂရုဏာတိုးပွားခြင်း၊ ကြင်နာခြင်း၊ နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း၊ အချင်းချင်းခွင့်လွှတ်ခြင်းစသည်တို့ကို ဝေဆာစေတော်မူပါ။ (ကော-၃း၁၂)။ ယုံကြည်ခြင်းအားဖြင့် ပေါင်းစည်းခြင်း၊ ညီညွတ်ခြင်း (ဖက်-၄း၁၃) ကိုယ်နှင့်စပ်ဆိုင်သော သူကို ကိုယ်နှင့်အမျှ ချစ်တတ်ခြင်း၊ မြင့်မြတ်စွာ ချစ်ခြင်းစသည်တို့ဖြင့် ကြီးထွားစေတော်မူပါ (၁သက်-၅း၁၂-၁၃)။ အတူတကွ ပေါင်းစည်းညီညွတ်ခြင်းအတွက် ဆုတောင်းပါ၏။ (၁ကော-၁း၁၀)

စိတ်ဝိညာဉ်တစ်ပါး၊ ဝံဂေလိတစ်ပါးတည်း၊ ယုံကြည်ခြင်းတပါးဖြင့် ရပ်တည်စေတော်မူပါ (ဖိ-၁း၂၇)။ ကွဲပြားခြင်းများအတွက် လုပ်ဆောင်မှုမရှိဘဲ ကောင်းသော ခံယူ

များ အမှု၌ မောပန်းခြင်း ကင်းဝေးစေပါ။ (ဂလာ–၆း၉)။ သူတို့လုပ်ဆောင်ခြင်းများအတွက် အောင်မြင်ခြင်းပေးသော အရှင်ကျေးဇူးတင်ပါ၏။ (ဖိ–၁း၆)။ ခရစ်တော်၌ လုပ်သားကောင်းများ ဖြစ်စေသောကြောင့် ကျေးဇူးတင်ပါ၏။ (ဖေက်–၂း၁၀)။ အလိုတော်အတိုင်း လုပ်ဆောင်နိုင်ကြပါရန် ဖြည့်ဆည်းပေးတော်မူခြင်းအတွက် ကျေးဇူးတင်ပါ၏။ (မြဲ–၁၃း၂)။ လုပ်ဆောင်ချက်တိုင်းတွင်ပင် လုံလောက်ကြွယ်ဝခြင်းရှိနိုင်ကြမည့်အကြောင်းလည်း မစတော်မူပါ (၂ကော ၉း၈)။ အကြောင်းမူကား များစွာကြဲသောသူသည် များစွာရိတ်နိုင်ကြပါမည့်အကြောင်း မစတော်မူပါ။ (၂ကော ၉း၆) တိုးပွားခြင်းအားဖြင့် မစတော်မူပါ။ (၁ကော ၃း၆) ခရစ်တော်၌ အောင်မြင်မှု၊ ပုံ့နှံမှု၊ ပညာတရား၌ မွေးကြိုင်ခြင်းရှိနိုင်ကြပါမည့်အကြောင်းလည်း ဆုတောင်းပါ၏။ (၂ကော–၂း၁၄) သူတို့သည်လည်း ကိုယ်တော်၌ နာခံခြင်းရှိကြပါသောကြောင့် ကောင်းကြီးမင်္ဂလာသည် သက်ရောက်စေခြင်းများအတွက် ကျေးဇူးတင်ပါ၏။ (တရား–၂၈း၂) လျှောက်လှမ်းနိုင်ကြပါမည့်အကြောင်း သွန်သင်တော်မူပါ။ (ဆာ–၃၂း၈)။ ဝိညာဉ်တော်အားဖြင့် နက်နဲရာများကို ပြညွှန်တော်မူပါ။ (၁ကော–၂း၁၀) လုပ်ဆောင်ချက်တိုင်းနှင့် ပြင်ဆင်ချက်တိုင်းအတွက် အောင်မြင်ခြင်း၊ လေးစားခြင်းရှိကြမည့်အကြောင်း မစတော်မူပါ။ (၂တိ–၂း၂၁)

ပုံဥပမာကောင်းဖြစ်နိုင်ဖို့ရာ စိတ်အားထက်သန်ခြင်းနှင့် ဆန္ဒမှန်ကန်ခြင်းဖြင့် သိုးစုများကို ထိန်းကျောင်းစေတော်မူပါ (၁ပေ–၅း၂)။ ထိုသူတို့၏ တရားဟောခြင်း၊ ပြောဆိုခြင်းတို့သည် ဝိညာဉ်တော်၏ အလိုဆန္ဒအတိုင်းသာ ဖြစ်ကြပါ၏။ (၁ကော–၂း၄)။ နှုတ်ကပတ်တော်ကို အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဟောပြောရမည်ဖြစ်သည် (၂တိ–၄း၂) နင်းသမျှသောမြေကို ဘုရားသခင်သည် ပေးတော်မူမည် (ယော–၁း၃)။ ထိုသူတို့သည် ကိုယ်တော်ကို စောင့်လျက် သူတို့၏စိတ်နှလုံးတော်များကို ခွန်အားဖြည့်ဆည်းတော်မူပါ။ (ဆာ–၂၇း၁၄)။ သူတို့သည် ကိုယ်တော့်အတွက် ရဲရင့်ခြင်းဖြင့် လုပ်ဆောင်ကြသောကြောင့် သူတို့နှင့်အတူရှိတော်မူပါ။ (တရား–၃၁း၆)

မြို့၌ မင်္ဂလာရှိစေလျက် လိုအပ်ချက်တိုင်းတွင် ကူညီတော်မူပါ။ (တိတု–၁း၅) ရဲတိုက်ဖြစ်သောဟောစဉ်တွင် မျက်ရည်ကျတော်မူ၏။ (၂ကော–၁၀း၄) ကျွန်ုပ်တို့သမ္မဆရာများကို မစလျက် အသေးတော်နှင့် လွှမ်းခြုံတော်မူပါ။(ပြဲ–၁၂း၂၄)။ ဖျားနာခြင်း၊ ရောဂါစွဲ



ခရစ်တော်သည် ကျွန်တော်တို့အားလုံးကို ပညတ်တရားအောက်မှ ကယ်တင်တော်မူခဲ့သည်။ သစ်တိုင်၌ ဆွဲထားခြင်းကိုခံရသောသူတိုင်း ကျိန်ခြင်းကိုခံရသောသူဖြစ်သည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကိုခံရသောသူဖြစ်၍၊ ငါတို့ကို ပညတ်တရား၏ ကျိန်ခြင်းမှ ရွေးနုတ်တော်မူပြီ။ အကြောင်းမူကား၊ အာဗြဟံခံရသော ကောင်းကြီးမင်္ဂလာသည် ယေရှုခရစ်အားဖြင့် တပါးအမျိုးသားတို့၌ သက်ရောက်သည်ဖြစ်၍၊ ငါတို့သည် ဂတိတော်နှင့်ယှဉ်သော ဝိညာဉ်တော်ကို ယုံကြည်ခြင်းအားဖြင့် ခံရကြမည်အကြောင်းတည်း။ (ဂလာ ၃း၁၃–၁၄)။

သခင်ယေရှုသည် ငါတို့အတွက်ကြောင့် အသေခံတော်မူပြီး ငါတို့သည် ထိုသခင်၌ ဘုန်းကြီးခြင်းသို့ ရောက်ရကြ၏။ ယေရှုဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် လူအပေါင်းတို့အတွက်ကြောင့် အသေခံရသော အခွင့်ရှိစေခြင်းငှာ၊ ကောင်းကင်တမန်သို့ အောက်၌ အနည်းငယ်နှိမ့်ပြီးမှ၊ အသေခံရသောကြောင့် ဦးခေါင်းတော်၌ ဘုန်းအသရေ ပတ်ရစ်လျက်ရှိသည်ကို ငါတို့မြင်ကြ၏။ (ဟေဗြဲ၊ ၂း၉)။

## (၉) ဘုန်းအသရေတော်

သခင်ယေရှုသည် ငါတို့အတွက်ကြောင့် ရှက်ကြောက်ခြင်းကိုခံတော်မူ၍ ငါတို့သည် ထိုသခင်အားဖြင့် ဘုန်းအသရေတော်ကို ခံရကြ၏။

ကိုယ်တော်ကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားပြီးလျှင် အဝတ်တော်ကို စာရေးတံချ၍ ခွဲဝေကြ၏။ ထိုအရပ်၌လည်းထိုင်လျက် စောင့်နေကြ၏။ (မဿဲ၊ ၂၇း၃၅–၃၆)။

ယုံကြည်ခြင်းကို အစဦးစီရင်၍ စုံလင်စေတော်မူသော ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကို မမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော်လက်ျာဘက်၌ ထိုင်နေတော်မူ၏။ အငယ်(၉) တနည်းကား ကိုကာယနှင့်စပ်ဆိုင်သော အဘတို့လက်ဖြင့် ငါတို့သည် ဆုံးမခြင်းကိုခံရသောအခါ သူတို့ကို ရိုသေကြ၏။ ထိုမျှမက စိတ်ဝိညာဉ်တို့၏ အဘထံ ဝန်ခံအပ်နှံလျှင် အသက်ချမ်းသာရကြမည်မဟုတ်လော။ (ပြဲ၊ ၁၂း၂,၉)။

## (၁၀) ထာဝရအသက်

ငါတို့သည် ထာဝရအသက်ကိုရရှိမည့်အကြောင်း သခင်ယေရှုသည် အသေသတ်ခြင်းကို ခံတော်မူခဲ့သည်။

မတရားစွာစီရင်ခြင်းအားဖြင့် သူ့ကိုထုတ်သွားကြသည်။ အသက်ရှင်သောသူတို့၏ နေရာမှ သူ့ကို သုတ်သင်ပါယ်ရှင်းသည်ဖြစ်၍ သူ၏အမျိုးအနွယ်ကို အဘယ်သူ ပြည့်သွန်မည်နည်း။ ငါ၏လူမျိုးအပြစ်ကြောင့် ဒဏ်ခတ်တော်မူခြင်းကို ခံလေ၏။ (ဟေရှာ ၅၃း၈)။

ဘုရားသခင်၌ မှီဝဲသောသူသည် ထိုသခင်နှင့် တစ်စိတ်၊ တစ်ဝိညာဉ်တည်းဖြစ်၏။ (၁ကော ၆း၁၇)။

## (၁၁) လူသစ်

ငါတို့၏ လူဟောင်းသည် ခရစ်တော်၌ အသေသတ်ခြင်းကိုခံပြီး လူသစ်သည် ထာဝရအသက်ရှင်ခြင်းသို့ ရောက်ရ၏။

ထိုမှတပါး ငါတို့၏ လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံပြီဟု ငါတို့သိကြ၏။ အကြောင်းမူကား ငါတို့သည် နောက်မှ အပြစ်တရား၏ အစေကိုမခံစေခြင်းငှာ၊ အပြစ်တရား၏ကိုယ်ကို ဖျက်ဆီးမည် အကြောင်းတည်း။ (ရော၊ ၆း၆)။

အချင်းချင်း မုသားစကားကို မပြောမသုံးကြနှင့်။ အကြောင်းမူကား၊ သင်တို့သည် လူဟောင်း၏ အကျင့်တို့နှင့် လူဟောင်း၏ကိုယ်ကို ချွတ်ပယ်၍၊ ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဌာန်နှင့်အညီ၊ မှန်သောပညာအားဖြင့် အသစ်ပြုပြင်သော လူသစ်ကို ယူတင် ဝတ်ဆောင်သောသူဖြစ်ကြ၏။ (ကောလော၊ ၃း၉-၁၀)။

လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။ (၂ကော၊ ၅း၁၇)။

ယခု သင်ကျင်လည်ဖူးသည့်ဘဝမျိုးဖြစ်သော တပ်မက်လှည့်ဖြားခြင်း၊ ယိုယွင်း ပုပ်ပျက်သော လူဟောင်းကို ချွတ်ပယ်၍၊ စိတ်နှလုံးသဘောသစ်ကိုရပြီးလျှင်၊ သန့်ရှင်းခြင်း ပါရမီနှင့် မှန်သော ဖြောင့်မတ်ခြင်း၌ ဘုရားသခင်နှင့်တူအောင် ဖန်ဆင်းသောလူသစ်ကို ယူတင်ဝတ်ဆောင်မည်အကြောင်းတည်း။ (ဖေက်၊ ၄း၂၂-၂၄)။



မူပါ။ ယောင်ယမ်းသောသူများ မဟုတ်ကြပါကြောင်း အကျွန်ုပ်ဝန်ခံပါ၏။ အပြောသက်သက် သာ မဟုတ်ဘဲ ဖြူစင်သော နှလုံးသားဖြင့် ကိုယ်တော်၌ သစ္စာရှိသောသူများ ဖြစ်ကြပါ၏။ အကြောင်းမူကား ကိုယ်တော်သည် သူတို့ကို လုံခြုံစွာ စောင့်ထိန်းတော်မူသောကြောင့်ဆုံးရှုံး အကျိုးယုတ်သူများ မဟုတ်ကြပါ။ နေ့ညစဉ်တိုင်း ကာကွယ်စောင့်ထိန်းလျက် ကောင်းကင် တမန်များအားဖြင့် တပ်ချလျက် နွေးထွေးလုံခြုံစွာ မစတော်မူပါ။ အကြောင်းမူကား သူတို့သည် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို စောင့်ထိန်းကြပါသောကြောင့် သူတို့ကို ပြည့်စုံစွာမေတ္တာပြသတော်မူပါ။ ကောင်းသောအရာကိုသာ စွဲလမ်းလျက် လောကီဆန်ခြင်း အတုအရောင်များအပေါ် စွဲလမ်းတပ်မက်လိုစိတ် မရှိကြပါမည့်အကြောင်း စောင့်ထိန်းတော် မူကြပါ။ သူတို့သည် ငြိမ်သက်ခြင်း၊ ချစ်ခြင်း၊ ယုံကြည်ခြင်း၊ သန့်ရှင်းခြင်း စသည် အလင်း၌ ကျင်လည်ကြလျက် ရှိကြပါ၏။ ဘုရားသခင်ရှေ့ လူတို့ရှေ့တွင် မျက်နှာသာရလျက် မြင့်မြတ်ကောင်းမွန်သော အသိဉာဏ်ရှိသူများ ဖြစ်ကြပါ၏။

**၂။ ဆွေမျိုး၊ အသိုင်းအဝိုင်းများ ကယ်တင်ခြင်းရရှိနိုင်မည့်အကြောင်း– ဦးလေးများ၊ အဒေါ်များ၊ မွေးချင်းညီအစ်ကိုများ၊ တူ/တူမများ၊ အဘိုး/အဘွားများ၊ သားမက်များ၊ ချွေးမများ၊ ယောက္ခထီးများ၊ ယောက္ခမများ။ ကယ်တင်ခြင်းသည် အသွေးတော် တစ်ခုတည်းဖြင့်သာ ရရှိနိုင်ပါသည်။**

**၃။ သင့်ရဲ့ ဝိညာဉ်ဆိုင်ရာမိသားစု (နောက်လိုက်တမန်တော်များ၊ ပရောဖက်များ၊ ဓမ္မအမှုတော်ဆောင်များ၊ ဧဝံဂေလိဆရာများ၊ ဆရာ/ဆရာမများ၊ ခေါင်းဆောင်များ၊ သင်ထောက်များ၊ သာသနာပြုများ၊ Sunday School ဆရာမများ စသည်တို့အတွက် ဆုတောင်းပေးရမည်)**

ကြီးမြတ်သောအဖ ကျွန်ုပ်တို့ ဓမ္မအမှုတော်ဆောင်များ၏ သစ္စာရှိနိုင်ကြမည့်အကြောင်း မစပေးတော်မူသောကြောင့် ကျေးဇူးတင်ကြပါ၏။ (ဆာ–၃၁း၂၃)။ ကောင်းကြီးမင်္ဂလာနှင့် ကြွယ်ဝစေသောကြောင့် ကျေးဇူးတင်ပါ၏။ (သု–၂၈း၂၀)။ ကောင်းမွန်စွာ လုပ်ဆောင်ခြင်း

ခရစ်တော်ယေရှုအားဖြင့် ငါတို့ကို ထာဝရဘုန်းအသရေတော်သို့ ခေါ်တော်မူသော ခပ်သိမ်းသော ကျေးဇူးကို ပြုတော်မူသော ဘုရားသခင်သည် ခဏဆင်းရဲခံပြီးသော သင်တို့ကို စုံလင်တည်ကြည် ခိုင်ခန့်မြဲမြံစေတော်မူလိမ့်မည်။ (၁ပေ ၅း၁၀)

## ကလေးသူငယ်များအတွက် ဆုတောင်းခြင်း

အဖဘုရားကလေးများ၏ အောင်မြင်ခြင်းအတွက် ကျေးဇူးတင်ပါ၏။ တည်ဆောက်ခြင်း၊ မွန်းမံခြင်းများဖြင့် အသီးများဝေဆာလာစေရန် ဘုရားသခင်သည် ထိုသူတို့ကို သွန်သင်လျက်ရှိသည်။ အနှောင့်အယှက်မရှိဘဲ အေးချမ်းတည်ငြိမ်ခြင်းသည် ကလေးများ၏ ကြီးမားသောလုံခြုံမှုတစ်ခုဖြစ်သည်။ အဖဘုရား ကလေးငယ်များအား ဉာဏ်ပညာနှင့် နှစ်သက်ခြင်းများ ပေးတော်မူပါ။ သူတို့သည် နာခံသောသူများ၊ ထုံးတမ်းအတိုင်း သွေးသား သက်ဆိုင်ခြင်း သက်သက်သာမဟုတ်ဘဲ သန့်ရှင်းသူများဖြစ်ကြောင်း၊ ဦးဆောင်မှုကို ခံယူသူများဖြစ်ကြောင်း အကျွန်ုပ်လျှောက်ပါ၏။ နှုတ်ကပတ်တော်နို့ရည်အားဖြင့် သူတို့သည် ပြင်းပြစွာ ကြီးထွားလျက်ရှိကြပါ၏။ အမျက်ဒေါသထွက်ခြင်း၊ ပြောဆိုခြင်းငှာ နှေးကွေးလျက် နှုတ်ကပတ်တော်ကို နားထောင်ခြင်းအလို့ငှာ လျင်မြန်သောသူများဖြစ်ကြပါ၏။ သူတို့သည် လောဘလွန်ကျူးခြင်းမရှိဘဲ ရှိသည့်အရာပေါ်တွင် ရောင့်ရဲသည်းခံတတ်သောသူများဖြစ်ကြပါ၏။ အမှားအမှန် ခွဲခြားလျက် မျှဝေတတ်သောသူများ ဖြစ်ကြပါ၏။ ကိုယ်တော်၌ ပို၍ ကြီးထွားနိုင်ကြပြီး ကိုယ်တော်၌ အသိဉာဏ် တိုးပွားခြင်းကျေးဇူး၌ လျှောက်လှမ်းကြီးထွားနိုင်ကြပါမည်အကြောင်း အကျွန်ုပ်ဆုတောင်းပေးပါ၏။ သူတို့ထက်ကြီးသူများနှင့် အခြားသူများကို ရိုသေကိုင်းရှိုင်းတတ်ကြပြီး နှိမ့်ချစွာ အသက်ရှင်တတ်ကြသူများ ဖြစ်ကြပါ၏။ သူတို့သည် ကိုယ်တော်၌သာ စူးစိုက်မှုရှိကြပါသောအကြောင်း ကိုယ်တော်သူတို့ကို လမ်းပြတော်မူပါ။ ဂရုစိုက်တော်မူပါ။ ဂရုစိုက်တော်မူပါ။ သူတို့သည် နားရုံသက်သက်သာ ပြုတတ်သူများမဟုတ်ဘဲ ထိရောက်စွာ နှုတ်ကပတ်တော်အတိုင်း လုပ်ဆောင်တတ်ကြသူများ ဖြစ်သည်။ ကြောက်ရွံ့ခြင်းမရှိဘဲ ချစ်ခြင်းတန်ခိုးနှင့် ပြုစင်သော စိတ်ထားရှိကြသူများ ဖြစ်ကြပါသည်။ ကိုယ်တော်ဘုရား သူတို့သည် လုပ်ဆောင်သည့်အတိုင်းမဟုတ်ဘဲ အလိုတော် ရည်ရွယ်ချက်နှင့်အညီ သန့်ရှင်းစွာဖြင့် ကယ်တင်ခြင်းခံရသောသူများ ဖြစ်ကြပါ၏။ သနားတော်



ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခု ငါရှင်သော အသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏။ (ဂလာ၊ ၂း၂၀)။

သခင်ယေရှုသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေတော်မူခြင်းနှင့် အပြစ်ဒုစရိုက်မှ ခွင့်လွှတ် တော်မူခြင်းအားဖြင့် စာတန်မာန်နတ်၏ လုပ်ဆောင်ချက်များကို ရှုံးနိမ့်စေတော်မူခဲ့သည်။ သခင်ယေရှုသည် အပြစ်သားများအားလုံးအတွက် ပြစ်ကြွေးဆပ်ပေးတော်မူပြီး အသွေးတော်မြတ်အားဖြင့် မြင့်မြတ်လှသော ယဇ်ပုရောဟိတ်ဘဝသို့ ရောက်စေတော်မူခဲ့သည်။ တရားဟောရာကျမ်း ၂၈း၁၅–၆၈ လာ ကျိန်ခြင်း အမင်္ဂလာများမှ သခင်ယေရှုခရစ်တော်၏ အသွေးတော်မြတ်အားဖြင့် ခံတင်တော်မူခြင်းကို ခံရလျက်ရှိ၏။

သခင်ယေရှုခရစ်တော်ဘုရား လက်ဝါးကပ်တိုင်တော်၌ အသေခံတော်မူခြင်း အကျိုးကျေးဇူးနှင့် အာပြဟံ၌ပြုသော ပဋိညာဉ်တရား ကောင်းကြီးမင်္ဂလာတို့သည် အကျွန်ုပ်တို့၏ အသက်တာ၌ ပြည့်စုံကြွယ်ဝခြင်းရှိပါစေတော်။ ယခု အကျွန်ုပ်သည် ခရစ်တော်၌ ဘုရားသခင့်ကောင်းကြီးမင်္ဂလာအောက်တွင် ရပ်တည်နေပါသောကြောင့် လက်တင်လက်မြောက်တိုင်း ကောင်းကြီးမင်္ဂလာအလို့ငှာသာ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်၏ဘဝအသက်တာထံတွင် ကျိန်ခြင်းနှင့် ဆင်းရဲခြင်းတို့အတွက် နေရာမရှိတော့ဘဲ သခင်ခရစ်တော် ပေးဆပ်ခဲ့ပြီးသော ဆင်းရဲငတ်မွတ်ခြင်းသည် ထိုသခင်၌ စည်းစိမ်ကြွယ်ဝခြင်းကို ဖြစ်စေတော်မူ၏။

အပြစ်များခွင့်လွှတ်တော်မူခြင်းကို လက်ခံသည်နှင့်အမျှ သခင်ယေရှု၏ အသွေးတော်မြတ်အားဖြင့် ကောင်းကြီးမင်္ဂလာသည် စီးဆင်းလျက်ရှိ၏။

ရှင်မဿဲ၊ ၂၆း၂၈ တွင် ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏ အပြစ်ကို လွှတ်စေခြင်းငှာ သွန်းသော ငါ၏အသွေးဖြစ်၏ဟု ဆိုသောကြောင့် ငါတို့သည် လုံးဝစင်ကြယ်ခြင်းသို့ ရောက်ရကြ၏။

သစ္စာစောင့်သော၊ သက်သေခံဖြစ်တော်မူထသော၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူထသော၊ လောကီဘုရင်တို့၏ အထွဋ်ဖြစ်တော်မူသော ယေရှုခရစ်အထံတော်ကငင်း၊ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။ ငါတို့ကိုချစ်၍

မိမိသွေးနှင့် ငါတို့အပြစ်များကို ဆေးကြောတော်မူ၏။ (ဗျာ၊ ၁း၅)။ ခရစ်တော်၏ အသွေးတော်မြတ်ကြောင့် ငါတို့အသက်သည် စာတန်ကျော့ကွင်းမှ လွတ်မြောက်ခြင်း အခွင့်ရှိ၏။

ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်း ကျေးဇူးကို ငါတို့သည် ခံရကြ၏။ (ကောလော၊ ၁း၁၄)။ အသွေးတော်အားဖြင့် အပြစ်မလုပ်တော့မည့် အကြောင်း သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်းသို့ ရောက်ကြ၏။

ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။ သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍မျှော်လင့်စရာရှိ၏။ (ရော၊ ၅း၈–၉)။

သင်တို့သည် အထက်ကဝေးလျက်ရှိသော်လည်း၊ ယခုမှာ ယေရှုခရစ်၌ဖြစ်၍ အသွေးတော်အားဖြင့် အနီးသို့ရောက်ကြပြီ။ (ဖေက်၊ ၂း၁၃)။ ငါတို့သည် ဘုရားသခင်ထံတော်ပါးမှ ငြိမ်သက်ခြင်းကို ခံရကြ၏။

လက်ဝါးကပ်တိုင်မှာသွန်းသော အသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေ၍ ကောင်းကင်အရာဖြစ်စေ၊ မြေကြီးအရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို သားတော်အားဖြင့် ဘုရားသခင်နှင့် သင့်မြတ်စေခြင်းငှာဂင်း အလိုရှိတော်မူ၏။ (ကောလော၊ ၁း၂၀)။

ထိုမျှမက အပြစ်ကင်းသော ကိုယ်တော်ကို ထာဝရဝိညာဉ်တော်အားဖြင့် ဘုရားသခင်ရှေ့၌ တင်လှူပူဇော်သော ခရစ်တော်၏သွေးသည် သေခြင်းနှင့်စပ်ဆိုင်သော အကျင့်ကို ပယ်ရှင်း၍ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည် အကြောင်း၊ သင်တို့၏ ကိုယ်ကိုကိုယ်သိသောစိတ်ကို စင်ကြယ်စေခြင်းငှာ၊ သာ၍ တတ်နိုင်တော်မူသည်မဟုတ်လော။ (ဗြဲ၊ ၉း၁၄)။

ထိုသို့နှင့်အညီ၊ ယေရှုသည် မိမိအသွေးအားဖြင့် လူများကို စင်ကြယ်စေခြင်းငှာ၊ မြို့ဝင်ပေါက် တံခါးပြင်၌ အသေခံတော်မူ၏။ (ဗြဲ၊ ၁၃း၁၂)။

ခရစ်တော်၏ အသွေးတော်အားဖြင့် ဘုရားသခင်၏ ပလ္လင်တော်သို့ ရဲရင့်သောစိတ်နှင့် တိုးဝင်ရသော အခွင့်ရှိ၏။



အကယ်စင်စစ် မုဆိုး၏ ကျော့ကွင်းနှင့်၎င်း၊ သေတတ်သောအနာနှင့်၎င်း၊ သင့်ကို ကင်းလွတ်စေတော်မူမည်။ (ဆာလံ ၉၁း၃)။

သင့်၌ မကောင်းသော အနိဋ္ဌရုံ မကပ်မရောက်။ သင့်နေရာသို့ ဘေးဥပဒ်မချဉ်းရ။ (ဆာလံ ၉၁း၁၀)

အိပ်သောအခါ ကြောက်စရာမရှိရ။ (သုတ္တံ ၃း၂၄)။

လူကျင့်သောအကျင့်တို့ကို ထာဝရဘုရားသည် နှစ်သက်သောအခါ ထိုသူ၏ ရန်သူကိုပင် သူနှင့်တင့်တယ်စေတော်မူ၏။ (သုတ္တံ ၁၆း၇)

သို့ဖြစ်၍ သင့်တို့ပြုလေရာရာ၌ အောင်နိုင်မည့်အကြောင်း ဤပဋိညာဉ်စကားတို့ကို စောင့်ရှောက်၍ ကျင့်ကြလော့။ (တရား ၂၉း၉)

ငါသည်လည်း သင်တို့၌ တည်နေမည်။ စပျစ်ခက်သည် အပင်၌မတည်လျှင် ကိုယ့်အလိုအလျောက် အသီးမသီးနိုင်သကဲ့သို့ သင်တို့သည် ငါ၌ မတည်လျှင် အသီးမသီး နိုင်ကြ။ (ယောဟန် ၁၅း၄)

သို့ပြုလျှင် စိတ်နှလုံးအလိုပြည့်စုံရသောအခွင့်ကို ပေးတော်မူမည်။ (ဆာလံ ၃၇း၄)

ထို့ကြောင့် ကာလအချိန်တန်လျှင် ဘုရားသခင်သည် သင်တို့ကို ချီးမြှောက်တော်မူ မည့်အကြောင်း တန်ခိုးကြီးသော လက်တော်အောက်၌ ကိုယ့်ကိုယ်ကို နှိမ့်ချကြလော့။ (၁ ပေ ၅း၆)

ထို့ကြောင့် ဘုရားသခင်၏ အလိုတော်အတိုင်း ဆင်းရဲခံရသောသူတို့သည် ဘုရားသခင်ကို သစ္စာရှိသော အသက်သခင်ကဲ့သို့မှတ်လျက် ကောင်းသောအကျင့်ကို ကျင့်နေ၍ ကိုယ်တော်၌ မိမိတို့အသက်ဝိညာဉ်ကို အပ်နှံကြစေ။ (၁ပေ ၄း၁၉)

သင်တို့ကို သတိနှင့် ကြည့်ရှုတော်မူသောကြောင့် သင်တို့၌ စိုးရိမ်ခြင်းအမှုရှိသမျှ တို့ကို ကိုယ်တော်၌ အပ်နှံကြလော့။ (၁ပေ ၅း၇)

သမ္မာ သတိရှိလျက် မအိပ်ပဲ စောင့်နေကြလော့။ သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်း ဟူ၍ လှည့်လည် ရှာဖွေလျက်ရှိ၏။ ( ၁ပေ ၅း၈)။

သို့ဖြစ်၍ လူ့ပြည်အရပ်ရပ်တို့၌ရှိသော သင်တို့ညီအစ်ကိုများတို့သည် ထိုသို့သော ဆင်းရဲခြင်းကို ခံရကြသည်ဟု သိမှတ်လျက်၊ ယုံကြည်ခြင်း၌တည်၍ မာရ်နတ်ကို တားဆီး ကြလော့။ (၁ပေ ၅း၉)

တဖန်ငါဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့တွင် နှစ်ယောက်တို့သည် သဘော ချင်းတူ၍ ဆုတောင်းလျှင် တောင်းသမျှဆုတို့ကို ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ခမည်း တော်သည် ပေးတော်မူလတ္တံ့။ (ရှင်မဿဲ ၁၈း၁၉)

သွားကြလော့၊ မြိန်စွာသော အစာကို စားကြလော့။ ချိုသောအရည်ကို သောက် ကြလော့။ ဆင်းရဲသောသူတို့အား ဝေမျှကြလော့။ ဤသည် နေ့ရက်သည် ငါတို့ဘုရားရှင် အဖို့သန့်ရှင်း၏ ဝမ်းမနည်းကြနှင့် ထာဝရဘုရား ပေးတော်မူသောအခွင့်နှင့် အားယူ၍ ဝမ်းမြောက်ကြလော့ဟု လူအပေါင်းတို့အား ဆိုကြ၏။ ( နေဟမိ ၈း၁၀)။

သင်တို့ စိတ်နှလုံးအထဲ၌ ခရစ်တော်၏ ငြိမ်သက်ခြင်း အုပ်စိုးစေ။ ထိုသို့အလို့ငှာ သင်တို့သည် တစ်လုံးတစ်ကိုယ်တည်း ၌ ခေါ်ထားတော်မူခြင်းကို ခံကြသည်ဖြစ်၍ ကျေးဇူး တော်ကို သိသောစိတ်ရှိကြလော့ (ကောလသဲ ၃း၁၅)

ထာဝရဘုရားသည် ငါ၏အမှုကို ပြီးစီးတော်မူမည်။ အိုထာဝရဘုရား ဂရုဏာတော် သည် အစဉ်အမြဲတည်ပါသည်ဖြစ်၍ ကိုယ်တော်၏လက်နှင့် ပြုစုသောအမှုတို့ကို စွန့်ပစ်တော် မမူပါနှင့်။ (ဆာလံ ၁၃၈း၈)

အကျွန်ုပ်၏ ချိုးကိုကား၊ ကြံ့ချိုးကဲ့သို့ ချီးမြှောက်၍ အကျွန်ုပ်ကို အသစ်သော ဆီနှင့် လိမ်းတော်မူလိမ့်မည်။ (ဆာလံ ၉၂း၁၀)။

သင့်ကိုအသက်ကြီးစဉ်၊ ကောင်းသောအရာနှင့် ရောင့်ရဲစေတော်မူသဖြင့်၊ သင်၏ အရွယ်သည် ရွှေလင်းတ၏ အရွယ်ကဲ့သို့ ပြုပြင်ခြင်းရှိ၏။ (ဆာလံ ၁၀၃း၅)။

အသက်ကြီးသောကာလတွင်ပင်၊ အသီးကိုသီး၍ ကြွယ်ဝစိမ်းလန်းကြလိမ့်မည်။ (ဆာလံ ၉၂း၁၄)။

ရှည်သောအသက်နှင့် သူ့ကိုရောင့်ရဲစေ၍ ငါ၏ကယ်တင်ခြင်းကျေးဇူးကို သူ့အား ပြမည် ။ (၉၁း၁၆)။

ကိုယ်တော်သည် သူ့ကိုယ်မှစ၍ သူ့အိမ်နှင့်သူ့ဥစ္စာရှိသမျှ ပတ်လည်၌ စောင့်ရန်း ကာတော်မူသည်မဟုတ်လော။ သူပြုလေသမျှတို့ကို ကောင်းချီးပေးတော်မူပြီ။ သူ့ သိုး၊ နွားအစရှိသော တိရစ္ဆာန်တို့သည် မြေပေါ်မှာ အလွန်ပွားများကြပြီ (ယောဘ ၁း၁၀)

ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့ ပတ်လည်၌ ကောင်းကင်တမန်တော်တို့ သည် တပ်ချ၍ ကယ်လွှတ်တတ်ကြ၏။ (ဆာလံ ၃၄း၇)



ထို့ကြောင့် ညီအစ်ကိုတို့ ခရစ်တော်၏အသွေးတော်အားဖြင့် ရဲရင့်သောစိတ်ဖြင့် သန့်ရှင်းရာဌာနထဲသို့ ဝင်ရသောအခွင့်ရှိကြ၏။ အသွေးတော်အားဖြင့် ငါတို့အပြစ်များကို ဆေးကြောလျက်ရှိ၏။(ဗြ၊ ၁၀း၁၉)။

ဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့ ငါတို့သည် အလင်း၌ကျင်လည်လျှင် အချင်းချင်း မိတ်သဟာရဖွဲ့ခြင်းရှိကြသည်ဖြစ်၍၊ ဘုရားသခင်၏သားတော် ယေရှုခရစ်၏ အသွေးတော်သည် ငါတို့ အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။ (၁ယော၊ ၁း၇)။ အသွေးတော်အားဖြင့် ရန်သူများအပေါ် အောင်နိုင်သော အခွင့်ရှိ၏။

သူတို့သည် သိုးသူငယ်၏သွေးအားဖြင့်၎င်း၊ မိမိတို့သက်သေခံချက် နှုတ်ကပတ် တရားအားဖြင့်၎င်း အောင်မြင်၍ အသေခံသည့်တိုင်အောင် ကိုယ့်အသက်ကို မနှမြောကြ။ (ဗျာ၊ ၁၂း၁၁)။ ယေရှုခရစ်တော်၏ အသွေးတော်အားဖြင့် အပြစ်ခွင့်လွှတ်ခြင်းရှိ၏။

ကိုယ့်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏။ (၁ယော၊ ၁း၉)။ ယေရှုခရစ်တော်၏အပါး၌ ကိုယ်စားခံပေးလျက်ရှိ၏။

ပဋိညာဉ်တရားသစ်၏ အာမခံတည်းဟူသော ယေရှုထံတော်သို့၎င်း၊ အာဗေလ၏ သွေးပြောဆိုသောအရာထက် သာ၍မြတ်သောအရာကို ပြောဆိုသော ဖြန်းဆွတ်ခြင်း၏ သွေးထံသို့၎င်း ရောက်ကြ၏။ (ဗြ၊ ၁၂း၂၄)။

သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ရာ ဘုရားသခင်၏ ဗိမာန်တော် ဖြစ်ကြသည်ဟု သမ္မာကျမ်းစာ၌ တွေ့ရပါသည်။ သင်တို့သည် ဘုရားသခင်၏ ဗိမာန်တော် ဖြစ်ကြသည်ကို၎င်း၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော် မူသည်ကို၎င်း၊ မသိကြသလော။ (၁ကော၊ ၃း၁၆)။

၁ကော၊ ၆း၁၅ – သင်တို့ကိုယ်ခန္ဓာသည် ခရစ်တော်၏ အင်္ဂါဖြစ်ကြောင်းကို မသိကြ သလော။ သို့ဖြစ်လျှင် ခရစ်တော်၏အင်္ဂါကိုယူ၍ ပြည်တန်ဆာ၏အင်္ဂါဖြစ်စေအပ်သလော။ မဖြစ်စေအပ်။ ၆း၁၆ – အဘယ်သို့နည်း။ ပြည့်တန်ဆာ၌ မှီဝဲသောသူသည် ထိုပြည့်တန်ဆာ နှင့် တစ်သားတစ်ကိုယ်တည်း ဖြစ်ကြောင်းကို မသိကြသလော။ ထိုသူနှစ်ယောက်တို့သည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရလိမ့်မည်ဟု ကျမ်းစာလာ၏။ ၆း၁၇ – ဘုရားသခင်၌ မှီဝဲသောသူသည် ထိုသခင်နှင့် တစ်စိတ်တစ်ဝိညာဉ်တည်းဖြစ်၏။ ၆း၁၈ – မတရားသော

မေထုန်ကို ကြဉ်ရှောင်ကြလော့။ လူပြုတတ်သော အခြားဒုစရိုက်ရှိသမျှတို့သည် ကိုယ်ပြင်၌ ရှိ၏။ မတရားသောမေထုန်ကို ပြုသောသူမူကား၊ မိမိကိုယ်ကိုပင် ပြစ်မှား၏။ ၁၉ – အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော် တည်းဟူသော သင်တို့အထဲ၌ ကိန်းဝပ်သည့် သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန် ဖြစ်ကြောင်းကိုငင်း၊ မိမိတို့ကို မိမိတို့မပိုင် ကြောင်းကိုငင်း၊ မသိကြသလော။ ၂၀ – သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့။ (၁ကော၊ ၆း၁၅–၂၀)။

ကိုယ်ခန္ဓာအသက်ရှင်ခြင်းနှင့် သန့်ရှင်းသောယဇ်ပူဇော်ရန် ရွေးချယ်တော်မူသော ဘုရားသခင်အား ကျေးဇူးတင်ရှိပါသည်။ ဘုရားသခင်သည် ဝိညာဉ်နှင့်ငင်း၊ သစ္စာနှင့်ငင်း ကိုးကွယ်သောသူတို့၏အထဲ၌ ဘုန်းတော်ထင်ရှားစေရန် ကိန်းဝပ်တော်မူလျက်ရှိသည်။ ကျွန်ုပ်တို့အထဲမှထွက်လာသမျှတို့သည် ဘုရားသခင်ကို ပေါ်လွင်စေပြီး ကျိုးပဲ့ကြေမွခြင်းနှင့် ချိုးမွမ်းခြင်းအသက်တာအားဖြင့် ဘုန်းတော် ထင်ရှားလျက်ရှိသည်။

## ဟောရှေယ ၅၃

၁။ ငါတို့ဟောပြောသော သတင်းစကားကို အဘယ်သူ ယုံသနည်း။ (ရောမ ၁၀း၁၇) ထာဝရဘုရား၏ လက်တော်သည် အဘယ်သူအား ထင်ရှားတော်မူသနည်း။

၂။ ထာဝရဘုရား၏ကျွန်သည် အညွှန့်ကဲ့သို့ငင်း၊ သွေ့ခြောက်သောမြေ၌ပေါက်သော အတက်ကဲ့သို့ငင်း၊ ရှေ့တော်၌ ကြီးပွား၏။ ပမာဏပြုစရာ အဆင်းတင့်တယ်ခြင်းမရှိ။ ချစ်လိုဘွယ်သော မျက်နှာလက္ခဏာနှင့် မပြည့်စုံ။

၃။ မထီမဲ့မြင်ပြုခြင်းကိုခံ၍၊ လူတို့တွင် အယုတ်ဆုံးသောသူဖြစ်၍ ငြိုငြင်သောသူ၊ နာကြဉ်းခြင်း ဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူတပါးမျက်နှာလွှဲခြင်းကို ခံရသော သူကဲ့သို့ ဖြစ်၏။

၄။ မထီမဲ့မြင်ပြုခြင်းကို ခံလျက်ရှိ၍၊ ငါတို့သည် မရိုသေကြ။ သို့သော်လည်း ထိုသူသည် ငါတို့ အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကို ငင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုငင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။



## စဉ်ဆက်မပြတ်ဆုတောင်းပါ။

### ၁။ မိမိကိုယ်တိုင်နှင့် မိသားစု (အိမ်ထောင်ရေး၊ သားသမီး)များ ဘုရားကို ချစ်တတ်လာရန်

သူတို့သည် သိုးသူငယ်၏အသွေးအားဖြင့်ငင်း၊ မိမိတို့ သက်သေခံချက် နှုတ်ကပတ်တရားအားဖြင့်ငင်း အောင်မြင်၍ အသေခံသည်တိုင်အောင် ကိုယ်အသက်ကို မနှမြောကြ။ (ဗျာ၊ ၁၂း၁၁)။ ထာဝရဘုရားသည်စစ်မှုကို ပိုင်တော်မူကြောင်း (၁ရာ၊ ၁၇း၄၇) တွင် တွေ့ရသည်။ ထာဝရဘုရားအား နေ့စဉ်ခေါ်ခြင်းအမှု၌ မိသားစုအတွက် ကိုယ့်ကိုကိုယ် စောင့်ထိန်းပါ။ ခရစ်တော်ယေရှု၏ အသွေးတော်မြတ်အားဖြင့် သင့်မိသားစုကို ကာကွယ် လွှမ်းခြုံတော်မူလိမ့်မည်။

အဘဘုရား၊ အခြားသော အမှုအရာထက်မက အချင်းချင်းအားကြီးသော ချစ်ခြင်း မေတ္တာရှိကြလော့။ ချစ်ခြင်းမေတ္တာသည် များစွာသော အပြစ်တို့ကို ဖုံးအုပ်တတ်၏။ (၁ ပေတရု ၄း၈)

မြည်တမ်းခြင်းမရှိဘဲ အချင်းချင်း ဧည့်သည့်ဝတ်ကို ပြုကြလော့။(၁ပေတရု ၄း၉)

ဘုရားသခင်သည် အရာရာ၌ ယေရှုခရစ်အားဖြင့် ဘုန်းတော်ထင်ရှားစေမည့် အကြောင်း၊ ဟောပြောသောသူသည် ဘုရားသခင်၏ ဗျာဒိတ်တော်နှင့်အညီ ဟောပြောစေ။ အခြားသောအမှုကို ဆောင်ရွက်သောသူသည် ဘုရားသခင်ပေးသနားတော်မူသော အစွမ်းသတ္တိအတိုင်း ဆောင်ရွက်စေ။ ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်း အသရေ အစွမ်းသတ္တိရှိတော်မူစေသတည်း။ အာမင် ( ၁ ပေတရု ၄း၁၁ )

ငါတို့အဖို့ အသေခံတော်မူပြီ။ ထို့ကြောင့် သင်တို့သည် ယခုပင်ပြုသည့်နည်းတူ အချင်းချင်းတိုက်တွန်း၍ တစ်ယောက်ကိုတစ်ယောက် တည်ဆောက်ကြလော့။ ( ၁ သက် ၅း၁၁ )

ညီအစ်ကိုတို့ ယခုငါသည် သင်တို့ကို ဘုရားသခင်၌အပ်နှံ၏။ သင်တို့ကို တည် ဆောက်ခြင်းငှာငင်း၊ သန့်ရှင်းသောသူအပေါင်းတို့နှင့်အတူ သင်တို့အား အမွေပေးခြင်းငှာငင်း တတ်နိုင်သော ဘုရားသခင်၏ ကျေးဇူးတော်တရား၌လည်း သင်တို့ကို ငါအပ်နှံ၏။ (တမန်တော် ၂၀း၃၂)

ကိုယ်တော်၌ ပေါင်းစည်းနိုင်ခြင်းသည်လည်း ခရစ်တော်၏ အသွေးတော်သက်သက်ကြောင့်သာဖြစ်၏။ ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်းကျေးဇူးကိုငင်း (ကောလော၊ ၁း၁၄)၊ ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းကိုငင်း (ရော၊ ၅း၉)၊ ဘုရားသခင်၌ နီးကပ်စေခြင်းကျေးဇူးကိုငင်း (ဖေက်၊ ၂း၁၃)၊ သေခြင်းနှင့်စပ်ဆိုင်သောအကျင့်ကို ပယ်ရှင်းပေးခြင်း (ဗြ၊ ၉း၁၄)၊ အနာငြိမ်းစေခြင်း (ပေ၊ ၅၃း၅၊ ၁ပေ၊ ၂း၂၄)၊ အောင်မြင်၍ ကျော်လွှားနိုင်ခြင်း အသက်တာကိုငင်း (ဗျာ၊ ၁၂း၁၁) ပေးတော်မူ၏။ ရန်ငြိုးခြင်း၊ ရှက်ကြောက်ခြင်း၊ အပြစ်သင့်ခြင်း၊ ကြောက်ရွံ့ခြင်းများ၌ ဒူးမထောက်ရမည်အကြောင်း ခရစ်တော်သည် အမှုပြီးစီးတော်မူခဲ့၏။ ယေရှုဘုရားသင့်ရဲ့အသွေးတော်အားဖြင့်သာ နံနက်တိုင်း ဂရုဏာအသစ်ကို ခံစားရပါ၏။ ဂရုဏာသည် တရားစီရင်ခြင်းကိုအောင်၍ ဝါကြွားတတ်သကဲ့သို့ သင့်မြတ်ခြင်းအပြည့်နှင့် လျှောက်လှမ်းရသောအခွင့်ရှိပါ၏။ (ယာကု၊ ၂း၁၃)။ ဆင်းရဲခြင်းအမှုထဲမှ လွတ်မြောက်ရန်ငင်း၊ ကျိုးပဲ့သောနှလုံးသားအတွက် ငြိမ်သက်ခြင်းများရရှိခံစားစေ နိုင်ရန် သခင်ယေရှုခရစ်သည် ထိုက်တန်လှပါ၏။ ခရစ်တော်ယေရှုဘုရား ကန့်လန့်ကာအတွင်း၌ချ၍ မြဲမြံခိုင်ခံ့သော စိတ်နှလုံး၏ ကျောက်ဆူးကဲ့သို့ ငါတို့၌ ရပ်တည်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ (ဗြ၊ ၆း၁၉)။ ကိုယ်တော်မြတ်ဘုရား လိုအပ်သော အမှုအရာများအတွက် သခင်ယေရှုခရစ်ကဲ့သို့ ကိုယ်တော့်ကို သိကျွမ်းပြီး ဘုန်းတော်ထင်ရှားစေရန် အသုံးတော်ခံစေသောကြောင့် ကျေးဇူးတင်ပါ၏။ သူတစ်ပါးကို သွန်သင်ခြင်းအမှု၌ငင်း၊ မှတ်သိပ်သူများအား ကျွေးမွေးခြင်း၊ အနာစွဲသူများအား အနာငြိမ်းစေနိုင်ခြင်း၊ ပူဆွေးသောကရောက်သူများအား နှစ်သိမ့်မှုပေးနိုင်ခြင်း၊ ဆင်းရဲသောသူတို့၌ ဝမ်းမြောက်စရာ အကြောင်းဖြစ်စေခြင်းငှာ အသုံးပြုတော်မူပါ။ ကိုယ်တော်၏အလိုတော်ကို သိရှိနားလည်နိုင်ပြီး အသံတော်ကိုကြားနိုင်ခြင်းနှင့် ကိုယ်တော်၏ သက်သေဖြစ်နိုင်ပါမည့်အကြောင်း ယေရှုခရစ်တော်၏ မြတ်သောနာမ၌ အသနားခံတောင်းလျှောက်ပါ၏။ (အာမင်)။

ဘုရားသခင်သည် ကျွန်တော်တို့ကို သူ့ရဲ့ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းတော်မူပြီး သစ္စာနှင့်ငင်း ဝိညာဉ်နှင့်ငင်း ချီးမွမ်းစေလိုသည်။



၅။ ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်းသက်ခြင်းချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍၊ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက် ရှိကြ၏။

၆။ ငါတို့ရှိသမျှတို့သည် သိုးကဲ့သို့ လမ်းခွဲလျက် ကိုယ်လမ်းသို့ အသီးသီးလိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။

၇။ ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကိုခံ၍ နှုတ်ကိုမဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှာ ဆောင်သွားသော သိုးသူငယ်ကဲ့သို့ သူ့ကိုဆောင်သွား၍၊ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့ သူသည် နှုတ်ကိုမဖွင့်ဘဲနေ၏။

၈။ မတရားစွာ စီရင်ခြင်းအားဖြင့် သူ့ကိုထုတ်သွားကြ၏။ အသက်ရှင်သောသူတို့၏ နေရာမှ သူ့ကိုသုတ်သင်ပယ်ရှင်းသည်ဖြစ်၍၊ သူ၏အမျိုးအနွယ်ကို အဘယ်သူ ပြည့်နှမ်းမည်နည်း။ ငါ၏ လူမျိုးအပြစ်ကြောင့် ဒဏ်ခတ်တော်မူခြင်းကို ခံလေ၏။

၉။ ပြစ်မှားခြင်းကိုမပြု။ သူ၏နှုတ်၌ မုသာမရှိသော်လည်း လူဆိုးတို့နှင့်အတူ မြေမြှုပ်ခြင်းငှာ စီရင်ကြ၏။ သို့ရာတွင် သေပြီးမှ သူဌေးဖြစ်၏။

၁၀။ ထာဝရဘုရားသည် သူ့ကိုနှိပ်စက်ခြင်းငှာ အလိုတော်ရှိ၍ နာစေတော်မူ၏။ သူသည် အပြစ်ဖြေသောယဇ်ကို ပူဇော်ပြီးမှ အမျိုးအနွယ်တော်ကို မြင်ရလိမ့်မည်။ အသက်တော်လည်း ရှည်လိမ့်မည်။ ထာဝရဘုရား၏ အကြံတော်သည်လည်း သူ၏လက်၌ ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်။

၁၁။ မိမိစိတ်ဝိညာဉ်ခံရသော ဝေဒနာ၏အကျိုးကို မိမိမြင်၍ အားရလိမ့်မည်။ ထိုဖြောင့်မတ်သောငါ၏ ကျွန်ကို သိကျွမ်းခြင်းအားဖြင့် သူသည် အများသောသူတို့ကို ဖြောင့်မတ်ရာ၌ တည်စေလိမ့်မည်။ သူတို့၏အပြစ်ကို ကိုယ်တိုင်ဆောင်ရွက်ရ၏။

၁၂။ ထိုသို့ မိမိအသက်ကို သေခြင်း၌သွန်း၍ မတရားသောသူတို့နှင့် ရေတွက်ဝင်ခြင်းသို့ ရောက်သဖြင့်၊ လူများတို့၏အပြစ်ကို ဆောင်ရွက်၍၊ မတရားသောသူတို့အဘို့ တောင်းပန်သောကြောင့် လူကြီးတို့ကို သ၏အဘို့ဖြစ်စေခြင်းငှာ ငါခွဲမည်။ အစွမ်းသတ္တိရှိသောသူတို့ကို သူ၏လက်ရဉစ္စာကဲ့သို့၊ ကိုယ်တိုင်ဝေဖန်ရသော အခွင့်ရှိလိမ့်မည်။

လွန်ခဲ့သော ၂၀၁၄ ခုနှစ်တွင် ဘုရားသခင်သည် သူ၏ ကြီးမားသောဂရုဏာတော်ကို ဖျားနာခြင်းအပေါ်၌ သက်ရောက်စေခဲ့သည်။ ဘုရားသခင်သည် သူ၏ ချစ်လှစွာသော သားတော်ရင်းကိုပင် နှမြောခြင်းမရှိဘဲ စေလွှတ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ အနာများကိုပင် ငြိမ်းစေခဲ့သည်။

သခင်ယေရှု၏ ''အမှုပြီးပြီ''ဟု ကြွေးကြော်ခြင်းသည် ကျွန်ုပ်တို့၏အပြစ်ကျူးလွန်ခြင်း၊ ညစ်ညူးခြင်း၊ ဖျားနာခြင်း၊ အနာရောဂါစွဲကပ်ခြင်းတို့ကို ဖုံးအုပ်ပေးသည့်အပြင် ငြိမ်သက်ခြင်းနှင့် ကယ်တင်ခြင်းကိုပင် ခံစားစေသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏အပြစ်ကြွေးများကို ပြီးပြည့်စုံစွာ ဆပ်ပေးတော်မူခဲ့သည်။

သခင်ယေရှုခရစ်တော်၏ အသွေးတော် ပက်ဖြန်းခဲ့သောနေရာ (၇)နေရာကို လေ့လာကြည့်ကြပါစို့။ သမ္မာကျမ်းစာတော်မြတ်၌ ကိန်းဂဏန်းသည် ပြည့်စုံခြင်းဟု အဓိပ္ပာယ်ရသည်။

၁။ ဘုရားသခင်၏ အလိုတော်နှင့်အညီ သခင်ယေရှုသည် ဂေသရှေမန် ဥယျာဉ်တွင် နှိပ်စက်ခြင်းခံရသောအားဖြင့် မျက်နှာတော်မှ အသွေးတော်ကို ပက်ဖြန်းခဲ့သည်။ (လုကာ ၂၂း၄)။
သခင်ယေရှုသည် လက်ဝါးကပ်တိုင်အားဖြင့် နာကျင်ခြင်းခံစားရမည့်အရာကို ကြိုသိခြင်းဖြင့် အို အဘ ''ဤခွက်သည် အကျွန်ုပ်ကို လွန်သွားပါစေ''ဟု ငိုကြွေးခဲ့သည်။ ယေရှုသည် ထိုကဲ့သို့ ခံစားခြင်းအားဖြင့် သွေးချွေးကို လွှင့်စင်ခဲ့သည်။ ဤကဲ့သို့ ခံစားပေးဆပ်ခြင်းအားဖြင့် ကျွန်ုပ်တို့ကို တန်ခိုးသက်ရောက်စေခဲ့သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် အဖိုးအခကို ပေးတော်မူခဲ့သည်မှာ မူးယစ်ခြင်း၊ သောက်စားခြင်း၊ ကောက်ကျစ်ခြင်း၊ ဖောက်ပြန်ခြင်းနှင့် ပြစ်မှားခြင်းများ ကင်းဝေးစေရန်ဖြစ်သည်။

၂။ သခင်ယေရှုသည် သူ၏ကျောကုန်းဘက်မှ အသွေးတော် ဖြန်ခြင်းသည် ကိုယ်ခန္ဓာ အနာငြိမ်းခြင်းအတွက် ဖြစ်သည်။ သူ၏ကျောကုန်းမှ (၃၉)ချက် အရာခံစားရခြင်းသည် အနာငြိမ်းခြင်းအတွက် ဖြစ်သည်။ ထိုအနာငြိမ်းခြင်းသည် ရောဂါတည်းဟူသော ကင်ဆာ၊ အနာကြီးရောဂါ၊ ဆီးချိုရောဂါ၊ (AIDS) ရောဂါ စသည်တို့အတွက်ပင်ဖြစ်သည်။



ခြင်းအမှုသည် ကြောက်မက်ဖွယ်သောအမှုဖြစ်သတည်း။ သင်တို့သည် အလင်းသို့ ရောက်ပြီးသည်နောက်၊ လူများရှေ့မှာ ကဲ့ရဲ့ညှဉ်းဆဲခြင်းကို ခံရသဖြင့်၎င်း၊ ထိုသို့ခံရသောသူနှင့် ဆက်ဆံ သောအပေါင်းအဖော်ဖြစ်သဖြင့်၎င်း၊ ကြီးစွာသောဆင်းရဲဒုက္ခဝေဒနာများကို ဆိုင်ပြိုင်တိုက်လှန်ခြင်းနှင့် တွေ့ကြုံသော အထက်ကာလအချိန်ကို အောက်မေ့ကြလော့။ ထိုအခါ သင်တို့သည် အကျဉ်းခံရသော သူတို့အတွက်ကြောင့် ကြင်နာသောစိတ်ရှိရသည်သာမက၊ ကိုယ်ပစ္စည်းဥစ္စာများကို သူတစ်ပါး လုယူဖျက်ဆီးသော်လည်း၊ ကိုယ်သုံးစရာဖို့ ကောင်းကင်ဘုံ၌ သာ၍မြတ်သော အမြဲတည်သော ဘဏ္ဍာရှိသည်ကိုသိ၍၊ လုယူဖျက်ဆီးခြင်းကို ဝမ်းမြောက်သောစိတ်နှင့် ဝန်ခံကြ၏။ ထို့ကြောင့် ကြီးစွာသောအကျိုးနှင့်ယှဉ်သော သင်တို့၏ ရဲရင့်ခြင်းစိတ်ကို မစွန့်ကြနှင့်။ ဘုရားသခင်၏အလိုတော်ကို ဆောင်ပြီးမှ ဂတိတော်အတိုင်း အကျိုးကိုရမည်အကြောင်း သည်းခံခြင်းစိတ်ရှိရမည်။ အဘယ်ကြောင့်နည်းဟူမူကား၊ ကြွလာလတံ့သောသူသည် မဆိုင်းမလင့်ဘဲ၊ မကြာမြင့်မီရောက်တော်မူလိမ့်မည်။ ဖြောင့်မတ်ရာ၌ တည်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ သို့သော်လည်း၊ ရွေ့လျောလျှင် ငါ့စိတ်ဝိညာဉ်သည် ထိုသူကို အားရနှစ်သက်ခြင်းမရှိဟု ဘုရားသခင် အမိန့်တော်ရှိ၏။ ငါတို့မူကား ပျက်စီးခြင်းသို့ရောက်အံ့ သောငှာ ရွေ့လျော့သောသူမဟုတ်။ စိတ်ဝိညာဉ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ ယုံကြည်သောသူဖြစ်ကြ၏။ (ဟေ၊ ၁၀)။

## ''ဂရုဏာပလ္လင်၌ ဆုတောင်းခြင်း''

ကောင်းကင်ဘုံ ရှင်ဘုရားသားတော်၏ အသွေးအားဖြင့် ရွေးနုတ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်မြတ်ဘုရား ကျွန်ုပ်အပေါ်ထားရှိသော နက်နဲလှသည့် ကိုယ်တော့်ရဲ့ချစ်ခြင်းမေတ္တာ အတွက် နာမတော်ကို ချီးမွမ်းပါ၏။ သခင်ယေရှုခရစ်တော်အားဖြင့် အစွမ်းသတ္တိတန်ခိုးနှင့် ပြည့်ဝစေတော်မူသောကြောင့်လည်း ကျေးဇူးတင်ပါ၏။ အသွေးတော်အားဖြင့်သာမဟုတ်ခဲ့လျှင် တစ်စုံတစ်ဦးမျှ စုံစမ်းနှောက်ယှက်ခြင်း၊ အပြစ်ကျူးလွန်ခြင်း၊ လိမ်ညာလှည့်ဖြားခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်းများအပေါ် အောင်နိုင်မည်မဟုတ်ကြောင်း ဝန်ခံကြပါ၏။ သမ္မာတရားနှင့်၎င်း၊ ဝိညာဉ်နှင့်၎င်း၊ ကိုးကွယ်နိုင်ခြင်း၊

## “ဖွဲလုံ့လရှိကြရန် နှိုးဆော်ခြင်း”

ထို့ကြောင့် ညီအစ်ကိုတို့၊ ယေရှု၏ ကိုယ်ခန္ဓာတည်းဟူသော ကန့်လန့်ကာအားဖြင့် ထိုသခင် ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင် ငါတို့သည် သန့်ရှင်းရာဌာနထဲသို့ အသွေးတော်ကို အမှီပြု၍ အဆီးအတားမရှိ ဝင်ရသောအခွင့်ရှိသဖြင့်၎င်း၊ ဘုရားသခင်၏ အိမ်တော်ကို အုပ်စိုးသော ယဇ်ပုရောဟိတ် မင်းရှိသဖြင့်၎င်း၊ ငါတို့သည် သစ္စာနှင့် ပြည့်စုံသော သဘောရှိ၍ ဝိစိကိစ္ဆာနှင့်ကင်းသော ယုံကြည်ခြင်း၌ တည်လျက်၊ စိတ်နှလုံးကို သံဝေဂတရားနှင့် လွတ်အောင်ဖြန်းခြင်း၊ ကိုယ်ကာယကိုလည်း ကြည်သာရေဖြင့် ဆေးကြောခြင်းရှိပြီးမှ၊ အထံတော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့။ မျှော်လင့်ခြင်းအကြောင်းကို ဝန်ခံ၍ မတိမ်းယိမ်း မရွေ့လျားဘဲ တည်ကြည်ကြကုန်အံ့။ အကြောင်းမူကား၊ ကတိထားတော်မူသောသူသည် သစ္စာနှင့်ပြည့်စုံတော်မူ၏။ ထိုမှတစ်ပါး မေတ္တာစိတ်ရှိစေခြင်းငှာ၎င်း၊ ကောင်းသောအကျင့်ကို ကျင့်စေခြင်းငှာ၎င်း၊ တိုက်တွန်းနှိုးဆော်ရသောအခွင့်ကိုရှာ၍ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ထောက်စာကြည့်ရှုကြကုန်အံ့။ လူအချို့တို့၏ ထုံးစံရှိသည်အတိုင်း၊ အချင်းချင်း စုဝေးခြင်းအမှုကို မရှောင်လွှဲကြနှင့်။ အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကို ထောက်သဖြင့် သာ၍ ကြိုးစားကြလော့။

အကြောင်းမူကား၊ သမ္မာတရားကိုသိပြီးမှ ကိုယ်အလိုသို့လိုက်၍ ပြစ်မှားပြန်လျှင်၊ နောက်တစ်ဖန် အပြစ်ဖြေသာယဇ်ကို ပူဇော်ရာအခွင့်မရှိဘဲ၊ ဒဏ်စီရင်ခြင်းကို ခံရမည်ဟု ကြောက်မက်ဖွယ်သော မျှော်လင့်ရသောအကြောင်း၊ ငြင်းဆန်သောသူတို့ကို ဖျက်ဆီးဖို့ရာ အမျက်တော်မီးလောင်ခြင်းကိုခံရသော အကြောင်းရှိ၏။ မောရှေ၏တရားကို ပယ်သောသူ မည်သည်ကား၊ သက်သေခံနှစ်ဦးသုံးဦးရှိလျှင်၊ သနားခြင်းကိုမရဘဲ သေရ၏။ ထိုမျှမက ဘုရားသခင်၏သားတော်ကို မြေပြင်ကျော်နင်းလျက် မိမိကိုစင်ကြယ်စေသော ပဋိညာဉ် တရား၏သွေးကို ပြစ်တင်လျက် ဆုကျေးဇူးကိုပေးသော ဝိညာဉ်တော်ကို မထီမဲ့မြင်ပြုသူ သည် အဘယ်မျှလောက် ကြီးစွာသောဒဏ်ဖြင့် ခံထိုက်သည်ကို သင်တို့ထင်ကြသနည်း။ ငါသည် အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေးမည်ဟူ၍၎င်း၊ ထာဝရဘုရားသည် မိမိလူတို့အဖို့ တရားစီရင်မည်ဟူ၍၎င်း၊ မိန့်တော်မူသောသူကို ငါတို့ သည် အမှန်သိကြ၏။ အသက်ရှင်တော်မူသော ဘုရားသခင်၏ လက်တော်သို့ ကျရောက်



၃။ သခင်ယေရှု၏ ဦးခေါင်းတော်မှ အသွေးတော်ဖြန်းခြင်းသည် စိတ်ရောဂါရှင်များနှင့် ရူးသွပ်သူများအတွက် ဖြစ်သည်။ ခေါင်းတော်မှ ဆူးရစ်သရဖူဖြင့် ကျိစယ်ခြင်း၊ နာကျင်စေခြင်းသည် သင်၏ အောင်မြင်ရေးအတွက် ဖြစ်သည်။

သင်သည် မယား၏စကားကို နားထောင်၍ စားမိသောကြောင့် မြေသည် သင်၏ အတွက် ကျိန်ခြင်းကို ခံလျက်ရှိ၏။ မြေ၏အသီးကို တသတ်ပတ်လုံး ပင်ပန်းစွာ စားရမည်။ ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင်တို့အဖို့ပေါက်စေမည်။ လယ်၌ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။ သင်ထွက်ရာမြေသို့ မပြန်မီတိုင်အောင် သင်၏မျက်နှာမှ ချွေးထွက်လျက် အစာကိုစားရမည်။ အကြောင်းမူကား သင်သည် မြေမှုန့်ဖြစ်၍၊ မြေမှုန့်သို့ ပြန်ရမည်ဟု မိန့်တော်မူ၏။

၄။ သခင်ယေရှု၏ လက်မှအသွေးဖြန်းခြင်းသည် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်တာများ အောင်မြင်စေရန်အတွက် ဖြစ်သည်။ လက်ဖဝါးတော်မှ ဒဏ်ချက်ရာများသည် အာဒံနှင့်ဧဝတို့၏ လက်ထဲတွင် ရောက်မည့် ဩဇာအာဏာအတွက် ဖြစ်သည်။ နာမခံခြင်းအားဖြင့် သူတို့၏ ဩဇာများ ဆုံးရှုံးခဲ့ရသော်လည်း ယေရှုခရစ်၏ ဒဏ်ချက်ရာများဖြင့် ပြန်လည်ရရှိခဲ့ကြသည်။ ထို့ကြောင့် သင်သည် လူနာအပေါ်တို့ လက်တင်ပေးခြင်းဖြင့် လူနာကို ကျန်းမာစေလိမ့်မည်။ သင်၏ ကလေးများ ခေါင်းအုံးတွင် လက်တင်ပေးခြင်းအားဖြင့် ဘုရားသခင်အစေခံများ ဖြစ်သွားပါလိမ့် မည်။ ကလေးများ၏ စာအုပ်၊ အဝတ်အစားများပေါ်တွင် လက်တင်ပေးခြင်း အားဖြင့် အောင်မြင်ကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အသွေးတော်မြတ် အားဖြင့် မိမိ၏လက်ထဲတွင် အာဏာတန်ခိုး သက်ရောက်စေခဲ့တော်မူခြင်းကြောင့် ဖြစ်သည်။ ဖျားနာခြင်း၊ အနာစွဲခြင်း၊ ဖျက်ဆီးခြင်းများထဲမှပင်လျှင် လက်တင် ပေးခြင်းအားဖြင့် လွတ်မြောက်နိုင်ကြပါလိမ့်မည်။

၅။ ယေရှုခရစ်တော်၏ ခြေထောက်မှ ပက်ဖြန်းခဲ့သော အသွေးတော်သည် ကျွန်ုပ်တို့ သွားလေရာတိုင်း၌ ကျွန်တော်တို့ ခြေမချော်စေခြင်းငှာ ဖုန်းအုပ်ပေးလျက်ရှိသည်။ ရောမစစ်သားများသည် ယေရှု၏ ခြေထောက်ကို ထိပ်ချွန်များဖြင့် စူးဆွခဲ့ကြသည်။ ထိုသို့ ယေရှု၏ ခြေထောက်ဖောက်ဖျက်ခဲ့ခြင်းသည် ယနေ့ လျှောက်လှမ်းခြင်းထဲ၌ အုပ်စိုးခွင့်ရှိရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် အမြီးမဖြစ်ရဘဲ ခေါင်းဖြစ်ကြရမည်

ဖြစ်သည်။ နိမ့်ကျခြင်းမဟုတ်ဘဲ ချီးမြှောက်ခြင်းခံကြရမည်ဖြစ်သည်။ အာဒံသည် ဧဒင်ဥယျာဉ်၌ စကားနားမထောင်ခဲ့ခြင်းကြောင့် သူ၏ အခွင့်အာဏာ၊ အုပ်စိုးမှု စွမ်းရည်များ ပျောက်ကွယ်ခဲ့ရပြီး စာတန်သည် လောက၏ အရှင်ဖြစ်လာခဲ့သည်။ သို့သော် ယေရှုခရစ်တော်၏ အသွေးတော်မြတ်ကြောင့် စာတန်အားဖြင့် ရှုံးနိမ့်ခြင်း မရှိဘဲ အောင်နိုင်သူများဖြစ်ကြရသည်။ ကျွန်ုပ်တို့သည် ယုံကြည်သူများဖြစ်သည့် အားလျော်စွာ စာတန်ကို ရှုံးနိမ့်စေပြီး တန်ခိုးအာဏာဖြင့် လျှောက်လှမ်း ကြသည့်နည်း အိမ်နီးချင်းများ၌ပင် ကြွေးကြော်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ရှင် ယေရှု၏ မျက်မှောက်တွင် ပျောက်ခဲ့ကြပြီး စာတန်ချည်နှောင်ခြင်း ထဲတွင် ရုန်းမထွက်နိုင်ခဲ့ကြသော်လည်း ခရစ်တော်၏ အသွေးတော်အားဖြင့် စာတန်ရန်ကို ချေနိုင်ပြီး အောင်နိုင်သူများ ဖြစ်ကြသည်။

၆။ ယေရှုသည် နှလုံးသားကို ထိုးဆွကာ ဝမ်းမြောက်ခြင်းအတွက် အောင်နိုင်ခဲ့သည်။ နံဘေးတော်ကို စစ်သားများမှ ထိုးချိန်တွင် သွေးနှင့်ရေသည် ချက်ချင်းထွက်လာ သည်နှင့် ကျိုးပဲ့သောနှလုံး အနာငြိမ်းခဲ့ရသည်။ နေဟမိ ၈း၁၀။ ထာဝရဘုရား၌ ဝမ်းမြောက်ခြင်းသည် ခွန်အားကိုဖြစ်စေတော်မူ၏။ ယေရှုသည် အပြစ်ကို ယူဆောင်ပေးရုံသာမကဘဲ အပြစ်၏နာကျင်ခြင်းကိုပင် တုတ်သင်ပေးလျက်ရှိသည်။ ရှေးဆိုရိုးစကားရှိသည်။ ၎င်းမှာ နာကျင်မှုမှ အလင်းစက်ဝန်း၊ အမာရွတ်မှ ကျယ်တာယာဟူ၍ ဖြစ်သည်။ ယေရှုသည် ကျိုးပဲ့ကြေမွသော စိတ်တော်အားဖြင့် လက်ဝါးကပ်တိုင်တော်ပေါ်တွင် ကိုယ်ခန္ဓာဖြင့် အသေခံမည့်အရာသာမကဘဲ သစ္စာဖောက်ခြင်း၊ ငြင်းပယ်ခြင်းဖြင့် အချင်းဟုခေါ်ဆိုမည့်အရာကိုပင် ကြိုတင် သိတော်မူခဲ့သည်။ အချင်းမိတ်ဆွေဟု ခေါ်ဆိုခြင်းဖြင့်သာ ငြင်းပယ်ခြင်းခံခဲ့ရသည်။ အတော်များများတို့သည် သာသနာလုပ်ရင်းနှင့်ပင် သူ့ကိုငိုကြွေးစေခဲ့ကြပြီး အသေခံစေကြသည်။

၇။ ယေရှု၏ ပွန်းပဲ့ခြင်းသည် ကျွန်ုပ်တို့၏ အတွင်းဒဏ်ရာများနှင့် အပြစ်ကျူးလွန်ခြင်းမှ လွတ်မြောက်စေခဲ့သည်။ အကယ်၍ သင်၏ခန္ဓာကိုယ်သည် ပွန်းပဲ့သည်ရှိသော် အတွင်းထဲမှ သွေးယိုထွက်လိမ့်မည်။ အချို့သော ပွန်းပဲ့ချင်းများအတွက်မူ ရှေးအခါကတည်းက နက်ရှိုင်းစွာပြုခဲ့ပြီး ဖြစ်သည်။ အောင်မြင်ခြင်းလမ်းမပေါ်တွင် နက်ရှိုင်းစွာ လျှောက်လှမ်းနိုင်ကြမည်အကြောင်း အပြင်သဏ္ဍာန်၌သာ ခွင့်လွှတ်



အို ‥ဘုရားသခင်၊ အကျွန်ုပ်သည် ကိုယ်တော်၏အလိုတော်ကို ဆောင်အံ့သောငှာ သွားပါမည်ဟုဆိုသည့်တွင်၊ ဒုတိယဝတ်ကို တည်စေခြင်းငှာ ပထမဝတ်ကိုပယ်၏။ ထိုအလိုတော်နှင့်အညီ ယေရှုခရစ်၏ ကိုယ်တော်ကို တစ်ခါတည်း ပူဇော်သောအားဖြင့်၊ ငါတို့သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏။ ယဇ်ပုရောဟိတ်မည်သည်ကား၊ နေ့တိုင်း ဝတ်ပြုလျက်၊ အပြစ်ကိုဖြေနိုင်သော ယဇ်ကို အထပ်ထပ်အဖန်ဖန် ပူဇော်လျက် ရပ်နေရ၏။ ထိုသခင် မူကား၊ အပြစ်ကိုဖြေခြင်းငှာ ယဇ်တစ်ခုတည်းကို ပူဇော်ပြီးမှစ၍၊ ဘုရားသခင်၏ လက်ျာတော်ဘက်၌ အစဉ်အမြဲထိုင်၍၊ မိမိရန်သူတို့ကို မိမိခြေတင်ရာချမထားမှီတိုင်အောင် မျှော်လင့်လျက်နေတော်မူ၏။

အကြောင်းမူကား၊ စင်ကြယ်ခြင်းငှာ၊ တစ်ခါတည်း ပူဇော်ခြင်းအားဖြင့် ပြုတော်မူ၏။ ထိုသို့နှင့်အညီ၊ သန့်ရှင်းသောဝိညာဉ်တော်သည် ငါတို့အား သက်သေပေးတော်မူသည်မှာ၊ နောင်ကာလအခါ သူတို့၌ ငါပေးသော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ့ပညတ်တို့ကို သူတို့နှလုံးထဲမှာ ပေးသွင်းမည်။ သူတို့စိတ်ဝိညာဉ်ပေါ်မှာ ရေးထားမည်ဟု အထက်ကမိန့်တော်မူပြီးမှ၊ တစ်ဖန်တုံ၊ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်း အမျိုးမျိုးကို ငါမအောက်မေ့ဘဲနေမည်ဟု လာသတည်း။ ထိုအပြစ်တို့ကို လွှတ်ပြီးလျှင် နောက်တစ်ဖန် အပြစ်ဖြေသော ပူဇော်သက္ကာကို ပြုစရာအကြောင်းမရှိ။

**(ခ) ကျေးဇူးတော်ယဇ်ပလ္လင် – ဘုရားသခင်၏ ပလ္လင်တော်ကို ခေရုဗိမ်အားဖြင့် စောင့်ထိန်းခြင်းပုံဆောင်ချက်။**



ယဇ်ပုရောဟိတ်မင်းသည် သန့်ရှင်းရာဌာနထဲသို့ သူတစ်ပါးသွေးနှင့် နှစ်တိုင်းအစဉ် ဝင်ရသကဲ့သို့ ခရစ်တော်သည် အဖန်များစွာ ကိုယ်ကိုပူဇော်ရသည်မဟုတ်။ ထိုသို့ ပူဇော်ရသည်မှန်လျှင် ကမ္ဘာဦးမှစ၍ အဖန်များစွာ အသေခံတော်မူရ၏။ ယခုမူကား၊ ဤကပ်ကာလအဆုံး၌ တစ်ခါတည်း ကိုယ်ကိုပူဇော်သောအားဖြင့် အပြစ်များကို သုတ်သင်ပယ်ရှင်းခြင်းငှာ ပေါ်ထွန်းတော်မူ၏။ လူသည် တစ်ခါတည်းသာသေ၍ ထို့နောက်မှ တရားစီရင်ခြင်းကို ခံရမည်။ ထိုနည်းတူ၊ ခရစ်တော်သည် လူများအပြစ်တို့ကိုခံခြင်းငှာ တစ်ခါတည်း ကိုယ်ကိုပူဇော်ပြီးမှ နောက်တစ်ဖန် ထိုသခင်ကို မျှော်လင့်လျက်နေသော ကယ်တင်ခြင်းအလို့ငှာ၊ အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတံ့။ (ပြ၊ ၉)။

## ခရစ်တော်၏ တစ်ခါတည်းသောပူဇော်သက္ကာ

တစ်နည်းကား၊ ပညတ်တရားသည် နောင်ဖြစ်လတံ့သော မင်္ဂလာအကျိုးတို့၏ သေချာသော ပုံသဏ္ဍာန်ကိုမပြ၊ အရိပ်ကိုသာပြသည်ဖြစ်၍ နှစ်စဉ်မပြတ်ပူဇော်သော ယဇ်အားဖြင့် အထံတော်သို့ ချဉ်းကပ်သောသူတို့ကို စုံလင်ခြင်းအဖြစ်၌ မတည်စေနိုင်ရာ။ တည်စေနိုင်လျှင် ဝတ်ပြုသောသူတို့သည် တစ်ခါတည်းနှင့် စင်ကြယ်ခြင်းသို့ရောက်ပြီးမှ၊ နောက်တစ်ဖန် သံဝေဂတရားရစရာအကြောင်း အလျှင်းမရှိသည်ဖြစ်သောကြောင့် ထိုယဇ်တို့ကို တစ်ခါတည်းသာပူဇော်၍ နောက်တစ်ဖန် မပူဇော်ဘဲနေရကြမည် မဟုတ်လော။ ယခုမူကား၊ ယဇ်ပူဇော်သည်တွင် အပြစ်များကို နှစ်တိုင်းအောက်မေ့ခြင်းရှိ၏။ အကြောင်းမူကား၊ နွား၊ ဆိတ်၏အသွေးသည် အပြစ်ကိုမပယ်နိုင်ရာ။

ထို့ကြောင့် ခရစ်တော်သည် ဤလောကသို့ ကြွလာသောအခါ အိုဘုရားသခင်၊ ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကို အလိုတော်မရှိသည်ဖြစ်၍၊ အကျွန်ုပ်အဖို့ ကိုယ်ခန္ဓာကို ပြင်ဆင်တော်မူပြီ။ မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို အားရနှစ်သက်တော်မမူသောအခါ၊ ကျမ်းစာလိပ်၌ အကျွန်ုပ် အမှတ်ပြု၍ ရေးထားသည်နှင့်အညီ၊ အကျွန်ုပ်သည် ကိုယ်တော်၏အလိုကို ဆောင်အံ့သောငှာ သွားပါမည်ဟု အကျွန်ုပ် ဝန်ခံပါသည်ဟု လျှောက်ဆို၏။ ပညတ်တရားအတိုင်းပြုရသောဝတ်ကို ရည်ဆောင်လျက် ခရစ်တော်က မီးရှို့ရာယဇ်၊ အပြစ်ဖြေရာယဇ် အစရှိသော ယဇ်များနှင့် ပူဇော်သက္ကာများသို့ ကိုယ်တော်သည် အလိုတော်မရှိ၊ အားရနှစ်သက်တော်မမူဟု အထက်ကဆိုနှင့်ပြီးမှ၊ တဖန်တုံ



ခြင်းသက်သက်မဟုတ်ဘဲ အထူးသဖြင့် အတွင်းလူကိုပင် ဘုန်းတန်ခိုးနှင့် ပြည့်စုံစေမည်ဟု သခင်ယေရှုမှ မိန့်မှာတော်မူခဲ့သည်။

ကျွန်ုပ်တို့အပြစ်နှံ့ထဲ၌ နှစ်မွန်းခြင်း၊ အားနည်းခြင်း စသည့် ဆိုးတွန်းယုတ်မာခြင်းများသည် ကျွန်ုပ်တို့၏ ဘိုးဘေးများကြောင့် သဘာဝသာဖြစ်သည်။ ထိုဆိုးတွန်းမှုများကို ဝိညာဉ်တော်သည် ချိုးပဲ့ဖို့ရန် ကြိုးစားလျက်ရှိသည်။ သဘာဝတရားမှ ချိုးဖဲ့မှုများကို ဝိညာဉ်တန်ခိုးဖြင့် တင်းကြပ်စွာ အနိုင်ယူရမည်သာဖြစ်သည်။ အကယ်၍ သင်သည် နက်နဲစွာ အတွင်းထဲ၌ ပွန်းပဲ့ခြင်းရှိမည်ဆိုလျှင် ဖြစ်တန်ရာသော လင်မယားကွဲပြားခြင်း၊ သေကြောင်းကြံခြင်း၊ ကာမလွန်ကျူးခြင်း အစရှိသည်များအတွက် ယေရှုကိုယ်တော်တိုင် ငြီးငွေ့ခြင်းဖြင့် ထွန်းဖောက်ပေးသောကြောင့် နောက်တဖန်ပြန်၍ ထိုအရာများက သင့်ကို ချည်နှောင်လာလိမ့်မည် မဟုတ်ပေ။ ယေရှု၏ကိုယ်မှ ထွက်လာသော သွေးနှင့်ရေတွင် အသွေးတော်မြတ်သည် ကယ်တင်ခြင်းလမ်းကြောင်းကို လမ်းခင်းပေးပြီး၊ ရေသည် သန့်ရှင်းဖြောင့်မတ်တည်ကြည်ခြင်းအတွက် လမ်းခင်းပေးလျက်ရှိသည်။ သွေးနှင့်ရေသည် မဖြောင့်မတ်သူများအတွက် မရှိမဖြစ်လိုအပ်သော အရာဖြစ်ပြီး အသွေးတော်သည် ခွင့်လွှတ်ခြင်းအတွက်ငှာ၊ ရေသည် အကာအကွယ်အတွက် ဖြစ်သည်။

ဤဆုတော်ချက်ဖြင့် ဆုတောင်းပါ။ ။ ကိုယ်တော်မြတ်ဘုရား၊ ကိုယ်တော်ရဲ့ ပေးဆပ်ပေးခြင်းအားဖြင့် အနာငြိမ်းခြင်းပေးသည်သာမက ညှင်းဆဲခြင်း၊ မိသားစုပြိုကွဲခြင်း စသည့်အရာများ မခံစားရသောကြောင့် ကျေးဇူးတင်ပါ၏။ ကျွန်ုပ်၏အသက်တာကို ပျက်စီးခြင်းလမ်းကြောင်းပေါ်သို့ ခွင့်ပြုခြင်းမရှိဘဲ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေး သောကြောင့် ကျေးဇူးတင်ပါ၏။ အရာအားလုံးပေါ်၌ အုပ်စိုးရသောအခွင့်၊ အစွမ်းသတ္တိ၊ အောင်မြင်ခြင်းများ ခံစားစေသောကြောင့် ကျေးဇူးတင်ပါ၏။ မိသားစု ဆိုးသွမ်းခြင်းမှ လွတ်မြောက်စေရုံမက အတွင်းနှလုံးသား ကြံ့ခိုင်ခြင်း၊ ဝမ်းမြောက် ခြင်းသည် ခွန်အားဖြစ်ခြင်းများ ရှိစေသောကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏ ရိုက်နှိပ်စူးရှခံခဲ့ရခြင်းများသည် ကျွန်ုပ်အတွက် စာတန်ချည်နှောင်ခြင်းမှ လွတ်မြောက်ခြင်းများဖြစ်စေသောကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏ ချွေးစက်တော်များသည် ကျွန်ုပ်အတွက် ကျန်းမာခြင်း၊

စည်းစိမ်ကြွယ်ဝစေသော ကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏ ဖြန်းခဲ့သော အသွေးတော်မြတ်သည် ကျွန်ုပ်အတွက် အပြစ်မှလွတ်မြောက်ခြင်း၊ တည်ဆောက်ခြင်းများ ဖြစ်စေသော ကြောင့် ကျေးဇူးတင်ပါ၏။ အာမင်။ ။ ဟု ဆုတောင်းပါ။

သူ့အသင်းတော်သည် အသွေးတော်မြတ်ဖြင့် ဖုံးအုပ်ခဲ့ပြီ။

## (ခ) ကြေးဝါအင်တုံ (သန့်စင်ရန်အင်တုံ) ယေရှုခရစ်တော်သည် ကြေးဝါအင်တုံဖြစ်တော်မူ၏။



အင်တုံသည် ဘုရားသခင်၏ အိမ်တော်(တဲတော်)သို့ သွားရာလမ်းပေါ်ရှိ ဒုတိယမြောက် အရာဝတ္ထုဖြစ်ပြီး ရေအပြည့်ဖြည့်ထားသည်။ (ထွက်၊ ၄၀း၆–၇)။ အင်တုံ (Laver) ၏ အဓိပ္ပါယ်မှာ ဆေးကြောခြင်း (ဝါ) သန့်စင်ခြင်းဟု အဓိပ္ပါယ်ရပြီး တရားစီရင်ခြင်းနှင့်လည်း သက်ဆိုင်လျက်ရှိသည်။ အင်တုံဆိုသည်မှာ ခြေလက်ဆေးရန် ဇလုံတစ်ခုဖြစ်ပြီး မြင့်မားစွာ ကြေးဝါဖြင့် အရောင်တင်ထားပါသည်။ ထိုသို့ ပြောင်လက်စွာအရောင်တင်ရခြင်းသည် ယဇ်ပုရောဟိတ်များ ခြေလက်ဆေးကြောရာတွင် မိမိကိုယ်ကို ပြန်လည် မြင်တွေ့မှုရှိစေရန် တန်ပြန်သက်ရောက်မှုအတွက်ဖြစ်သည်။ အင်တုံသည် ကြေးဝါယဇ်ပလ္လင်ကဲ့သို့ မဟုတ်ဘဲ



မိမိအသွေးတော်နှင့် သန့်ရှင်းရေးဌာနထဲသို့ တစ်ခါတည်းဝင်တော်မူ၏။

အကြောင်းမူကား အညစ်အကြေးရှိသောသူတို့ပေါ်၌ဖြန်းသော နွားသွေး၊ ဆိတ်သွေး၊ နွားမကလေး၏ပြာသည် သူတို့ကိုယ်ခန္ဓာ၌ စင်ကြယ်ခြင်းကို ပြုနိုင်သည်မှန်လျှင်၊ ထိုမျှမက၊ အပြစ်ကင်းသောကိုယ်တော်ကို ထာဝရဝိညာဉ်အားဖြင့် ဘုရားသခင်ရှေ့၌ တင်လှူပူဇော်သော ခရစ်တော်၏သွေးသည် သေခြင်းနှင့်စပ်ဆိုင်သောအကျင့်ကို ပယ်ရှင်း၍ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း၊ သင်တို့၌ ကိုယ်ကိုကိုယ် သိသောစိတ်ကို စင်ကြယ်စေခြင်းငှာ၊ သာ၍တတ်နိုင်သည်မဟုတ်လော။ ထို့ကြောင့် ပထမ ဝိညာဉ်တရားလက်ထက်၌ ပြစ်မှားသောအပြစ်ကိုလည်း လွတ်စေခြင်းငှာ၊ ခရစ်တော်သည် အသေခံတော်မူသည်ဖြစ်၍ ခေါ်တော်မူသောသူတို့သည် ကတိတော်နှင့်ယှဉ်သော ထာဝရ အမွေကို ခံရမည့်အကြောင်း၊ ထိုသခင်သည် ပဋိညာဉ်တရားသစ်၏ အာမခံဖြစ်တော်မူ၏။

အမွေခံစေခြင်းငှာ အခွင့်ပေး၍ စာချုပ်သည့်အမှုမှာလည်း စာချုပ်တည်လျှင် စာချုပ်သောသူသည် ကေန်သေရမည်မှန်ပြီ။ အကယ်၍ မသေလျှင် ထိုစာချုပ်သည်မတည်၊ သေမှသာတည်၏။ ထို့ကြောင့် ပထမပဋိညာဉ်တရားကိုစီရင်သောအခါ၊ သွေးနှင့်ကင်း၍ မစီရင်။ တရားတော်၌ပါသမျှသော ပညတ်တို့ကို မောရှေသည် လူအပေါင်းတို့အား ဟောပြောပြီးမှ၊ ရေနှင့်ရောနှောသော နွား၊ ဆိတ်သွေးကိုယူ၍ အနီဆိုး၍ သိုးမွေးတပ်သောဟုတ်သုပ်ပင်ညွန့်နှင့် ကျမ်းစာကို၎င်း၊ လူအပေါင်းတို့ကို၎င်း ဖြန်းလျက်၊ ဤသွေးကား၊ သင်၌ ဘုရားသခင်ဝန်ခံတော်မူသော ပဋိညာဉ်၏ သွေးဖြစ်သည်ဟု ပြောဆို၏။ တဲတော်နှင့် ဝတ်ပြုသော တန်ဆာများကိုလည်း ထိုနည်းတူ သွေးနှင့်ဖြန်းရ၏။ ပညတ်တရားအတိုင်း ခပ်သိမ်းသောအရာတို့ကို ကုန်မတတ်သွေးအားဖြင့် စင်ကြယ်စေတတ်၏။ အသွေးမသွန်း လောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ။

ထို့ကြောင့် ကောင်းကင်ဘုံ၌ရှိသော အရာတို့၏ ပုံများကို ထိုသို့သော ယဇ်ပူဇော်ခြင်း အားဖြင့် စင်ကြယ်စေရမည်ဖြစ်၍ ကောင်းကင်အရာတို့ကို သာ၍မြတ်သော ယဇ်ပူဇော်ခြင်း အားဖြင့် စင်ကြယ်စေရမည်။

ထိုသို့နှင့်အညီ၊ မှန်သောသန့်ရှင်းရာဌာနတို့၏ ပုံဖြစ်သော လူတို့လက်ဖြင့်လုပ်သော သန့်ရှင်းရာဌာနထဲသို့ ခရစ်တော်သည်မဝင်ဘဲ၊ ငါတို့အတွက်ကြောင့် ယခုဘုရားသခင်၏ ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှာ၊ ကောင်းကင်ကိုယ်ထဲသို့ ဝင်တော်မူပြီ။ သို့သော်လည်း၊

## လောကီတဲတော်

တစ်နည်းကား၊ ပထမပဋိညာဉ်တရားသည် ဝတ်ပြုရာစီရင်ချက်နှင့်၎င်း၊ လောကီ သန့်ရှင်းရေးဌာနတော်နှင့်၎င်း စပ်ဆိုင်၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ဟဂျာဟု ခေါ်ဝေါ်သော ပထမတဲတော်သည် ဆီမီးခုံ၊ စားပွဲ၊ ရှေ့တော်မုန့်နှင့် ပြင်ဆင်လျက်ရှိ၏။

ဒုတိယကန့်လန့်ကာအတွင်း၌ ဟဂျာဟဂျနိဟု ခေါ်ဝေါ်သော တဲတော်ရှိ၏။ ထိုတဲတော်၌ ရွှေလင်ပန်းနှင့် ရွှေဖြင့်မွမ်းမံသော ပဋိညာဉ်တရားသေတ္တာရှိ၏။ ထိုသေတ္တာ၌ မန္နကို ထားသော ရွှေအိုး၊ အပွင့်ပွင့်သော အာရုန်၏လှံတံ၊ ပဋိညာဉ်တရားကို ရေးထားသော ကျောက်ပြားတို့သည် ရှိကြ၏။ ထိုသေတ္တာပေါ်မှာ ဘုန်းကြီးသော ခေရုဗိမ်တို့သည် အပြစ်ဖြေရာက ဂရုဏာပလ္လင်ကို လွှမ်းမိုးလျက်ရှိကြ၏။ ထိုအရာများကို ယခုသေချာစွာ ပြောစရာအကြောင်းမရှိ။

ထိုသို့ခပ်သိမ်းသောအရာတို့သည် ပြင်ဆင်လျက်ရှိသောအခါ ယဇ်ပုရောဟိတ်တို့သည် ဝတ်ပြု၍ ပထမတဲတော်အတွင်းသို့ အစဉ်ဝင်ရကြ၏။ ဒုတိယတဲတော်အတွင်းသို့ ယဇ်ပုရောဟိတ်မင်းတစ်ပါးတည်းသာ မိမိအပြစ်ကြောင့်၎င်း၊ လူများအပြစ်ကြောင့်၎င်း၊ ပူဇော်သောအသွေးအသားကိုဆောင်၍ တစ်နှစ်လျှင် တစ်ခါတည်းသာ ဝင်ရ၏။ ပထမ တဲတော်မပျက်မီတိုင်အောင် သန့်ရှင်းရာဌာနသို့သွားသော လမ်းမဖွင့်သေးသောအကြောင်းကို ထိုအမှုအရာအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် အရိပ်ပေးတော်မူ၏။ ထိုတဲတော်ကား၊ ပူဇော်သက္ကာနှင့် ယဇ်များကို ပူဇော်သောကာလတည်းဟူသော မျက်မှောက်ကာလပတ်လုံး ပုံပမာဖြစ်၏။ ထိုပူဇော်သက္ကာနှင့် ယဇ်များတို့သည် ကိုယ်ကိုကိုယ်သိသော စိတ်ကို ထောက်လျှင်လည်း၊ ဝတ်ပြုထားသောသူအား စုံလင်ခြင်းအကျိုးကို မပေးနိုင်သည်ဖြစ်၍၊ စားစရာ၊ သောက်စရာ၊ အမျိုးမျိုးသော နှစ်စရာတည်းဟူသော၊ ကိုယ်ခန္ဓာနှင့်ဆိုင်သော အထုံးအဖွဲ့များနှင့်တကွ အသစ်ပြုပြင်ခြင်းကာလတိုင်ရုံမျှသာ တည်ရကြ၏။

## ခရစ်တော်သည် ပြည့်စုံသောယဇ်ကောင်

ယခုမှာ လူလက်ဖြင့်မလုပ်၊ ဤလောကဓာတ်နှင့်မစပ်ဆိုင် သာ၍ကြီးမြတ်စုံလင်သော တဲတော်၌ နောက်မင်္ဂလာအကျိုးတို့၏ ယဇ်ပုရောဟိတ်မင်းဖြစ်သော ခရစ်တော်သည်၊ ငါတို့အဖို့ ထာဝရရွေးနှုတ်ခြင်းကျေးဇူးကိုခံရ၍ ဆိတ်သွေး၊ နွားကလေးသွေးနှင့်မဟုတ်၊



လုံးဝသစ်သားမပါသော ကြေးအတိဖြင့် တည်ဆောက်ထားပါသည်။ သစ်သားဆိုသည်မှာ လူသားမျိုးနွယ်ကို ပုံဆောင်လျက်ရှိသည်။

သန့်ရှင်းရာဌာနတော်သို့ မဝင်ခင် ယဇ်ပုရောဟိတ်များသည် ဂရုတစိုက် မိမိတို့၏ လက်၊ ခြေ၊ မျက်နှာ၊ သေဘေးနှင့်ကင်းလွတ်မည့်အကြောင်း ဆေးကြောရသည်။ အင်တုံသည် သန့်ရှင်းရာဌာနတော်၌ လုပ်ငန်းဆောင်တာများ မစတင်မီ ယဇ်ပုရောဟိတ်များ၏ တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် အထောက်အကူပြုလျက်ရှိသည်။

အာရုန်နှင့် သူ၏သားတို့ လက်ခြေဆေးစရာဖို့ ကြေးဝါအင်တုံကိုလုပ်၍၊ ပရိသတ်စုဝေးရာ တဲတော်နှင့် ယဇ်ပလ္လင်စပ်ကြား၌ ထားရမည်။ သူတို့သည် ပရိသတ်စုဝေးရာ တဲတော်သို့ဝင်သော်၎င်း၊ အမှုတော်ကိုထမ်း၍ ထာဝရဘုရားအား မီးရှို့သောယဇ်ကို ပူဇော်ခြင်းငှာ၊ ယဇ်ပလ္လင်နားသို့ ချဉ်းကပ်တော်၎င်း၊ သေဘေးနှင့်ကင်းလွတ်မည့်အကြောင်း မိမိတို့လက်ခြေကို ဆေးရမည်။ ထိုသို့ သူတို့နှင့်သူတို့ မျိုးနွယ်အစဉ်အဆက်တို့သည် စောင့်ရသောပညတ်တော်ဖြစ်သတည်းဟု မိန့်တော်မူ၏။ (ထွက်၊ ၃၀း၁၈–၂၁)။

ကိုယ်ကိုကိုယ် ဆေးကြောကြလော့။ ကိုယ်ကိုကိုယ် စင်ကြယ်စေကြလော့။ သင်တို့ ဒုစရိုက်များကို ငါ့မျက်မှောက်မှပယ်ရှားကြလော့။ မကောင်းသောအကျင့်ကို ဖြတ်ကြလော့။ (ဟေရှာ၊ ၁း၁၆)။

ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ အပြစ်ရှိသော သူတို့၊ သင်တို့လက်ကို စင်ကြယ်စေကြလော့။ စိတ်နှစ်ခွရှိသောသူတို့ သင်တို့စိတ်နှလုံးကို သန့်ရှင်းစေ ကြလော့။ (ယာကုပ်၊ ၄း၈)။

## ယေရှုသည်ကြေးဝါအင်တုံ

အင်တုံရှိရေ၌ ယဇ်ပုရောဟိတ်များ ဆေးကြောသန့်စင်ရခြင်းသည် ယော်ဒန် (Jordan river) မြစ်၌ ဗတ္တိဇံဆရာ ယောဟန်အားဖြင့် သခင်ယေရှု ခရစ်ရေနှစ်ခြင်းမင်္ဂလာ ခံယူခဲ့ပုံ၏ ဗျာဒိတ်တော်ကို ပေါ်လွင်စေသည်။

ဟောချက်စကားဟူမူကား၊ ငါ့ထက်တတ်စွမ်းနိုင်သောသူသည် ငါ့နောက်ကြွလာ၏။ ထိုသူ၏ ခြေနင်းတော်ကြိုးကိုမျှ ငုံ့၍ဖြေခြင်းငှာ ငါမထိုက်။ ငါသည် သင်တို့အား ရေ၌

ဗတ္တိဇံကိုပေး၏။ ထိုသူသည် သန့်ရှင်းသော ဝိညာဉ်တော်၌ သင်တို့ကို ဗတ္တိဇံပေးမည်ဟု ဟောသတည်း။ ထိုအခါ ယေရှုသည် ဂါလိလဲပြည်နာဇရက်မြို့မှ ကြွလာ၍ ယောဟန်လက်ဖြင့် ယောဒန်မြစ်၌ ဗတ္တိဇံကို ခံတော်မူ၏။ ရေမှပေါ်ထစဉ်တွင် ကောင်းကင်ကွဲ၍ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ကိုယ်တော်အပေါ်၌ ဆင်းသက်တော်မူသည်ကို မြင်၍၊ သင်ကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏။ (မာ၊ ၁း၇–၁၁)။

အင်တုံသည် အသက်စမ်းရေကဲ့သို့ သခင်ယေရှုခရစ်တော်ကို ရည်ညွှန်းပြီး အပြစ်ဒုစရိုက်မှ နောင်တရခြင်းအားဖြင့် ဆေးကြောပေးလျက်ရှိသည်။

နုတ်ကပတ်တော်ရေအားဖြင့် အကျွန်ုပ်၏ အတ္တတရားများကို ဆေးကြောလျက် မိမိ၏စိတ် နှလုံးသားထဲမှ မှားယွင်းချက်များအား ပြသပေးတော်မူရန် ဆုတောင်းလျက်ရှိသည်။ ကျွန်တော်သည် စောလျှင်ခြင်းမရှိဘဲ နံ့သာပေါင်း မီးရှို့ရာ ရွှေယဇ်ပလ္လင်ရှေ့တွင် မည်ကဲ့သို့ ချဉ်းကပ်ရမည်၊ ရွှေစားပွဲမှ မည်ကဲ့သို့စားရမည်ကို သန့်ရှင်းရာဌာနတော်သို့ မဝင်ခင် သင်ယူလျက်ရှိသည်။ ထို့အပြင် ဘုရားသခင် ရှေ့တော်မှောက်၌ အပြစ်ကင်းစင်ပြီး သန့်ရှင်းစေခြင်းသို့ ရောက်ရန်လိုအပ်သည်။

ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင် ကိုယ်ကိုကိုယ်လှည့်ဖြားကြ၏။ ငါတို့၌ သစ္စာတရားမရှိ။ ကိုယ့်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရား သခင်သည် သစ္စာတရားနှင့်ငင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ငင်း ပြည့်စုံတော်မူ၏။ (၁ယော၊ ၁း၈–၉)။

ထိုသို့ ပညတ်တရားသည် ဒုစရိုက်အပြစ်ကို ထင်ရှားစေသည်ဖြစ်သောကြောင့် ပညတ်တရား၏ အကျင့်အားဖြင့် ဘုရားသခင်ရှေ့တော်၌ အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်ရာ။ (ရော၊ ၃း၂၀)။

အင်တုံ၌ ဦးစွာပထမ ယဇ်ပုရောဟိတ် လက်ဆေးခြင်းအမှုသည် ဘုရားသခင်၏ သာသနာလုပ်ငန်းကို ပေါ်လွင်စေသည်။ ခြေဆေးပြီးနောက်ပိုင်းသည် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းကို ဖော်ကျူးလျက်ရှိသည်။

သင်တို့မူကား၊ မှောင်မိုက်ထဲမှ အံ့ဖွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူကြသော သူ၏ ဂုဏ်ကျေးဇူးများကို ဖော်ပြစေခြင်းငှာ၊ ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ဘုရားသခင်ပိုင်ဆိုင်တော်



မင်းသည်လည်း ပူဇော်စရာယဇ်တစ်စုံ တစ်ခုရှိရ၏။ ပညတ်တရားအတိုင်း ပူဇော်သက္ကာကို ဆက်ကပ်သော ယဇ်ပုရောဟိတ်များရှိကြသည်ဖြစ်၍ ထိုသခင်သည် မြေကြီးပေါ်မှာရှိနေလျှင် ယဇ်ပုရောဟိတ်မလုပ်ရ။ မောရှေသည် တဲတော်ကို ဆောက်လုပ် အံ့သောအခါ တောင်ပေါ်မှာ သင့်အားပြခဲ့ပြီးသော ပုံနှင့်ညီလျော်စွာ အလုံးစုံတို့ကိုလုပ်ခြင်းငှာ သတိပြုရမည်ဟု ဗျာဒိတ်တော်ကို ခံရသည်ဖြစ်၍၊ ထိုယဇ်ပုရောဟိတ်တို့သည် ကောင်းကင်အရာတို့၏ပုံပမာ အရိပ်နှင့်သာဆိုင်လျက် ဝတ်ကိုပြုနေကြ၏။

ထိုမှတစ်ပါး ယေရှုသည် သာ၍မြတ်သော ကတိတော်တို့၌တည်သော၊ သာ၍မြတ်သော ပဋိညာဉ်တရား၏ အာမခံဖြစ်သည်နှင့်အညီ သာ၍မြတ်သော ဝတ်ပြုခြင်းအခွင့်အရာကို ရတော်မူ၏။ ပထမပဋိညာဉ်တရားသည် အပြစ်တင်ခွင့်မရှိသည်မှန်လျှင်၊ ဒုတိယပဋိညာဉ်တရားတည်ရသောအခွင့်ကို အဘယ်ကြောင့်ရှာရသနည်း။ ပထမပဋိညာဉ်တရားကို ထာဝရဘုရားသည် အပြစ်တင်၍မိန့်တော်မူသည်ကား ငါသည် ဤလူမျိုး၏ ဘိုးဘေးတို့ကို လက်ဆွဲ၍ အဲဂုတ္တုပြည်မှ ဆောင်သွားသောအခါ၊ သူတို့၌ ငါပေးသောပဋိညာဉ်တရားနှင့် ခြားနားသော ပဋိညာဉ်တရားသစ်ကို ဣသရေလအမျိုး၊ ယုဒအမျိုးတို့၌ ငါပေးသော အချိန်ကာလရောက်လိမ့်မည်။ အရင်ငါပေးဖူးသော ပဋိညာဉ်တရား၌ သူတို့သည် မတည်ကြ။ ငါသည်လည်း သူတို့ကို မကြည့်ရှု မပြုစုဘဲနေ၏။

နောင်ကာလအခါ ဣသရေလအမျိုးတို့၌ ငါပေးအံ့သော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ့ပညတ်တို့ကို သူတို့စိတ်ဝိညာဉ်ထဲသို့သွင်းမည်။ သူတို့နှလုံးပေါ်မှာ ငါရေးထားမည်။ ငါသည် သူတို့၏ဘုရားဖြစ်မည်။ ထိုသူတို့က ထာဝရဘုရားကိုသိလော့ဟု အမျိုးသားချင်း၊ ညီအစ်ကိုအချင်းချင်း တစ်ယောက်ကိုတစ်ယောက် ဆုံးမသြဝါဒမပေးရကြ။ အကြောင်းမူကား၊ အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသောသူတိုင်အောင် ထိုသူအပေါင်းတို့သည် ငါတို့သိကြလိမ့်မည်။ ထိုအခါ ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်းကို မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ ပဋိညာဉ်တရားသစ်ဟူ၍ မိန့်တော်မူတည်တွင် ပထမပဋိညာဉ်တရားကို ဟောင်းစေတော်မူ၏။ ရွေ့လျော့၍ ဟောင်းသောအရာမည်သည်ကား၊ ကွယ်ပျောက်ခြင်းသို့ ရောက်လုနီးသတည်း။ (ဟေ၊ ၈)။

ယဇ်ပုရောဟိတ်အရာကိုမရ၊ ထာဝရဘုရားက၊ သင်သည် မေလခိဇေဒက်နည်းတူ ထာဝရ ယဇ်ပုရောဟိတ်ဖြစ်သည်ဟု ကျိန်ဆို၍၊ နောက်တစ်ဖန် စိတ်ပြောင်းလဲခြင်း ရှိတော်မမူသည်နှင့်အညီ၊ ယေရှုသည် အကျိန်တော်ကိုခံ၍ ယဇ်ပုရောဟိတ်အရာကိုရသည်အတိုင်း၊ သာ၍မြတ်သော ပဋိညာဉ်တရား၏ အာမခံဖြစ်၏။ ထိုသူတို့သည်လည်း သေရသောကြောင့် အစဉ် မတည်နိုင်သည်ဖြစ်၍ အများရှိရကြ၏။ ယေရှုမူကား၊ နိစ္စထာဝရတည်သောကြောင့် မပြောင်းလဲသော ယဇ်ပုရောဟိတ်အရာ၌ ခန့်ထားလျက်ရှိ၏။ ထို့ကြောင့် အကြင်သူတို့သည် ယေရှုခရစ်အားဖြင့် ဘုရားသခင် အထံတော်သို့ ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်သည်စောင့်လျက်၊ ကာလအစဉ် အသက်ရှင်သောကြောင့် သူတို့ကို အစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။

ထိုသို့သော ယဇ်ပုရောဟိတ်မင်းသည် သန့်ရှင်းစင်ကြယ်၍ အညစ်အကြေးနှင့် ကင်းလွတ် အပြစ်ရှိသောသူတို့နှင့်မဆက်ဆံ၊ ကောင်းကင်သားအပေါင်းတို့ထက် မြင့်မြတ်သောသူဖြစ်၍ ငါတို့၏ လိုအပ်မှုကို ဖြည့်ပေးတော်မူ၏။ အခြားသောယဇ်ပုရောဟိတ်မင်းတို့သည် ကိုယ်အပြစ်ကြောင့်၎င်း၊ ထိုသခင်သည် ယဇ်ပူဇော်စရာအကြောင်းမရှိ၊ အဘယ်ကြောင့်နည်းဟူမူကား၊ မိမိကိုယ်ကို တစ်ခါတည်း ယဇ်ပူဇော်၍ ထိုအမှုကို ပြီးပြည့်စုံစေတော်မူပြီ။ ပညတ်တရားသည် အပြစ်ရှိသောသူတို့ကို ယဇ်ပုရောဟိတ်အရာ၌ ခန့်ထား၏။ ပညတ်တရားနောက်တွင် ကျိန်ဆိုတော်မူသော ဗျာဒိတ်တော်မူကား၊ အစဉ်အမြဲ စုံလင်ခြင်းသို့ရောက်သော သားတော်ကို ခန့်ထားသတည်း။ (ဗြ၊ ၇)

### ''ပဋိညာဉ်သစ်၏ ယဇ်ပုရောဟိတ်မင်းကြီး'' (ခရစ်တော်)

ယခုဆိုခဲ့ပြီးသော အကြောင်းအရာတို့၏ အချုပ်အခြာဟူမူကား၊ ထိုသို့သော ယဇ်ပုရောဟိတ်မင်းသည် ငါတို့၌ရှိ၏။ ကောင်းကင်ဘုံ၌ တန်ခိုးအာနုဘော်တော်၏ ပလ္လင်တော်လက်ျာဘက်မှာ ထိုင်နေတော်မူ၏။

လူမဆောက်ဘဲ ထာဝရဘုရားဆောက်တော်မူသော တဲတော်စစ်တည်းဟူသော သန့်ရှင်းရာဌာန၌ ဘုရားဝတ်ကိုပြုသောသူဖြစ်တော်မူ၏။ ယဇ်ပုရောဟိတ်မင်းမည်သည်ကား၊ ပူဇော်သက္ကာနှင့်ယဇ်ကို ပူဇော်စေခြင်းငှာ ခန့်ထားလျက်ရှိသည်ဖြစ်၍ ငါတို့ယဇ်ပုရောဟိတ်



မူသောလူမျိုး ဖြစ်ကြ၏။ (၁ပေ၊ ၂း၉)။

ထိုကဲ့သို့ ကြီးမားသော ခေါ်ခြင်းနှင့် ကောင်းကြီးမင်္ဂလာတို့သည် မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်များအတွက် ဘုရားသခင်ပြင်ဆင်ပေးခြင်းဖြစ်သည်။ သာ၍ကြီးမားသော ကောင်းကြီးမင်္ဂလာနှင့် ကြုံတွေ့ ခဲ့ရဖူးခြင်းသည် ဘုရားသခင်၏ အသုံးတော်ခံခြင်း အတွက်သာဖြစ်သည်။ ဘုရားသခင်အား မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် မသိသေးသောသူများနှင့် အမှုတော်ထမ်းရွက်ခြင်းတို့၌ စူးစိုက်ခြင်းဖြင့် မိမိကိုယ်ကို ထိန်းချုပ်ရမည်ဖြစ်သည်။ အခြားသူများအတွက်ပါ ဆုတောင်းခြင်း၌ နေ့စဉ်နေ့တိုင်း လောင်ကျွမ်းရမည် ဖြစ်သည်။

ထို့ကြောင့် သင်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို မြည်းစမ်းကြသည်ဖြစ်၍ အမျိုးမျိုးသော မနာလိုခြင်း၊ လှည့်ဖြားခြင်း၊ လျှို့ဝှက်ခြင်း၊ ငြူစူခြင်း၊ ကဲ့ရဲ့ခြင်းရှိသမျှကို ပယ်ရှား၍၊ ကယ်တင်ခြင်းအလို့ငှာ နှုတ်ကပတ်တရား၏ နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း ပွားစသောသူငယ်ကဲ့သို့ ထိုတရားနို့ကို အလွန်လိုချင်သော စိတ်ရှိကြလော့။ လူတို့ပယ်ထား၍ ဘုရားသခင်ရွေးချယ်တော်မူသော၊ အသက်ကျောက်မျက်ဖြစ်သော ထိုသခင်ထံသို့ သင်တို့သည်ရောက်၍ အသက်ကျောက်များအဖြစ် အဆင့်ဆင့်အထပ်ထပ် တည်ဆောက်လျက်ရှိသဖြင့် ဗိမ္မာတိုက်ဖြစ်ကြ၏။ ယေရှုခရစ်အားဖြင့် ဘုရားသခင်နှစ်သက်တော်မူရာ ဝိဉာဉ်ယဇ်ကို ပူဇော်ရသော သန့်ရှင်းသော ယဇ်ပုရောဟိတ်မျိုးလည်း ဖြစ်ကြ၏။ (၁ပေ၊ ၂း၁–၅)။

| ဘုရားသခင်၏ သန့်ရှင်းသောနှုတ်ကပတ်တော်အားဖြင့် သန့်စင်ပါ |
| --- |
| ရှင်ယာကုပ် သြဝါဒစာ၊ ၁း၂၂–၁၅ |

ကိုယ်ကိုကိုယ်လှည့်ဖြား၍ နှုတ်ကပတ်တရားကို နာရုံမျှသာပြုသောသူမဟုတ်၊ တရားကို ကျင့်သောသူဖြစ်ကြလော့။ တရားကိုမကျင့်ဘဲ နာရုံမျှသာပြုသောသူမည်သည်ကား၊ မှန်၌ မိမိပကတိမျက်နှာကို ကြည့်သောသူနှင့်တူ၏။ အကြောင်းမူကား ကိုယ်ကိုကိုယ်ကြည့်ပြီးမှ အခြားသို့သွား၍ မိမိအဆင်းသဏ္ဌာန်ကို ချက်ချင်းမေ့လျော့တတ်၏။ လွတ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သောတရား၌ စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား တရားနာ၍ မေ့လျော့သောသူမဟုတ်၊ အကျင့်ကျင့်သောသူဖြစ်သဖြင့် မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသောသူဖြစ်၏။

အကယ်၍ ငါတို့သည် နှုတ်ကပတ်တော်ရေအားဖြင့် ဆေးကြောခြင်းမရှိလျှင် ဘုရားသခင်နှင့် မစပ်ဆိုင်သည်ကို သခင်ယေရှု သွန်သင်တော်မူခဲ့သည်။ သခင်ယေရှုခရစ်တော်အားဖြင့်သာ ယဇ်ပုရောဟိတ်ကဲ့သို့ တဲတော်၌ လျှောက်လှမ်းခွင့်ရှိသည်။ ယေရှုခရစ်တော်၌ ဆေးကြောခြင်းမခံဘဲ သန့်ရှင်းရာဌာန တော်တဲသို့ ဝင်ရောက်ခွင့်မရှိ။(ယော၊ ၁၃း၃-၁)။



အမှုတော်ကိုထမ်း၍ ထာဝရဘုရားအား မီးရှို့သောယဇ်ကို ပူဇော်ခြင်းငှာ၊ ယဇ်ပလ္လင်နားသို့ ချဉ်းကပ်သော်၎င်း၊ သေဘေးနှင့်ကင်းလွတ်မည်အကြောင်း၊ မိမိတို့လက်၊ ခြေကိုဆေးရမည်။ ထိုသို့ သူတို့မျိုးနွယ် အစဉ်အဆက်တို့သည် စောင့်ရသော ပညတ်တော်ဖြစ်သတည်းဟု မိန့်တော်မူ၏။ (ထွက် ၃၀း၂၀-၂၁)။

ခြေဆေးခြင်းအမှုသည် ဘုရားသခင်နှင့် လျှောက်လှမ်းရန် ဝိညာဉ်အတွက် ပြင်ဆင်ခြင်းကို ပုံဖော်သည်။ နှုတ်ကပတ်တော်ဖြင့် ဆေးကြောခြင်းသည် နေ့စဉ် အသက်သာတိုးပွားခြင်းဖြစ်သည်။ ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းရာဌာနတော်၌ မလျှောက်လှမ်းမီ ဘုရားသခင်၌ မည်မျှနည်းခံသည်ကို မိမိကိုယ်တိုင် သိရှိထားရမည်ဖြစ်သည်။

ငါတို့သည် သစ္စာနှင့်ပြည့်စုံသော သဘောရှိ၍ ဝိစိကိစ္ဆာနှင့်ကင်းသော ယုံကြည်ခြင်း၌ တည်လျက်၊ စိတ်နှလုံးကို သံဝေဂတရားနှင့်လွတ်အောင် ဖြန်းခြင်း၊ ကိုယ်ကာယကကိုလည်း ကြည်သောရေဖြင့် ဆေးကြောခြင်းရှိပြီးမှ အထံတော်သို့ တောဝင်ချဉ်းကပ်ကြကုန်အံ့။ (ဗြ၊ ၁၀း၂၂)။



သက်သက်ခံခြင်းကို ရသောသူသည် ဆယ်ဖို့တစ်ဖို့ကို ခံရ၏။ ထိုမှတစ်ပါး၊ ဆယ်ဖို့တစ်ဖို့ကို ခံတတ်သော လေဝိသည် အာဗြဟံအားဖြင့် ဆယ်ဖို့တစ်ဖို့ကို ပေးပြီဟု ဆိုစရာအခွင့်ရှိ၏။ အကြောင်းမူကား၊ မေလခိဇေဒက်သည် အာဗြဟံကိုတွေ့သောအခါ၊ လေဝိသည် မိမိအဘ၏ ကိုယ်၌ ရှိသတည်း။

## ''ယဇ်ပုရောဟိတ်မေလခိဇေဒက်နှင့်ထပ်တူသောယေရှု''

တနည်းကား၊ လေဝိမှဆင်းသက်သော ယဇ်ပုရောဟိတ်အမျိုးမှ စပ်ဆိုင်လျက် လူများတို့သည် ပညတ်တရားကိုခံကြသောကြောင့်၊ ထိုအမျိုးဖြင့် စုံလင်ခြင်းသို့ ရောက်နိုင်သည်မှန်လျှင်၊ အခြားသော ယဇ်ပုရောဟိတ်သည် အာရုန်နည်းတူ မခေါ်ဝေါ်ဘဲ မေလခိဇေဒက်နည်းတူ ပေါ်ထွန်းစရာအကြောင်း အဘယ်သို့ရှိသေးသနည်း။ ယဇ်ပုရောဟိတ်အမျိုးသည် ပြောင်းလဲလျှင် ပညတ်တရားသည် မပြောင်းလဲ မနေနိုင်ရာ။ ထိုဗျာဒိတ်တော်ကိုခံရသောသူသည် ယဇ်ပလ္လင်ဝတ်ကို တစ်ယောက်မျှမပြုရသောအမျိုးနှင့် စပ်ဆိုင်ပေ၏။

အကြောင်းမူကား၊ ငါတို့သခင်သည် ယုဒအမျိုးထဲ၌ ပေါ်ထွန်းသည်ဟု ထင်ရှားလျက်ရှိ၏။ ထိုအမျိုးသည် ယဇ်ပုရောဟိတ်အရာနှင့် စပ်ဆိုင်သည်ဟု မောရှေသည် တစ်ခွန်းကိုမျှ မပြော။ ထိုမှတစ်ပါး မေလခိဇေဒက်နည်းတူ အခြားသော ယဇ်ပုရောဟိတ်သည် ပေါ်ထွန်းသည်မှန်လျှင် ယဇ်ပုရောဟိတ် အမျိုးပြောင်းလဲပြီဟု သာ၍ထင်ရှား၏။ ထိုယဇ်ပုရောဟိတ်သည် ကိုယ်ခန္ဓာနှင့်စပ်ဆိုင်သော တရားအတိုင်း ခန့်ထားလျက်ရှိသည်မဟုတ်။ ထာဝရအသက်၏ တန်ခိုးအာနုဘော်အတိုင်း ခန့်ထားလျက်ရှိသတည်း။ အကြောင်းမူကား၊ သင်သည် မေလခိဇေဒက်နည်းတူ၊ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟု သက်သေခံတော်မူသတည်း။

ပညတ်တရားသည် အဘယ်သူကိုမျှ စုံလင်ခြင်းသို့ မပို့နိုင်သည်ဖြစ်၍ ရှေးပညတ်တရားဟောင်းသည် အားမရှိ၊ အကျိုးကိုမပေးနိုင်သောကြောင့် ပယ်ရှင်းခြင်းသို့ရောက်ရ၏။ သို့သော်လည်း သာ၍ မြတ်သော မျှော်လင့်ခြင်းအခွင့်သည် နေရာကျ၏။ ထိုမျှော်လင့်ခြင်းအားဖြင့် ငါတို့သည် ဘုရားသခင် အထံတော်သို့ တိုးဝင်ချဉ်းကပ်ရကြ၏။ ထိုသူတို့သည် အကျိန်တော်မရှိဘဲ ယဇ်ပုရောဟိတ်အရာကို ရကြ၏။ ယေရှုမူကား၊ အကျိန်တော်မရှိဘဲ

ကျိန်ဆိုလျက်ရှိကြ၏။ မြဲမြံစေတတ်သော အကျိန်သည် ငြင်းခုံခြင်းရှိသမျှကို ဖြေတတ်၏။ ထို့ကြောင့် ဂတိတော်ကို အမွေခံရသောသူတို့သည် ဘုရားသခင်၏ အကြံအစည်တော် မဖောက်ပြန်နိုင်ကြောင်းကို အတပ်သိစေခြင်းငှာ ဘုရားသခင်သည် အကျိန်အားဖြင့် အာမခံတော်မူ၏။ အကြောင်းမူကား၊ ဘုရားသခင်သည် မုသာမသုံးနိုင်သောအရာ တည်းဟူသော မဖောက်ပြန်၊ မပြောင်းလဲနိုင်သော အရာနှစ်ပါးကို အမှီပြု၍ ကိုယ်ရှေ့၌ ထားသော မျှော်လင့်ရာကို ခိုလှုံခြင်းငှာ ပြေးသောငါတို့သည် သက်သာအားကြီးကြမည် အကြောင်းတည်း။ ထိုမျှော်လင့်ခြင်းမူကား၊ ကန့်လန့်ကာ အတွင်း၌ချ၍ မြဲမြံခိုင်ခံ့သော စိတ်နှလုံး၏ ကျောက်ဆူးကဲ့သို့ ငါတို့၌ရှိသတည်း။ မာလခိဇေဒက်နည်းတူ၊ ထာဝရ ယဇ်ပုရောဟိတ်မင်းဖြစ်သော ယေရှုသည် ငါတို့အတွက် ထိုအတွင်းအရပ်ထဲသို့ ရှေ့ဆောင်၍ ဝင်သောသူဖြစ်တော်မူ၏။ (ဗြဲ၊ ၆း၁၃–၂၀)။

မေလခိဇေဒက်သည် ရှာလင်မြို့၏ ဘုရင်မင်းဖြစ်ပြီး ဘုရားသခင်၏ အမြင့်ဆုံးသော ယဇ်ပုရောဟိတ် မင်းလည်းဖြစ်သည်။ မင်းကြီးများကိုလုပ်ကြံရာမှ ပြန်လာသော အာဗြဟံကို ခရီးဦးကြိုပြု၍ ကောင်းကြီးပေးလျှင် အာဗြဟံလှူသော လက်ရဥစ္စာရှိသမျှကို ဆယ်ဖို့ခံယူသော ထိုရှင်လင်မင်းကြီးတည်းဟူသော အမြင့်ဆုံးသောဘုရားသခင်၏ ယဇ်ပုရောဟိတ် မေလခိဇေဒက်သည် နာမရင်းအနက်အားဖြင့် ''တရားမင်း''၊ ထိုမှတစ်ပါး ''ငြိမ်သက်ခြင်း'' မင်းဟု ဆိုလိုသော ရှာလင်မင်းဖြစ်လျက်၊ အဘမရှိ၊ အမိမရှိ၊ ရှေးမျိုးစဉ်မရှိ၊ အသက်အပိုင်းအခြားမရှိဘဲ၊ ဘုရားသခင်၏ သားတော်နှင့်တူ၍ ယဇ်ပုရောဟိတ်အရာ၌ အစဉ်အမြဲတည်၏။

အမျိုး၏အဘ အာဗြဟံသည် လက်ရဥစ္စာများကို ဆယ်ဖို့တစ်ဖို့လှူ၍ အလှူခံသော ထိုမင်းသည် အဘယ်မျှလောက် ကြီးမြတ်သည်ကို ဆင်ခြင်ကြလော့။ ယဇ်ပုရောဟိတ်မင်း အရာကိုခံသော လေဝိသားတို့သည် အဗြဟံအမျိုးဖြစ်ကြသောသူတည်းဟူသော မိမိတို့ ညီအစ်ကိုများလက်မှ ပညတ်တရားအတိုင်း ဆယ်ဖို့တစ်ဖို့ကို ခံရသောအခွင့်ရှိကြ၏။ သူတို့အမျိုးမဟုတ်သော ထိုမင်းမူကား၊ အာဗြဟံ၏လက်မှ ဆယ်ဖို့တစ်ဖို့ကို ခံလေ၏။ ဂတိတော်တို့ကိုခံရသောသူကိုလည်း ကောင်းကြီးပေးလေ၏။ ကြီးသောသူသည် ငယ်သော သူကို ကောင်းကြီးပေးတတ်သည်ကို ငြင်းခုံဖွယ်မရှိ။ ထိုမှတစ်ပါး၊ သေတတ်သောသူ တို့သည် ယခုအခါ ဆယ်ဖို့တစ်ဖို့ကို ခံလျက်ရှိ၏။ ထိုအခါမူကား အသက်ရှင်သည်ဟု



ကျွန်ုပ်တို့အထဲ၌ မှားယွင်းခြင်းများကို ဖော်ပြတော်မူရန် ဘုရားသခင်အား ခေါ်ဖိတ်ခြင်းဖြင့် အင်တုံ၌ သန့်စင်ခြင်း ဝတ်ပြုရမည်ဖြစ်သည်။ နှုတ်တော်ထွက်စကားအတိုင်း အသက်တာ၌ လျှောက်လှမ်းလျက် ခရစ်တော်သွန်သင်တော်မူခြင်းအားဖြင့် (ထွက်၊ ၂၀) ပညတ်တော် (၁၀)ပါးအား ပြန်လည်ဆင်ခြင် သုံးသပ်ကြပါစို့။

ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည့်အတိုင်း အသက်ရေထွက်ရာ စမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ (ယော၊ ၇း၃၈)။

ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူခြင်းအားဖြင့်ဖြစ်၍၊ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှာ ပြင်ဆင်သော သူဖြစ်မည့်အကြောင်း၊ သြဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏။ (၂တိ၊ ၃း၁၆–၁၇)။

## ပညတ်တော်နှလုံးသား (သို့) ပညတ်တော် ၁၀ ပါးအား ပြန်လည်သုံးသပ်ခြင်း

**ပညတ်ချက် (၁)** –ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်။ (ထွက်၊ ၂၀း၃)။

များစွာအချိန်ကုန်လွန်စေသော အရာသည် မိမိ၏သခင်ဖြစ်ကြောင်း သမ္မာကျမ်းစာမှ သွန်သင် လျက်ရှိသည်။ ဥပမာ – ဖုန်း၊ ကလေး၊ မိသားစု၊ လုပ်ငန်းခွင်၊ တီဗွီ၊ DVD၊ သာသနာ၊ အိမ်၊ ကား၊ ကွန်ပျူတာ စသည်ဖြင့် –––

ယေရှုက ပညတ်တကာတို့တွင် အမြင့်ဆုံးသောပညတ်ဟူမူကား၊ အိုဣသရေလလူမျိုး၊ နားထောင်လော့။ ငါတို့၏ဘုရားသခင် ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရ ဘုရား ဖြစ်တော်မူ၏။ ထာဝရဘုရားသည် တစ်ပါးတည်းဖြစ်တော်မူ၏။ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ ဤပညတ်သည် ပဌမပညတ်ဖြစ်၏။ (မာကု၊ ၁၂း၂၉–၃၀)။

**ပညတ်ချက် (၂)** –အထက်မိုးကောင်းကင်၌၎င်း၊ အောက်အရပ်မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက် ရေထဲ၌၎င်း၊ ရှိသောအရာနှင့် ပုံသဏ္ဌာန်တူအောင်၊ ရုပ်တုဆင်းတုကို ကိုယ်အဖို့မလုပ်နှင့်။ ထွက်၊ (၂၀း၄)။

စစ်မှန်စွာ ဘုရားသခင်ကို ပုံမဖော်ထားနိုင်သည့်အလျှောက် အသက်ရှင်သော ဘုရားသခင်ကိုယ်စား ထွက်ခြင်း၊ ပန်းချီ၊ ရုပ်တု အစရှိသောအရာများ ထုတ်လုပ်ရန် လူများမှတားမြစ်ကြသည်။

မိမိကိုယ်ကိုမိမိ ရုပ်တုဆင်းတုရှေ့တွင် ဦးညွှတ်ခြင်း၊ သမ္မာတရား၌ စုတေခြင်းနှင့် ယဇ်ပုရောဟိတ်ကဲ့သို့ ထာဝရဘုရားအား အထက်အရာသို့ မျှော်ကိုးတတ်ခြင်း အသက်တာများရှိပါ၏လော။

**ပညတ်ချက် (၃)** – သင်၏ဘုရားသခင် ထာဝရဘုရား၏ နာမတော်ကို မုသာနှင့်ဆိုင်၍ မမြွက်ဆိုနှင့်။ အကြောင်းမူကား၊ နာမတော်ကို မုသားနှင့်ဆိုင်၍ မြွက်ဆိုသောသူကို အပြစ်မရှိဟု ထာဝရဘုရား မှတ်တော်မမူ။ (ထွက်၊ ၂၀း၇)။

ထာဝရဘုရား၏ နာမတော် (YHWH) အား မုသာ၌ မြွက်ဆိုဖူးသလော။

လူတို့သည် ဘုရားသခင်၏ အကြံတော်နှင့်ရည်ရွယ်ချက်တို့အား ပျက်ပြားစေရန်နှင့် စာတန်၏ လှည့်ကွက်များဖြင့် ဘုရားသခင်၏ နာမတော်အား မုသာ၌ ကျင်လည်စေကြသည်။ မှားယွင်းသော ဘာသာတရား၏ လှုပ်ရှားမှုအားဖြင့်လည်း မှားယွင်းသော နတ်ဘုရား၏ အမည်နာမတော်ကို အသုံးပြုလျက် ရှိကြသည်။

**ပညတ်ချက် (၄)** – ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကို အောက်မေ့လော့။ (ထွက်၊ ၂၀း၈)။

''ဥပုသ်''ဟူသည် ''အနားယူခြင်း''ဟု အဓိပ္ပါယ်ရသည်။ သာသနာပလူနှင့် အခြားသောလူတို့သည် မိမိ၏ သီးသန့်နားချိန်နှင့် အလုပ်ချိန်သတ်မှတ်ကြသည်။ သို့သော် ရွေးချယ်တော်မူသော လူတို့ မူကား ဘုရားသခင်ရှေ့တော်၌ ခုနစ်ရက်လျှင် တစ်ရက်သာ အနားယူလျက်ရှိကြသည်။ ထိုနေ့၌ကား လုပ်ငန်းဆောင်တာများအားလုံး ရပ်တန့်ခြင်း အားဖြင့် သန့်ရှင်းစွာ စောင့်တည်ရမည်ဖြစ်သည်။

ယနေ့ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ ''ဥပုသ်''ဖြစ်လာပြီး ထိုသခင်၌ ကိန်းဝပ်လျက် ယုံကြည်ခြင်းဖြင့် နားနေရမည်ဖြစ်သည်။ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်း မှတစ်ပါး အခြားသော ကြိုးပမ်းချက်များ မရှိသင့်ပေ။



# အခန်း (၃)

## အသန့်ရှင်းဆုံးဌာန – ကောင်းကင်ဘုံ

### (က) ပဋိညာဉ်သေတ္တာတော် – ဘုရားသခင်တည်ရှိခြင်းပုံဆောင် ထွက်၊ ၂၅း၁၀–၁၂



အတွင်းပိုင်းရှိ ပဋိညာဉ်သေတ္တာနှင့်စပ်လျဉ်း၍ ဘုရားသခင်သည် ပညတ်တော်များနှင့်အတူ မောရှေအား ပေးထားပြီးဖြစ်သည်။

ရှင်ပေါလုသည် သမ္မာသစ်ကျမ်းစာထဲတွင် တဲတော်၏အသန့်ရှင်းဆုံးဌာန၊ ကြီးမြတ်သော ယဇ်ပုရောဟိတ်မင်း၊ ပဋိညာဉ်သေတ္တာ၊ ယဇ်ပူဇော်ခြင်း၊ ပေးကမ်းစွန့်ကြဲခြင်းများ အစရှိသည်အကြောင်းကို (ဗြဲ၊ ၆း၁၃–၂၀, ၇၊ ၈၊ ၉၊ ၁၀)တို့တွင် ရေးသားဆွေးနွေးခဲ့ပါသည်။

ဥပမာ။ ဘုရားသခင်သည် အာဗြဟံ၌ ကတိထားတော်မူသောအခါ ကိုယ်တော်ထက်သာ၍ ကြီးမြတ်သောသူကို တိုင်တည်၍ ကျိန်ဆိုရန်မရှိသောကြောင့်၊ ကိုယ်တော်ကို တိုင်တည်၍၊ ငါသည် သင့်အား အစဉ်အမြဲ ကောင်းကြီးပေးမည်။ သင့်ကို အစဉ်အမြဲပွားများစေမည်ဟု ကျိန်ဆိုတော်မူ၏။ ထိုသို့နှင့်အညီ အာဗြဟံသည် သည်းခံလျက်စောင့်နေပြီးမှ၊ ကတိတော်ကို ဝင်စားလေ၏။ လူတို့သည် မိမိထက်ကြီးမြတ်သောသူကို တိုင်တည်၍

**ငါတို့သည် သန့်ရှင်းရာဌာန (အလွန်သန့်ရှင်းသော) တဲသို့၊ အသွေးတော်ကို အမှီပြု၍ အဆီးအတားမရှိ၊ ဝင်ရသောအခွင့်ရှိကြ၏။**

ထို့ကြောင့် ညီအစ်ကိုတို့၊ ယေရှု၏ ကိုယ်ခန္ဓာတည်းဟူသော ကန့်လန့်ကာအားဖြင့် ထိုသခင် ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင် ငါတို့သည် သန့်ရှင်းရာဌာနထဲသို့၊ အသွေးတော်ကိုအမှီပြု၍ အဆီးအတားမရှိ၊ ဝင်ရသောအခွင့်ရှိသဖြင့်၎င်း၊ ဘုရားသခင်၏ အိမ်တော်ကို အုပ်စိုးသော ယဇ်ပုရောဟိတ် မင်းရှိသဖြင့်၎င်း၊ ငါတို့သည် သစ္စာနှင့် ပြည့်စုံသော သဘောရှိ၍ ဝိစိကိစ္ဆာနှင့်ကင်းသော ယုံကြည်ခြင်း၌တည်လျက်၊ စိတ်နှလုံးကို သံဝေဂတရားနှင့် လွတ်အောင်ဖြန်းခြင်း၊ ကိုယ်ကာယကိုလည်း ကြည်သောရေဖြင့် ဆေးကြောခြင်းရှိပြီးမှ၊ အထံတော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့။ မျှော်လင့်ခြင်းအကြောင်းကို ဝန်ခံ၍ မတိမ်းယိမ်းမရွေ့လျော့ဘဲ တည်ကြည်ကြကုန်အံ့။ အကြောင်းမူကား၊ ဂတိထားတော်မူသောသူသည် သစ္စာနှင့်ပြည့်စုံတော်မူ၏။ ထိုမှတပါး၊ မေတ္တာစိတ်ရှိစေခြင်းငှာ၎င်း၊ ကောင်းသောအကျင့်ကို ကျင့်စေခြင်းငှာ၎င်း၊ တိုက်တွန်းနှိုးဆော်ရသောအခွင့်ကိုရှာ၍ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ထောက်စာကြည့်ရှုကြကုန်အံ့။ လူအချို့တို့၏ ထုံးစံရှိသည်အတိုင်း၊ အချင်းချင်း စုဝေးခြင်းအမှုကို မရှောင်လွှဲကြနှင့်။ အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကို ထောက်သဖြင့် သာ၍ကြိုးစားကြလော့။ (ဟေ၊ ၁၀း၁၉–၂၅)။



ထို့ကြောင့် ဘုရားသခင်၏ လူတို့အဖို့အလို့ငှာ ငြိမ်ဝပ်ခြင်းချမ်းသာတစ်မျိုးသည် ကျန်ရစ်သေး၏။ ဘုရားသခင်သည် မိမိအမှုအရာတို့ကို ပြီးစီး၍ ငြိမ်ဝပ်စွာနေတော်မူသည်နည်းတူ၊ ထိုချမ်းသာထဲသို့ ဝင်ရသောသူသည်လည်း မိမိအမှုအရာတို့ကို ပြီးစီး၍ ငြိမ်ဝပ်စွာနေရ၏။ ထို့ကြောင့် ဣသရေလ လူတို့သည် မယုံကြည်သောစိတ်ရှိသဖြင့် လဲသကဲ့သို့ ငါတို့သည်မလဲ၊ ထိုချမ်းသာထဲသို့ ဝင်ရမည်အကြောင်း ကြိုးစားအားထုတ်ကြကုန်အံ့။ (ဟေ၊ ၄း၉–၁၁)။

**ပညတ်ချက် (၅)** – သင်၏ဘုရားသခင် ထာဝရဘုရားပေးသနားတော်မူသောပြည်၌ သင်၏ အသက်တာရှည်မည်အကြောင်း၊ သင်၏မိဘကို ရိုသေစွာပြုလော့။ ''ရိုသေ'' ဟူသည်မှာ ''ထူးခြားထင်ရှားမှုဖြင့် ဆက်ဆံခြင်း''ဟု အဓိပ္ပါယ်ရသည်။ မိမိထက်ကြီးသူနှင့်မိဘများကို ဂရုတစ်စိုက် ရိုသေလေးစားခြင်းအမှုသည် ဣသရေလ လူမျိုးတို့၏ အခြေခံကျသော ဓလေ့ဖြစ်သည်။

ထာဝရဘုရားသခင်၌ သစ္စာမဲ့လျက် မိဘကို အရိုအသေမပြုသောသူသည် အသက်တာရှည်မည် မဟုတ်ပေ။ ရှင်မဿဲ၊ ၁၉း၁၉ ၌ သခင်ယေရှု သင်ပေးခဲ့သည်မှာလည်း ''မိဘကို ရိုသေစွာပြုလော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့''ဟု မိန့်တော်မူ၏။ ထို့အပြင် အာဏာရှိပုဂ္ဂိုလ်များ၊ အစိုးရမင်းများ၊ ခေါင်းဆောင်၊ ဓမ္မဆရာ သင်းအုပ်နှင့် ဆရာ/ဆရာမများ စသည်ဖြင့် လေးစားရိုသေရမည် ဖြစ်သည်။

ခေါင်းဆောင်များ၊ အာဏာရှင်များ၊ မိသားစု၊ သားမယား၊ မိဘများရှေ့တွင် ရိုးသားဖြူစင်စွာ လျှောက်လှမ်းခဲ့ဖူးပါသလား။ သို့တည်းမဟုတ် အတင်းအဖျင်း ပြောဖူးပါသလား။

**ပညတ်ချက် (၆)** – လူအသက်ကို မသတ်နှင့်။ (ထွက်၊ ၂၀း၁၃)။

ပညတ်ချက်တစ်ခုစီတိုင်းအတွက် သမ္မာကျမ်းသစ်ထဲတွင် ယေရှုခရစ်အားဖြင့် (Rhema) ပြန်လည် ခိုင်မာစေခဲ့သည်။

ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့။ ရန်သူကိုမုန်းလော့ဟူသော ပညတ်စကားကို သင်တို့ကြားရပြီ။ ၄၄ – သို့သော် ငါပညတ်သည်ကား၊ သင်တို့သည် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏ သားဖြစ်လိုသောငှာ၊ သင်တို့၏ ရန်သူတို့ကိုချစ်ကြလော့။

သင်တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကိုမုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကိုနှောက်ယှက်ညှင်းဆဲသော သူတို့အဖို့ ဘုရားသခင်ကို ဆုတောင်းကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ကောင်းသောသူ၊ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုးကိုရွာစေတော်မူ၏။ (မဿဲ၊ ၅း၄၃–၄၅)။

မိမိညီအစ်ကိုကို မုန်းသောသူ မည်သည်ကား၊ လူအသက်ကိုသတ်သောသူဖြစ်၏။ လူအသက်ကို သတ်သောသူ တစ်စုံတစ်ယောက်၌မျှ ထာဝရအသက်မတည်သည်ကို သင်တို့သိကြ၏။ (၁ယော၊ ၃း၁၅)။

မိမိညီအစ်ကိုကို မုန်းလျက်ပင်၊ ငါသည် အလင်း၌ရှိ၏ဟု ဆိုသောသူသည် ယခုတိုင်အောင် မှောင်မိုက်၌ ရှိသေး၏။ မိမိညီအစ်ကိုကို ချစ်သောသူသည် အလင်း၌ တည်နေ၏။ ထိမိ၍လဲစရာ အကြောင်းသည် ထိုသူ၌မရှိ။ မှောင်မိုက်၌လည်း ကျင်လည်သွားလာ၏။ မှောင်မိုက်ကြောင့် သူ၏မျက်စိ မမြင်နိုင်သဖြင့် ဘယ်အရပ်သို့ ကိုယ်သွားသည်ကို ကိုယ်မသိ။ (၁ယော၊ ၂း၉–၁၁)။

သင်တို့သည် ရှေးဦးစွာကပင်ကြားရသော တရားစကားဟူမူကား၊ မာရ်နတ်နှင့်ဆိုင်၍ မိမိညီကိုသတ်သော ကာဣန ကဲ့သို့မဟုတ်၊ ငါတို့သည် အချင်းချင်း ချစ်ရကြမည်ဟု လာသတည်း။ ကာဣနသည် မိမိညီကို အဘယ်ကြောင့်သတ်သနည်းဟူမူကား၊ မိမိအကျင့်သည် ဆိုးယုတ်၍ ညီ၏အကျင့်သည် ဖြောင့်မတ်သတည်း။ (၁ယော၊ ၃း၁၁–၁၂)။

တစ်စုံတစ်ဦးကို မုန်းခြင်းအားဖြင့် အသက်သတ်မိပါသလား။ အတွေးအခေါ်၊ အပြောအဆိုအားဖြင့် သူတစ်ပါးကို နစ်နာစေပါသလား။ ဘုရားသခင်တစ်ပါးတည်းသာ အောင်မြင်ခြင်းကျေးဇူးတော်ကို ပေးပိုင် တော်မူ၏။

**ပညတ်ချက် (၇)** – သူ့မယားကိုမပြစ်မှားနှင့်။ (ထွက်၊ ၂၀း၁၄)။

ထိမ်းမြားလက်ထပ်ခြင်းသည် ဘုရားသခင် ဖန်ဆင်းပေးသောအရာဖြစ်သောကြောင့် သစ္စာနှင့် သန့်ရှင်းစွာ ပေါင်းသင်ရမည်ဖြစ်သည်။



**(င) ပိတ်ချောကန့်လန့်ကာ – ယေရှု၏ကိုယ်ခန္ဓာပုံဆောင် (ဗြဲ။ ၁၀း၂၀)**



ပိတ်ချောကန့်လန့်ကာကို အလွန်သန့်ရှင်းသောဌာနနှင့် သန့်ရှင်းရာဌာနနှစ်ပါးစပ်ကြား၌ အပိုင်းအခြားဖြစ်ရမည်။ (ထွက်၊ ၂၆း၃၃–၃၃, ၃၆း၃၅)။

တစ်နည်းကား၊ အပြာရောင်၊ ခရမ်းရောင်၊ အနီရောင်ဖြင့် ခေရုဗိမ်ရုပ်ကို လက်ရာ မြောက်ရက်သော ပိတ်ချောကန့်လန့်ကာတစ်ထည်ကို ချုပ်ရမည်။ (ထွက်၊ ၂၆း၃၁)။

ထိုအချိန်သည် မွန်းတည့်အချိန်လောက်ဖြစ်၍ သုံးချက်တည်းအချိန်တိုင်အောင် မြေတစ်ပြင်လုံး၌ မှောင်မိုက်အတိဖြစ်လေ၏။ နေရောင်ကွယ်ပျောက်လေ၏။ ဗိမာန်တော်၏ ကန့်လန့်ကာသည် နှစ်ခြမ်းကွဲလေ၏။ (လု၊ ၂၃း၄၄–၄၅)။

ထို့နောက်မှ ကျမ်းစာပြည့်စုံစေခြင်းငှာ အမှုရှိသမျှ ကုန်စင်ပြီးသည်ကို သိတော်မူလျှင် ရေငတ်သည်ဟု မိန့်တော်မူ၏။ ထိုအရပ်၌ ပုံးရည်နှင့်ပြည့်သော အိုးတစ်လုံးရှိသည်ဖြစ်၍ ထိုသူတို့သည် မှိုတစ်ထွေးကို ပုံးရည်နှင့်ပြည့်စေပြီးလျှင်ဟုသ် သပ်ပင်အကိုင်းဖျား၌တပ်၍ ခံတွင်းတော်သို့ ကပ်ထားကြ၏။ ယေရှုသည် ပုံးရည်ကိုခံပြီးမှ အမှုပြီးပြီဟု မိန့်တော်မူလျက် ခေါင်းတော်ကို ငိုက်ဆိုက်၍ အသက်တော်ကို စွန့်တော်မူ၏။ (ယော၊ ၁၉း၂၈–၃၀)။

ဆုတောင်းခြင်းအားဖြင့် ထာဝရဘုရားအား လောင်ကျွမ်းစေရမည်ဖြစ်သည်။ ရှင်းလင်းသော ဥပမာများအတွက် ပေးထားချက်များကို ရှင်လုကာခရစ်ဝင်ကျမ်း ၁း၅–၁၃ တွင် ဇာခရိ၏ နံ့သာပေါင်းမီးရှို့ပူဇော်ခြင်း၌ တွေ့ရသည်။

ယုဒပြည်ကို အစိုးရသော ဟေရုဒ်မင်းကြီးလက်ထက်၊ အဘိယအသင်းဝင်ဖြစ်၍ ဇာခရိအမည်ရှိသော ယဇ်ပုရောဟိတ်တစ်ပါးရှိ၏။ သူ၏ခင်ပွန်းသည် အာရုန်မျိုးနွယ်ဖြစ်၏။ သူအမည်ကား ဧလိရှဗက်တည်း။ ထိုသူနှစ်ယောက်တို့သည် ထာဝရဘုရား၏ ပညတ်တရား အမျိုးမျိုးတို့ကို ကျင့်ဆောင်၍ အပြစ်တင်ခွင့်နှင့် ကွင်းလွတ်သဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းပါရမီရှိကြ၏။ ဧလိရှဗက်သည် မြုံသောကြောင့် သူတို့သည်သားမရှိ။ ထိုသူနှစ်ယောက်တို့သည် အသက်အရွယ်ကြီးရင့်ကြ၏။

ဇာခရိသည် မိမိအသက်နှင့်တကွ အလှည့်သင့်၍ ဘုရားသခင်ရှေ့တော်၌ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်သည်တွင် ယဇ်ပုရောဟိတ်ထုံးစံအတိုင်း စာရေးတံချသဖြင့် သူသည် ထာဝရဘုရား၏ ဗိမာန်တော်အတွင်းသို့ဝင်၍ နံ့သာပေါင်းကို မီးရှို့ရ၏။ ထိုသို့ နံ့သာပေါင်းကို မီးရှို့သည်အချိန်တွင် လူအပေါင်း တို့သည် အပြင်၌ ဆုတောင်းလျက် နေကြ၏။ ထိုအခါ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထင်ရှား၍ နံ့သာပေါင်းကို ရှို့သော ယဇ်ပလ္လင်လက်ျာဘက်၌ ရပ်နေသည်ကို ဇာခရိသည်မြင်လျှင် စိတ်နှလုံးမငြိမ်မဝပ် ထိတ်လန့်ခြင်းသို့ရောက်၏။ ကောင်းကင်တမန်ကလည်း၊ ဇာခရိ၊ ကြောက်ရွံ့ခြင်းမရှိနှင့်။ သင်ပြုသောပဌနာကို နားခံတော်မူပြီ။ သင်၏ခင်ပွန်း ဧလိရှဗက်သည် သားယောက်ျားကို ဖွားမြင်လိမ့်မည်။ ထိုသားကို ယောဟန်အမည်ဖြင့် မှည့်ရမည်။ (လု၊ ၁း၅–၁၃)။

နံ့သာပေါင်းမီးရှို့ရာ ရွှေယဇ်ပလ္လင်ရှေ့တွင် ရပ်သည့်နည်းတူ အသစ်သောသီးချင်းများ သီဆိုကျူးခြင်းဖြင့် ထာဝရဘုရားအားပူဇော်ခြင်း ပေးဆပ်ရမည်ဖြစ်သည်။ သင့်အသက်တာ ၌ ဝိညာဉ်တော်၏ လမ်းပြမှုအတွက် သင်ကိုယ်တိုင် အော်ဟစ်ဆုတောင်းရမည်ဖြစ်သည်။ သင့်ဝိညာဉ်သည် ထာဝရဘုရားအား ကောင်းကြီးပေး၍ ထာဝရဘုရား၌သာ ဝမ်းမြောက်ခြင်း ရှိလော့။ နာမတော်အား ဘုန်းကြီးစေ၍ သူ၏ပြည့်စုံခြင်းနှင့် ပြည့်ဝတော်မူပါ။ သန့်ရှင်းသောဝိညာဉ်၏ ဘိသိက်ပေးခြင်းနှင့် အံ့ဩဖွယ်ရာအတွက် ထာဝရ ဘုရားအား ချီးမွမ်းခြင်းရှိလော့။



စိတ်နှလုံးထဲ၌ ကာမဂုဏ်နှင့်စပ်လျဉ်း၍ သခင်ယေရှု သွန်သင်တော်မူခဲ့သည့်အရာမှာ (ယောက်ျား၊ မိန်းမတို့၏ နှလုံးသားချင်းမကွာခြားပုံဖြစ်ပြီး) ခရစ်တော်၌လည်း ယောက်ျား၊ မိန်းမ မရှိသည့်အပြင် ကောင်းကင်ဘုံ၌လည်း သန့်ရှင်းတူညီသော ညီအစ်ကိုမောင်နှမ ဖြစ်ကြရမည်မှာ သမ္မာတရားပင်ဖြစ်သည်။

သူ့မယားကို မပြစ်မှားရဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ။ ၂၈ – ၃၁ ပညတ်သည်ကား၊ ကိလေသာစိတ်နှင့် သူ့မယားကို ကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ။ ထို့ကြောင့် လက်ျာမျက်စိဖြစ်သော်လည်း သင့်ကိုမှားယွင်းစေလျှင် ထိုမျက်စိကို ထုတ်ပစ်လော့။ တစ်ကိုယ်လုံး ငရဲသို့ ချခြင်းကိုခံရသည်ထက် အင်္ဂါတစ်ခု ပျက်သော် သာ၍ကောင်း၏။ ထိုနည်းတူ လက်ျာလက်ဖြစ်သော်လည်း သင့်ကို မှားယွင်း စေလျှင် ထိုလက်ကိုဖြတ်ပစ်လော့။ တစ်ကိုယ်လုံး ငရဲသို့ချခြင်းကိုခံရသည်ထက် အင်္ဂါ တစ်ခုသာပျက်သော် သာ၍ကောင်း၏။ (မဿဲ၊ ၅း၂၇–၃၀)။

လူပျိုတို့၏ တပ်မက်ခြင်းကိလေသာစိတ်ကို ကြဉ်ရှောင်လော့။ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ စင်ကြယ်သောစိတ်ရှိ၍ သခင်ဘုရားကို ပဌနာပြုသောသူတို့နှင့် အသင့်အတင့်နေခြင်းတို့ကို မှီအောင်လိုက်လော့။ (၂တိ၊ ၂း၂၂)။

သူ့မယားကိုပြစ်မှားခြင်း၊ လောဘလွန်ကျူးခြင်းနှင့် မိမိ၏လင်ယောက်ျား၊ ဇနီးအပေါ် ကျူးလွန်ခဲ့မည့်သလော။ မသန့်ရှင်းသော ကာမဆိုင်ရာမှ လွတ်မြောက်ခြင်းအမှုနှင့် ခွင့်လွှတ်ခြင်းတရားအတွက် ငိုကြွေးခြင်း မျက်ရည်နဲ့ဆုတောင်းရမည်ဖြစ်သည်။ ဘုရားသခင် သည် သင့်ဘဝအသက်တာ၏ မနာမကျန်းဖြစ်ခြင်းမှ လွတ်မြောက်စေရန်နှင့် ဖြောင့်မတ် စေရန် ရှာနေလျက်ရှိ၏။ စိတ်နှလုံး တည်ကြည်သောသူသည် ကိုတော်ကို ခိုလှုံသောကြောင့်၊ ငြိမ်သက်ခြင်းသက်သက်ရှိမည်အကြောင်း စောင့်ရှောက်တော်မူ၏။ (ဗြ၊ ၁၂း၂။ ဟေရှာ၊ ၂၆း၃)။

**ပညတ်ချက် (၈)** –သူ့ဥစ္စာကို မခိုးနှင့်။ (ထွက်၊ ၂၀း၁၅)။

ဆယ်ဖို့တစ်ဖို့နှင့် ပေးကမ်းခြင်းတို့ဖြင့် ဘုရားသခင်အား ရိုသေခြင်းဖြစ်ပါ၏လော။ မိမိအသက်တာ၏ အခန်းကဏ္ဍတိုင်း၌ ဘုရားသခင်၏ စကားတော်ကို နာခံလိုက်လျှောက်

ခဲ့ပါ၏လော။ ဘုရားသခင်၏ ဆုကျေးဇူးတော်များအတွက် တိုင်းတာတတ်ပါ၏လော။ ကျွန်ုပ်တို့သည် ဆုကျေးဇူး၊ ငွေကြေး၊ အချိန် ဘဏ္ဍာအစွမ်း၌ ဘဏ္ဍာစိုးကောင်းများ ဖြစ်ပါ၏လော။

**ပညတ်ချက် (၉)** – ကိုယ်နှင့်စပ်ဆိုင်သောသူတစ်ဖက်၌ မမှန်သောသက်သေကို မခံကြနှင့်။ (ထွက်၊ ၂၀း၁၆)။

ကျွန်ုပ်တို့သည် မှားယွင်းသောသက်သေခံတော်မူခြင်းအားဖြင့် သူတပါးကို လှည့်ဖြားမိပါ၏လော။ သို့မဟုတ် သခင်ယေရှု အသက်ရှင်တော်မူခဲ့သည့်အတိုင်း တပည့်ကောင်းဖြစ်ပါ၏လော။ နှုတ်တော်ထွက်စကားထက် မှသာ၌ ကျင်လည်သောသူဖြစ်ပါ၏လော။

**ပညတ်ချက် (၁၀)** – ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကို တပ်မက်လိုချက်သောစိတ်မရှိနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ မယား၊ သူ၏ ကျွန်၊ ယောကျ်ား၊ မိန်းမ၊ နွား၊ မြည်းမှစ၍ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ ဥစ္စာတစ်စုံတစ်ခုကိုမျှ တပ်မက်လိုချင်သောစိတ် မရှိစေနှင့်ဟု မိန့်တော်မူ၏။ (ထွက်၊ ၂၀း၁၇)။

''တပ်မက်ခြင်း''ဆိုသည်မှာ ထက်သန်သောဆန္ဒရှိခြင်းဖြစ်ပြီး တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် အလွန်အကျွံဖြစ်ခြင်းတို့မှ ဆင်းသက်လာသည်။ အပြစ်သည် စိတ်ဆန္ဒမှ ပွားလာသောကြောင့် ညစ်ညူးစဉ်းလဲသော အတွေးများကို ဖယ်ထုတ်ပစ်ရမည်ဖြစ်သည်။

ထို့ကြောင့် မတရားသောမေထုန်၌ မှီဝဲခြင်း၊ ညည်းစွာကျင့်ခြင်း၊ ကိလေသာပူပန်ခြင်း၊ ဆိုးညစ်သော တပ်မက်ခြင်း၊ ရုပ်တုကိုးကွယ်ခြင်းဖြစ်သော လောဘကျူးခြင်းဖြစ်သော၊ မြေကြီးပေါ်မှာရှိသော သင်တို့၏ ကိုယ်အင်္ဂါတို့ကို သေစေကြလော့။ (ကောလော၊ ၃း၅)။

ကျွန်ုပ်တို့သည် အိမ်နီးနားချင်းများပိုင်ဆိုင်သော ကျော်စောခြင်း၊ မိသားစု၊ ဇနီး၊ သားသမီးများ၊ စီးပွားရေး၊ လုပ်ဆောင်ချက်နှင့် ဂုဏ်ပကာဓနများအပေါ်၌ တပ်မက်နေပါသလား။

သုတ္တံစကားများရွတ်ဆိုခြင်း၊ ဆာလံသီချင်းကျူးခြင်းဖြင့် ဆုတောင်းကာ တွန်းလှန်နိုင်မည်ဖြစ်သည်။



ယနေ့ သမ္မာသစ်ကာလ ဆုတောင်းခြင်းများသည် မွှေးကြိုင်သင်းပျံ့သော ရနံ့များအဖြစ် ဘုရားသခင်ထံတော်သို့ တက်ရောက်လျက်ရှိသည်။

ထိုစာစောင်ခံယူသောအခါ၊ သတ္တဝါလေးပါးနှင့် အသက်ကြီးသူ နှစ်ဆယ့်လေးပါးတို့သည် သန့်ရှင်းသူတို့၏ ပဌနာတည်းဟူသော မီးရှို့ရာ နံ့သာပေါင်းနှင့်ပြည့်သော ရွှေဖလားတို့ကိုငင်း၊ စောင်းတို့ကိုငင်း၊ အသီးသီးကိုင်၍ သိုးသူငယ်ရှေ့၌ ပျက်ဝပ်လျက်ဟု သန့်ရှင်းသူများမှ ဆုတောင်းခဲ့ကြသည်။ (ဗျာ၊ ၅း၈)။

သန့်ရှင်းသော ချီးမွမ်းခြင်းနှင့် ဆုတောင်းခြင်းသည် ဘုရားသခင် နားညောင်းလျက်ရှိသည်။ ဆုတောင်းခြင်းအသက်တာသည် ခရစ်ယာန်တို့၏ သဘောသဘာဝဖြစ်သည်။ ဆုတောင်းခြင်းသည် ဘာသာရေးမဟုတ်ပေ။ ဝိညာဉ်အရှိန်ကြီးလျက် ဆုတောင်းခြင်းသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့အကြား အဆက်အသွယ်လုပ်ခြင်းဖြစ်သည်။ ဆုမတောင်းလျှင် အသက်တာ၌ အသီးများဝေဆာသီးပွင့်နိုင်မည် မဟုတ်ပေ။ နံ့သာပေါင်းမီးရှို့ရာ ရွှေယဇ်ပလ္လင်၌ ထာဝရဘုရားသခင်အား ချီးမွမ်းပူဇော်ခြင်းသည် နက်နဲလှသော ချစ်ခြင်းမေတ္တာကို ဖော်ကျူးခြင်းဖြစ်သည်။ ထာဝရဘုရားသည် လူမြင်သကဲ့သို့ မြင်တော်မူသည်မဟုတ်။ လူသည် အဆင်းသဏ္ဌာန်ကို ကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား စိတ်နှလုံးကို ကြည့်ရှုတတ်သည်ဟု (၁ရာ၊ ၁၆း၇)တွင် တွေ့ရသည်။ လူ၏ အရေးကြီးဆုံးဝတ္တရားသည် ဘုရားသခင်၏ ဘုန်းကြီးစေရန်နှင့် သူ၌ ထာဝရမွေ့လျော်ခြင်းရှိရန်ဖြစ်သည်။ (ဆာ၊ ၃၇း၄) တွင်လည်း ''ထာဝရဘုရား၌ မွေ့လျော်ခြင်းရှိလော့၊ သို့ပြုလျှင်၊ စိတ်နှလုံးအလိုပြည့်စုံရသော အခွင့်ကို ပေးတော်မူမည်''ဟု တွေ့ရသည်။ တဲတော်၌ ဆုတောင်းခြင်းသည် ဘုရားသခင်၌ မွေ့လျော်ခြင်းအမှုဖြစ်ပြီး ဘုရားသခင်၏ နိုင်ငံတော်အတွက် အကျိုးနှင့်ယှဉ်သော လုပ်ဆောင်ချက်များဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုကျေးဇူးရှင်ဖြစ်တော်မူ၏။ ထို့ကြောင့် ဘုရားသခင်ရှေ့တော် သန့်ရှင်းသောလက်တော်၊ ဖြူစင်သောနှလုံးသားနှင့် နည်းခံရမည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့သည်မှာ သူ၏တတ်စွမ်းနိုင်မှုအတွက် အစွမ်းထက်မြင့်စွာ ချီးမွမ်းဆုတောင်းရန်ဖြစ်သည်။ ယဇ်ပုရောဟိတ်သည် မွှေးကြိုင်သောယဇ်အား နေ့စဉ်နှစ်ကြိမ် မီးရှို့ ပူဇော်သကဲ့သို့ မိမိတို့အသက်တာသည်လည်း



နံ့သာပေါင်း မီးရှို့ရာ ယဇ်ပလ္လင်သည် အကာရှသစ်သားဖြင့် ပြုလုပ်ပြီး ရွှေဖြင့် မွမ်းမံထားသည်။ ပလ္လင်သည် အနောက်ဘက်နံရံ၏ အလယ်ပိုင်း ကန့်လန့်ကာရှေ့၌ ထားရသည်။ ဤယဇ်ပလ္လင်သည် ခရစ်တော်၏ သတို့သမီးကို ပုံဆောင်ပြီး ဘုရားသခင်ကို ကိုးကွယ်ချီးမွမ်းဆုတောင်းရန် အနေအထားကို ပြပေးလျက်ရှိသည်။ ရွှေယဇ်ပလ္လင်မှ မီးရှို့ပူဇော်သော နံ့သာပေါင်းသည် မွှေးကြိုင်သင်းထုံသော ရနံ့များကို ဘုရားသခင် အထံတော်သို့ လွင့်ပျံတက်ကြွသွားလျက်ရှိသည်။

အကျွန်ုပ်၏ ပဌနာသည် မီးရှို့သောနံ့သာပေါင်းကဲ့သို့၎င်း၊ လက်ကိုချီခြင်းသည် ညဦးယံ ပူဇော်သက္ကာကဲ့သို့၎င်း၊ ရှေ့တော်၌ ပြင်ဆင်လျက်ရှိပါစေသောဟု ဒါဝိဒ်ဘုရင် ရေးသားခဲ့ပါ၏။ (ဆာ၊ ၁၄၁း၂)။

အကျွန်ုပ်ပြုသော ပဌနာသည် အထံတော်သို့ ဝင်ပါစေသော။ အော်ဟစ်သံကို နားထောင်တော် မူပါ။ (ဆာ၊ ၈၈း၂)။



## (၈) အကာရှတိုင်ငါးတိုင် (သို့) ခရစ်တော်၏ဝိသေသများ



ရွှေနှင့်မွမ်းမံသော အကာရှတိုင်ငါးတိုင်ပေါ် ထိုကန့်လန့်ကာကို ဆွဲထားရမည်။ ကြေးဝါခြေစွပ်ငါးခု ကိုလည်း သွန်းရမည်။ (ထွက်၊ ၂၆း၃၇)။

တစ်ခုချင်းစီ၏ သင်္ကေတများအား ဘုရားသခင်၏ ဝိသေသဖြင့် ပရောဖက်အားဖြင့် ဖော်ပြလျက်ရှိသည်။ အကြောင်းမူကား၊ ငါတို့အဖို့ သူငယ်ကို ဖွားမြင်၏။ ငါတို့အား သားကိုသနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက် ရှိလိမ့်မည်။ နာမတော်မူကား

''တစ်'' တိုင် – အံ့ဩဖွယ်

''နှစ်'' တိုင် – တိုင်ပင်ဖက်

''သုံး'' တိုင် – တန်ခိုးကြီးသောဘုရားသခင်

''လေး'' တိုင် – ထာဝရအဘ

''ငါး'' တိုင် – ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။ (ဟေ၊ ၉း၆)။

ထိုအရာများသည် မိမိတို့၏အသက်တာ၌ အစဉ်လိုအပ်မည်ဖြစ်ပြီး ဘဝကို ပြီးပြည့်စုံစေနိုင်သော တစ်ခုသော ဘုရားသခင်၏ ဝိသေသ(၅)မျိုးဖြစ်သည်။

# အခန်း (၂)

## သန့်ရှင်းရာဌာန (ရွှေမီးခုံ)

### (က) ရွှေမီးခုံ



အကာရှတိုင် ''ငါး''တိုင်ကို ဖြတ်ကျော်ခြင်းဖြင့် သန့်ရှင်းရာဌာနတော်သို့ ဝင်ရောက်ရပြီး လက်ဝဲဘက်ရှိ ရွှေမီးခုံကို ကျွန်တော်တို့ မြင်တွေ့ရမည်ဖြစ်သည်။ ထွက်မြောက်ရာကျမ်း ၂၅း၃၁–၃၄ လာ ရွှေစားပွဲသည် တဲတော်၏ မြောက်ဘက်ပိုင်းတွင် တည်ရှိသည်။

သင်တို့သည်လည်း သန့်ရှင်းသော ရွှေမီးခုံကို လုပ်ဆောင်ရမည်။ မီးခုံသည် တူဖြင့်ထုလုပ်ရသော အလုပ်သာ ဖြစ်သည်။

မီးခုံကိုလည်း ရွှေစင်နှင့်လုပ်၍၊ မီးခုံတိုင် အစရှိသော အလက်များ၊ ခွက်များ၊ ဘူးသီးများ၊ ကြာပွင့်များတို့ကို တစ်စပ်တည်းထုရမည်။ မီးခုံတိုင် တစ်ဖက်တစ်ချက် သုံးလက်စီထွက်၍ အလက်ခြောက်လက်ရှိရမည်။ မီးခုံတိုင်ထဲကထွက်သော အလက်သုံးလက်တွင် တစ်လက်တစ်လက်၌ ဘူးကြာပွင့်နှင့်တကွ ဗာတံသီးနှင့် ပုံတူသော ခွက်သုံးခွက်ရှိရမည်။ မီးခုံတိုင်၌လည်း ဘူးကြာပွင့်နှင့်တကွ၊ ဗာတံသီးနှင့် ပုံတူသော ခွက်လေးခွက်ရှိရမည်။

ရွှေမီးခုံတွင် အကိုင်းခုနစ်ကိုင်း ထွက်လာရမည်။ သမ္မာကျမ်းစာတွင် ဖော်ပြသည့် အတိုင်း ၎င်းခုနစ်ကိုင်းသည် ဝိညာဉ်ခုနစ်ပါးကို ရည်ညွှန်းလျက်ရှိသည်။

ထာဝရဘုရား၏ ဝိညာဉ်တော်တည်းဟူသော ပညာနှင့်ဉာဏ်ကိုပေးသောဝိညာဉ်၊



### (ဃ) နံ့သာပေါင်းမီးရှို့ရာ ရွှေယဇ်ပလ္လင် (နံ့ဝိညာဉ်ဖြင့်ကိုးကွယ်ခြင်း)





ထွက်မြောက်ရာကျမ်း ၃၀း၁–၁၀ တွင် ဖော်ပြထားသည့်အတိုင်း နံ့သာပေါင်းမီးရှို့ရာ ရွှေယဇ်ပလ္လင်သည် သန့်ရှင်းရာဌာနတော်၏ နောက်ဆုံးသောအရာဝတ္ထုဖြစ်သည်။

တစ်နည်းကား၊ နံ့သာပေါင်းကို မီးရှို့စရာ ယဇ်ပလ္လင်ကို အကာရှသားနှင့် လုပ်ရမည်။ ထိုပလ္လင်သည် အလျားတစ်တောင်၊ အနံတစ်တောင်၊ စတုရန်း လေးထောင့်ဖြစ်၍၊ အမြင့် နှစ်တောင်ရှိရမည်။ ပလ္လင်ထိပ်၊ နံရံ၊ ဦးချိုတို့ကို ရွှေစင်နှင့်မွမ်းမံ၍၊ အပေါ်နားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုလည်း လုပ်ရမည်။ ရွှေတန်ဆာအောက်၊ ပလ္လင်တစ်ဖက်တစ်ချက် ထောင့်၌ ရွှေကွင်းနှစ်ကွင်းကိုလုပ်၍ ပလ္လင်ထမ်းစရာ ထမ်းပိုးနေရာဖြစ်ရမည်။ ထမ်းပိုးတို့ကို အကာရှသားနှင့်လုပ်၍ ရွှေနှင့်မွမ်းမံရမည်။ ငါသည် သင်နှင့်တွေ့ရာအရပ်၊ သက်သေခံချက် ထားသော သေတ္တာကိုကာသော ကန့်လန့်ကာရှေ့၌ ထိုပလ္လင်ကို ထားရမည်။ အာရုန်သည် နံနက်တိုင်း မီးခွက်တို့ကိုပြင်သောအခါ၊ ထိုပလ္လင်ပေါ်မှာ မွှေးသောနံ့သာပေါင်းကို ရှို့ရမည်။ ညဦးယံ၌လည်း မီးခွက်တို့ကို ထွန်းသောအခါ၊ ထိုပလ္လင်ပေါ်မှာ နံ့သာပေါင်းကို ရှို့ရမည်။ ထိုသို့ သင်တို့သားစဉ်မြေးဆက်တို့သည် ထာဝရဘုရားရှေ့တော်၌ အစဉ်အမြဲပြုရသော နံ့သာပေါင်း ရှို့ခြင်းဖြစ်သတည်း။ ထိုပလ္လင်ပေါ်မှာ ထူးခြားသောနံ့သာပေါင်းကို မရှို့ရ၊ မီးရှို့သောယဇ်ကို မပြုရ၊ ဘောဇဉ်ပူဇော်သက္ကာကိုလည်း မပြုရ၊ သွန်းလောင်းရာ ပူဇော်သက္ကာကိုလည်း မပြုရ။ အာရုန်သည် တစ်နှစ်တစ်ခါ အပြစ်ဖြေရာ ယဇ်ကောင်သွေးကိုယူ၍၊ ထိုပလ္လင်၏ ဦးချိုတို့၌ အပြစ်ဖြေခြင်းမင်္ဂလာကို ပြုရမည်။ သင်တို့သားစဉ်မြေးဆက်တို့သည် တစ်နှစ်တစ်ခါ ထိုသို့ပြုရကြမည်။ ထာဝရဘုရားအား အလွန်သန့်ရှင်းသော ယဇ်ပလ္လင် ဖြစ်သတည်း။

ရှင်ပေါလုသည်လည်း ဟေဗြဲအခန်းကြီး(၉)တွင် ဟဂျာဟုခေါ်ဝေါ်သော ပထမတဲတော်နှင့် ဟဂျာဟဂျုန်ဟု ခေါ်ဝေါ်သော ဒုတိယတဲတော်ကို နှိုင်းယှဉ်ပြီး ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၊ အသေခံတော်မူခြင်းနှင့် အသက်ကို ပုံဆောင်ကြောင်း ရေးသားခဲ့ပါသည်။ ယေရှုဆလင်မြို့ရှိ ယုဒလူမျိုးတော်တိုင်း သခင်ယေရှုပြောခဲ့သောအရာ၏ ပုံဆောင်ဖော်ပြတော်မူချက်ကို သဘောပေါက်နားလည် ကြသည်။ ယေရှုကလည်း ငါသည် အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တဖန် အဆာအမွတ်မခံရ။ ငါ့ကို ယုံကြည်သောသူသည် နောက်တဖန် ရေငတ်မခံရ။ (ယော၊ ၆း၃၅)။

## ဆုတောင်း

ယေရှုဘုရား နှုတ်ကပတ်တော်မြတ်အတွက် ရှာငတ်လျက်နေပါ၏။ ဘုရားသခင် အကျွန်ုပ်အသက်တာထဲ၌ နက်နဲစွာ နှုတ်ကပတ်တော်မြတ်ကို စီးဆင်းစေတော်မူပါ။ အဘဘုရားကိုယ်တော့် ဝိညာဉ်တော်၏ ပြောကြားချက်လုပ်ဆောင်ချက်အပေါ် မြင်နိုင်၊ ကြားနိုင်မည့်အကြောင်း ဘိသိက်တော်မူပါ။ ကိုယ်တော်၊ ကိုယ်တော့်ရဲ့လမ်းပြခြင်းမရှိဘဲ တစ်ရက်သာ ပင်လျှင် မလျှောက်ချင်ပါ။ တန်ခိုးရှင်ဘုရား အကျွန်ုပ်၏အတွင်းစိတ်၊ ဝိညာဉ်ထဲ၌ စူးစိုက်ဝင်ရောက်တော်မူပါ။ ကိုယ်တော် ကျွန်တော့်မိသားစု၌ ကိုယ်တော်ရဲ့ နည်းလမ်းကို ပြတော်မူပါ။ ဝိညာဉ်တော်နှင့် ပြည့်ဝလျက် အကြံပေးမည့်သူများ ပေါ်ထွက်စေတော်မူပါ။ နေ့စဉ်အသက်တာ၌ ကိုယ်တော်၌ မည်ကဲ့သို့ လျှောက်လှမ်းရမည်ကို ဝိညာဉ်တော်အားဖြင့် သွန်သင်တော်မူပါ။ တဲခိုခန်း၊ စားသောက်ဆိုင်များ၌ မည်ကဲ့သို့ ဝင်ထွက်သွားလာရမည်ကို သွန်သင်တော်မူပါ။ ကိုယ်တော့်ကို သာ၍ချစ်နိုင်မည့်အကြောင်းနှင့် ယေရှုခရစ်တော်ကဲ့သို့ ပေးဆပ်နိုင်ပါမည့်အကြောင်း သွန်သင်တော်မူပါမည့်အကြောင်း နာမတော်မြတ်၌ ဆက်ကပ်ဆုတောင်းပါ၏။ အာမင်။

တိုင်ပင်ခြင်းမရှိလျှင် အကြံပျက်တတ်၏။ တိုင်ပင်သောသူများလျှင်မူကား၊ အကြံတည်တတ်၏။ (သု၊ ၁၅း၂၂)။



ကြံစည်တတ်စွမ်းနိုင်သော သတ္တိကိုပေးသောဝိညာဉ်၊ ထာဝရဘုရားကိုသိ၍ ကြောက်ရွံ့ကြည်ညိုခြင်းကိုပေးသော ဝိညာဉ်တော်သည် ထိုသူပေါ်မှာ ကိန်းဝပ်တော်မူလိမ့်မည်။ (ဟေ၊ ၁၁း၂)။

မီးခွက်၏ရည်ရွယ်ချက်မှာ ယဇ်ပုရောဟိတ်များသည် နံ့သာပေါင်းမီးရှို့ရာ ယဇ်ပလ္လင်ပေါ်တွင် နံ့သာပေါင်းမီးရှို့ရန်အတွက်ဖြစ်သည်။ အာရုန်သည် နံနက်တိုင်း မီးခွက်တို့ကို ပြင်သောအခါ၊ ထိုပလ္လင်ပေါ်မှာ မွှေးသောနံ့သာပေါင်းကို ရှို့ရမည်။ ညဦးယံ၌လည်း မီးခွက်တို့ကိုထွန်းသောအခါ၊ ထိုပလ္လင်ပေါ်မှာ နံ့သာပေါင်းကိုရှို့ရမည်။ ထိုသို့ သင်တို့သားစဉ်မြေးဆက်တို့သည် ထာဝရဘုရားရှေ့တော်၌ အစဉ်အမြဲပြုရသော နံ့သာပေါင်းရှို့ခြင်းဖြစ်သတည်း။

ကျွန်တော်သည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ချီးမွမ်းကိုးကွယ်လျက် သစ်ဆန်းသောအရာများဖြင့် သွန်သင်တော်မူပါရန် ခေါ်ဖိတ်လျက်ရှိသည်။ အကြောင်းမှာ ထိုသခင်အားဖြင့်သာ နှုတ်တော်ထွက်စကားကို နားလည်နိုင်ရသောကြောင့် ဖြစ်သည်။ ဆာလံ – ၁၁၉း၁၀၅ တွင် နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏ဟု ဒါဝိဓရှင်ဘုရင်ကြီး ဝန်ခံတော်မူခဲ့၏။ ဤသည်မှာ မီးခုံ၌ဖြစ်၍ ဘုရားသခင်၏စိတ်တော်ကို နားလည်စေပြီး အကျွန်ုပ်တို့ရှေ့တွင် ရှုပါရုံနှင့် ဆိုင်သောမီးကို လောင်ကျွမ်းစေသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာ အံ့သြဖွယ်သားတော် သခင်ယေရှုကို မြင်တွေ့နိုင်မည်ဖြစ်သည်။ အကြောင်းမှာ ဝိညာဉ်တော်သည် သခင်ယေရှုခရစ်တော်၌ ဘုန်းရောင်ခြည်တော် ထင်ရှားသောကြောင့်ဖြစ်သည်။

သမ္မာသစ်ကာလ ပသခါပွဲနေ့တွင် ယေရှုခရစ်တော်သည် သန့်ရှင်းသောမြို့တော်တည်းဟူသော ယေရှုဆလင်မြို့သို့ ရောက်ခဲ့စဉ် (ယော၊ ၈း၁၂) ဤလောက၏ အလင်းဖြစ်သောကြောင့် ရှောလမုန်၏ အပြင်ဘက်ခန်း (ဝရံတာ)တွင် လျှောက်တော်မူခဲ့သည်။

ရွှေမီးခုံသည် ဝိညာဉ်တော်နှင့် ၎င်း၏ဆုကျေးဇူးတော်များကို ရည်ညွှန်းလျက်ရှိသည်။ (၁ကော၊ ၁၂း၁–၁၂)။ ဘုရားသခင်သည် နံ့ဝိညာဉ်ဖြစ်တော်မူ၏။ (ယော၊ ၄း၂၄)၊ ထိုဝိညာဉ်တော်သည် ဆုကျေးဇူးတော်များကို ခံစားစေလျက် ရှေ့အနာဂတ်အတွက် ပေါ်လွင်စေသောသူလည်းဖြစ်သည်။ ထိုဆုကျေးဇူးများသည် နတ်ဆိုးများကို တွန်းလှန်နိုင်ရန် အထူးလက်နက်စုံဖြစ်ပြီး ဘုန်းကြီးသောဘုရား သခင်အထံတော်မှ ကွဲပြားစေမည့်

အသွေးအသားများကိုပင် ကာကွယ်ပေးလျက်ရှိသည်။ သန့်ရှင်းရာဌာနတော်၌သာ ဘုရားသခင်၏ နိုင်ငံတော်အတွက် မိမိဆုကျေးဇူးတော်များအား အသုံးပြုရမည့်လမ်းစဉ်ကို သင်ယူရမည်ဖြစ်သည်။ ဤဆုကျေးဇူးများသည် သဘာဝတရားထက် လွန်ကဲပြီး အသင်းတော်ကို မှောက်လှန်ရှုံးနိမ့်စေမည့် ရန်သူကိုပင် ချေမှုန်းနိုင်စွမ်းရှိသည်။ ယေရှုခရစ်တော်သည် မှန်ကန်တိကျသော အဖြေဖြစ်ကြောင်း ဝိညာဉ်တော်သည် သက်သေခံလျက်ရှိ၏။ (ဖေက်၊ ၆း၁၀-၁၈၊ ၂ကော-၁၀း၄-၅)

ခရစ်တော်၏ အင်္ဂါတော်ထဲမှ အကြီးမားဆုံးသောသိရှိရန် လိုအပ်သည်မှာ အစွမ်းသတ္တိကိုပေး၍ နားလည်နိုင်သော တန်ခိုးညာဉ်ပေးသော သုံးပါးတစ်ဆူ၏ တတိယပုဂ္ဂိုလ်ဖြစ်သော သန့်ရှင်းသော ဝိညာဉ်တော်ဘုရားပင်ဖြစ်သည်။ ဤအမှုသည် ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာတန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူ၏။ (ဇာ၊ ၄း၆)။ ဝိညာဉ်တော်ကလည်း၊ ထိုရထားသို့ ချဉ်းကပ်၍ မှီဝဲလော့ဟု ဖိလိပ္ပုအား ဗျာဒိတ်ပေးတော်မူသဖြင့်၊ (တ၊ ၈း၂၉)။

## သန့်ရှင်းသောဝိညာဉ်တော်သည်အလင်း

ထိုနုတ်ကပတ်တော်ထံ၌ ငါတို့သည် ကြားရ၍ သင်တို့အား ပြသသော တရားစကားဟူမူကား၊ ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ (၁ယော၊ ၁း၅)။

**သန့်ရှင်းသောဝိညာဉ်တော်သည် မီးလျှံကဲ့သို့ ကိုယ်ကိုကိုယ် ထင်ရှားစေတော်မူ၏။**

အကြောင်းမူကား၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် လောင်သောမီးဖြစ်၏။ နှမြောတသ၊ သဝန်တိုသော ဘုရားဖြစ်တော်မူ၏။ (တရား၊ ၄း၂၄)။

သမ္မာတရားနှင့် ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလတ္တံ့သောအရာတို့ကိုလည်း သင်တို့အား ဖော်ပြလိမ့်မည်။ (ယော၊ ၁၆း၁၃)။

ကျွန်တော်တို့သည် ဝိညာဉ်တော်ခေတ်၌ အသက်ရှင်နေကြသောကြောင့် ထိုဝိညာဉ်တော်သည် ဘုရားသခင်အထံတော်သို့ ခေါ်သွင်းတော်မူလျက်ရှိသည်။ ထို့ကြောင့် ဘုရားသခင်၏ ကောင်းမြတ်ခြင်းအကြောင်းအား ကျွန်ုပ်တို့သိရှိသင့်သည်။ သန့်ရှင်းသော



## ၂။ တံခါးပေါက် (၁၂)ပေါက်

တံခါးရွက် တစ်ဆယ့်နှစ်ရွက် အသီးသီးတို့သည် ပုလဲတပြားစီဖြင့်ပြီး၍ ပုလဲတစ်ဆယ့်နှစ်ပြားဖြစ်ကြ၏။ မြို့လမ်းမသည် ကြည်လင်သော ဖန်ကဲ့သို့သော ရွှေစင်ဖြစ်၏။ (ဗျာ၊ ၂၁း၂၁)။

## ၃။ အသီး (၁၂)မျိုး

မြို့လမ်းမအလယ်၌၎င်း၊ ထိုမြစ်နှစ်ဘက်၌၎င်း အသက်ပင်ရှိ၏။ ထိုအသက်ပင်သည် အသီးတစ်ဆယ့်နှစ်မျိုးကို သီးတတ်၏။ မိမိအသီးကိုလည်း တိုင်းပေးတတ်၏။ အရွက်သည်လည်း လူအမျိုးမျိုးတို့၏ အနာရောဂါငြိမ်းစရာဘို့ဖြစ်၏။ (ဗျာ၊ ၂၂း၂)။

## ၄။ အမြစ် (အုတ်မြစ်) (၁၂)ထပ်

မြို့ရိုးအမြစ်သည် တစ်ဆယ့်နှစ်ထပ်ရှိ၏။ သိုးသငယ်၏ တမန်တော် တစ်ဆယ့်နှစ်ပါး၏ နာမတို့သည် မြို့ရိုးအမြစ်ပေါ်၌ ရေးသားထားလျက်ရှိကြ၏။ (ဗျာ၊ ၂၁း၁၄)။

တဲတော်သည် အစဉ်အမြဲ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ရောင်ပြန်ဟပ်စေပြီး၊ ကျေးဇူးနှင့် ဂရုဏာသည်လည်း သက်ရောက်စေတော်မူလျက်ရှိသည်။ မုန့်တော်သည် ဘုရားသခင်၏ ထောက်ပံ့မှု အတွက်ကိုသာ ပုံဆောင်ခြင်းမဟုတ်ဘဲ ဣသရေလလူမျိုးတော်နှင့် အာပြဟံနှင့်ဆိုင်သော ပဋိညာဉ်တရားအတွက်ပါ ရပ်တည်ပေးလျက်ရှိသည်။

ယေရှုသည် တပည့်တော်များနှင့် စားလျက်နေကြစဉ် မုန့်ကိုယူ ဤမုန့်သည် ငါတို့အဘို့ ချိုးဖဲ့သောသူ၏ ကိုယ်ဖြစ်ကြောင်း သွန်သင်တော်မူခဲ့သည်။

ယေရှုကလည်း၊ ငါအမှန်အကန်ဆိုသည်ကား၊ လူသား၏အသားကိုမစား၊ အသွေးကို မသောက်လျှင် သင်တို့၌ အသက်မရှိ။ ငါ၏အသားကိုစား၍ ငါ၏အသွေးကိုလည်း သောက်သောသူသည် ထာဝရအသက်ကိုရ၏။ ထိုသူကို နောက်ဆုံးသောနေ့၌ ငါရှင်ပြန်ထမြောက်စေမည်။ ငါ၏အသားသည် စားစရာကောင်း၏။ ငါ၏အသွေးလည်း သောက်စရာကောင်း၏။ ငါ၏အသားအသွေးကို စားသောက်သောသူသည် ငါ၌တည်၏။ ထိုသူတို့၌လည်း ငါတည်၏။ အသက်ရှင်တော်မူသော ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍၊ ငါသည် ခမည်းတော်အားဖြင့် အသက်ရှင်သည်နည်းတူ၊ ငါ့ကိုစားသောသူသည် ငါအားဖြင့် အသက်ရှင်လိမ့်မည်။ (ယော၊ ၆း၅၃-၅၇)။

ကျွန်ုပ်ဘဝအသက်တာ၌ ဘုရားသခင်၏ ဂတိများအတွက် ကျေးဇူးချီးမွမ်းပါ၏။ သမ္မာကျမ်းစာတော်ထဲ၌ ဂတိတော်ပေါင်း ခုနစ်ထောင် (၇၀၀၀)ကျော်ရှိပြီး ဘဝအစိတ်အပိုင်းတစ်ခုစီ၌ စိမ့်ဝင်လျက်ရှိသည်။ ကျွန်တော်သည် ဝိညာဉ်ဖမ်းဆီးနိုင်ရန်နှင့် နှုတ်ကပတ်တော်စီးဆင်းစေသော တန်ဆာခံအတွက် သင်ယူလျက်ရှိပြီး နှလုံးသားစာမျက်နှာတွင် မှတ်ယူရေးသားလျက်ရှိသည်။

ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည်အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲမှာ သိုထားပါပြီ။ (ဆာ၊ ၁၁၉း၁၁)။

ဘုရားသခင်သည် သန့်ရှင်းရာဌာနတော်ရှိ မုန့်နှင့်စပ်လျဉ်း၍ မောရှေအား အသေးစိတ်ညွှန်ကြားတော်မူခဲ့သည်။

သင်သည် မုန့်ညက်ကိုယူ၍ မုန့်တစ်လုံးသည် နှစ်ဩမဲစီ၊ မုန့်ဆယ့်နှစ်လုံးကို လုပ်ပြီးလျှင်၊ ထာဝရဘုရားရှေ့ စင်ကြယ်သောစားပွဲပေါ်မှာ မုန့်တစ်လုံးပေါ်၌ တစ်လုံးကို ထပ်ဆင့်၍၊ တစ်ပုံခြောက်လုံးစီ၊ နှစ်ပုံပုံရမည်။ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာတည်းဟူသော အောက်မေ့တော်မူဖို့ရာ ဖြစ်စေခြင်းငှာ ထိုမုန့်နှစ်ပုံပေါ်မှာ စင်ကြယ်သော လေးဗန်းကိုတင်ထားရမည်။ ထာဝရဘုရား၏ ပဋိညာဉ်နှင့်အညီ၊ ဣသရေလအမျိုးတို့ လက်မှခံယူသော ထိုမုန့်ကို အာရုန်သည် ထာဝရဘုရားရှေ့တော်၌ ဥပုသ်နေ့တိုင်း အစဉ်အမြဲပြင်ဆင်ရမည်။ ထိုမုန့်ကို အာရုန်နှင့် သူ၏သားတို့သည် ပိုင်၍သန့်ရှင်းရာဌာနတော်၌ စားရကြမည်။ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာထဲက မုန့်သည် ထာဝရပညတ်တော်အတိုင်း၊ အာရုန်အဖို့ အလွန်သန့်ရှင်းသောအရာဖြစ်သည်ဟု မိန့်တော်မူ၏။ (ဝတ်၊ ၂၄း၅–၉)။

ရှေ့တော်မုန့် (၁၂)လုံးသည် သမ္မာဟောင်းကာလတွင် ဣသရေလမျိုးနွယ်စုတော် (၁၂)မျိုးကို ပုံဆောင်ဖော်ပြနေခြင်းဖြစ်ပြီး သမ္မာသစ်ခေတ်ကာလတွင် ''အသက်''နှင့် ဘုရားသခင်သည် အသက်သခင်ဖြစ်ကြောင်း ပုံဆောင်လျက်ရှိသည်။ (၁၂)ဟူသော အရာသည် ဝိညာဉ်ပိုင်းဆိုင်ရာ အခြေအနေကိုလည်း ဖော်ကျူးလျက်ရှိပါသည်။

**၁။ နောက်လိုက်တပည့်တော် (တမန်တော်) ၁၂ ပါး**

တပည့်တော် (၁၂)ယောက်ကို ခန့်ထားတော်မူ၍၊ ကိုယ်တော်နှင့်အတူရှိနေစေခြင်းငှာ၎င်း၊ တရားဟောသောအဆင့်နှင့် စေလွှတ်တော်မူခဲ့၏။ (မာကု၊ ၃း၁၄)။



ဝိညာဉ်တော်ဘုရားသည် ကျွန်ုပ်တို့၏ အားနည်းချက်များ၌ပင် ကူညီစောင်မတော်မူလျက်ရှိသည်။ ထိုမှတပါး ငါတို့မတတ်နိုင်သောအရာမှာ ဝိညာဉ်တော်မစတော်မူ၏။ ငါတို့သည် ဆုတောင်းသင့်သည်အတိုင်း အဘယ်ဆုကိုတောင်းရမည်ဟု မသိကြ။ သို့ရာတွင် ငါတို့ဆုတောင်းခြင်းအမှုကို နှုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည် စောင့်မတော်မူ၏။ (ယော၊ ၈း၂၆)။

ယခုမှာ လူလက်ဖြင့်မလုပ်၊ ဤလောကဓါတ်နှင့် မစပ်ဆိုင်၊ သာ၍ကြီးမြတ်စုံလင်သော တဲတော်၌ နောက်မင်္ဂလာအကျိုးတို့၏ ယဇ်ပုရောဟိတ်မင်းဖြစ်သော ခရစ်တော်သည်၊ ငါတို့အဖို့ ထာဝရရွေးနှုတ်ခြင်း ကျေးဇူးကိုခံရ၍ ဆိတ်သွေး၊ နွားကလေးသွေးနှင့်မဟုတ် မိမိအသွေးတော်နှင့် သန့်ရှင်းရာဌာနတဲသို့ တခါတည်းဝင်တော်မူ၏။ (ဗြ၊ ၉း၁၀–၁၂)။

ကျွန်တော်တို့အတွက် သခင်ယေရှုခရစ်တော် ပြီးစီးခဲ့သော အမှုအရာများအတွက် ကျွန်တော်တို့တွင် ကောင်းကြီးမင်္ဂလာများ တက်ရောက်လေ့ရှိသည်။

ဤနေရာတွင် သန့်ရှင်းသောဝိညညာဉ်တော်ဘုရား၏ စေခိုင်းခြင်းအမှုနှင့် ပြည့်စုံခြင်းအားဖြင့်သာ သဘာဝတရားထက် လွန်ကဲခက်ခဲကြမ်းတမ်းခြင်းများစွာကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်သည်။ သန့်ရှင်း သောဘုရားသခင်၏ မျက်မှောက်တော်၌ သန့်ရှင်းသော ဝိညာဉ်တော် မစခြင်းအားဖြင့်သာ တိုးဝင်ချဉ်းကပ်နိုင်ပြီး သခင်ယေရှုခရစ်တော်၏ ဒုတိယအကြိမ် ပြန်လည်ကြွလာတော်မူလျက် တံဘိုးမှုတ်ခြင်းအတွက် ပြင်ဆင်ကြရမည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့် ကျွမ်းဝင်ရင်သန်လျက် ဘုရားသခင်၏ ပုံသဏ္ဌာန်တော်သို့ ပြောင်းလဲကြရမည်ဖြစ်သည်။

ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့၊ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍ ဝိညာဉ်တော်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏။ (၂ကော၊ ၃း၁၈)။

**ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။** ကိုယ်ကာယသည် အလျှင်းမတတ်နိုင်။ ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏ အသက်လည်းဖြစ်၏။ (ယော၊ ၆း၆၃)။

ပဋိညာဉ်တရားသစ်၏ ဆရာဖြစ်နိုင်သော အစွမ်းသတ္တိကို ဘုရားသခင်သည် ငါတို့အားပေးတော်မူ၏။ ထိုသို့ဆိုသော် ကျမ်းဟောင်းတရားကို မဆိုလို၊ ဝိညာဉ်တော်တရားကို

ဆိုလို၏။ ကျမ်းဟောင်းတရားသည် အသက်ကိုသတ်တတ်၏။ ဝိညာဉ်တော်တရားမူကား ရှင်စေတတ်၏။ (၂ကော၊ ၃း၆)။

**သန့်ရှင်းသောဝိညာဉ်တော်သည် ဖန်ဆင်းရှင်ဘုရားဖြစ်၏။**

ဘုရားသခင်၏ ဝိညာဉ်တော်သည် ငါ့ကို ဖန်ဆင်းတော်မူပြီ။ အနန္တတန်ခိုးရှင်၏ အသက်တော်သည် ငါ့ကို အသက်ရှင်စေတော်မူပြီ။ (ယောဘ၊ ၃၃း၄)။

အဘယ်သို့နည်းဟူမူကား၊ တမန်တော်မှစ၍ ပရောဖက်များတည်းဟူသော တိုက်မြင့်ပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏။ ထိုတိုက်ထောင့် အမြစ်ကျောက်ကား၊ ယေရှုခရစ်ဖြစ်သတည်း။ ထိုကျောက်နှင့်တစ်တိုက်လုံးသည် စေ့စပ်၍ ကြီးပွားသဖြင့် သခင်ဘုရားအဖို့အလို့ငှာ၊ သန့်ရှင်းသော ဗိမ်မာတော်ဖြစ်၏။ ထိုဗိမာန်တော် ၌လည်း၊ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကိန်းဝပ်တော်မူခြင်းအလို့ငှာ၊ သင်တို့သည် ငါတို့နှင့်အတူ တည်ဆောက်လျက်ရှိကြ၏။ (ဖေက်၊ ၂း၂၀–၂၂)။

**ဝိညာဉ်တော်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။**

ညီအစ်ကိုတို့၊ သင်တို့သည် ငါနှင့်အတူ ကြိုးစားအားထုတ်၍ ငါ့အဖို့အလို့ငှာ ဘုရားသခင်ကို ဆုတောင်းပဌနာပြုကြလော့ဟု ငါတို့သခင်ယေရှုခရစ်နှင့် ဝိညာဉ်တော်၏ မေတ္တာဂရုဏာကို အကြောင်းပြု၍ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပါ၏။ (ရော၊ ၁၅း၃၀)။

ထိုမျှော်လင့်ခြင်းသည် ရှက်ကြောက်စရာအကြောင်းနှင့် ကင်းလွတ်၏။ အဘယ်ကြောင့် နည်းဟူမူကား၊ ငါတို့အားပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ မေတ္တာတော်ကို ငါတို့ စိတ်နှလုံးထဲသို့ သွန်းလောင်းတော်မူ၏။ (ရော၊ ၅း၅)။

**ဝိညာဉ်တော်သည် နှစ်သိမ့်ခြင်းနှင့်ငြိမ်သက်ခြင်းအရှင်**

ထိုအခါ ယုဒပြည်၊ ဂါလိလဲပြည်၊ ရှမာရီပြည် အရပ်ရပ်တို့တွင် အသင်းတော်တို့သည် ငြိမ်သက်၍ တည်ဆောက်ခြင်းရှိကြ၏။ သခင်ဘုရားကို ကြောက်ရွံ့ခြင်း၌၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အဆုံးအမ၌၎င်း၊ မွေ့လျော်သောအားဖြင့် ပွားများကြ၏။ (တမန်၊ ၉း၃၁)။

ထိုမှတပါး၊ ငါတို့မတတ်နိုင်သောအရာမှာ ဝိညာညဉ်တော်သည် မစတော်မူ၏။ ငါတို့ သည် ဆုတောင်းသင့်သည်အတိုင်း အဘယ်ဆုကို တောင်းရမည်ဟုမသိကြ။ သို့ရာတွင် ငါတို့ဆုတောင်းခြင်းအမှုကို နှုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည် စောင်မတော်မူ၏။ (ရော၊ ၈း၂၆)။



ရွှေစင်နှင့် လုပ်ရမည်။ ငါ့ရှေ့စားပွဲပေါ်မှာ စားတော်မုန့်ကို အစဉ်တင်ရမည်။ (ထွက်၊ ၂၅း၂၃–၃၀)။

## (ဂ) ရှေ့တော်မုန့်–နှုတ်ကပတ်တော် (သို့) အသက်မုန့်–ခရစ်တော်

သခင်ယေရှုသည် အသက်မုန့်ဖြစ်သောကြောင့် ရှေ့တော်မုန့်သည် နှုတ်ကပတ်တော်၏ သင်္ကေတဖြစ်ကြောင်း ပေါ်လွင်စေပါသည်။ ကျွန်တော်သည် ဘုရားသခင်၏ ဂတိတော်ကို အမြဲကိုင်စွဲကျွမ်းဝင် နိုင်မည့်အကြောင်း ကိုယ့်ကိုကိုယ် ပြင်ဆင်လျက်ရှိ၏။ အကြောင်းမှာ ထိုဂတိတော်အားဖြင့်သာ သူ့ရဲ့ နေ့ရက်ကာလရောက်လျှင် ပြန်လည်ချီဆောင်လာမည် ဖြစ်သည်။

ထိုနှုတ်ကပတ်ဂတိတော်မြွတ်သည်သာ အကျွန်ုပ်တို့၏ ဦးတည်ရာလမ်းကြောင်း၊ အစွမ်းသတ္တိ၊ ဝိညာဉ်အစာကျွေးမွေးတော်မူ၏။ လူသည်မုန့်အားဖြင့်သာ အသက်ကို မွေးရသည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏။ (တရားဟော၊ ၈း၃)။

ကျွန်တော်အာမခံသည်မှာ ကမ္ဘာလောကကြီးနှင့် ရှိရှိသမျှ အလုံးစုံတို့သည်လည်း ထာဝရဘုရား သခင် ဖန်ဆင်းတော်မူခဲ့ကြောင်းဖြစ်သည်။ ထိုအရာတို့သည် သက်သေ ခံလျက်ရှိကြ၏။

အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည် အစအဦး၌ ဘုရားသခင်နှင့် အတူရှိ၏။ ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သောအရာ တစ်စုံတစ်ခုမျှ မရှိ။ (ယော၊ ၁း၁–၃)။

ဘုရားသခင်၏မုန့်မူကား၊ ကောင်းကင်မှ ဆင်းသက်၍ လောကီသားတို့အား အသက်ကိုပေးသော မုန့်ပေတည်းဟု မိန့်တော်မူလျှင်၊ သခင် ထိုမုန့်ကို အကျွန်ုပ်တို့အား အစဉ်မပြတ်ပေးတော်မူပါဟု လျှောက်ကြ၏။ ယေရှုကလည်း ငါသည် အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တစ်ဖန် အဆာအမွတ်မခံရ။ ငါ့ကို ယုံကြည်သောသူသည် နောက်တစ်ဖန် ရေငတ်မခံရ။ (ယော၊ ၆း၃၃–၃၅)။

မြတ်၌ တောင်းလျှောက်ပါ၏။ အာမင်။

ယခုပင် လုံးဝအာရုံပြုလျက် အတွင်းလူတည်းဟူသော ဝိညာဉ်အားဖြင့် လွတ်လပ်စွာ အာရုံရှိသမျှနှင့် နှုတ်ခမ်းကိုလှုပ်ယမ်းပြီး အသံလွင့်လျက် ပြောထွက်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်သည် အခွင့်ပေးမည်မှာ မလွဲပေ။

ဤဘာသာစကားသည် ကောင်းကင်စကားဖြစ်သောကြောင့် ကိုယ်ပိုင်ဆုတောင်းခြင်း တိုင်းတွင်ပင် ဘုရားသခင်ဆီ အော်ဟစ်၍ အသံလွှတ်ဆုတောင်းနိုင်သည်။



## (ခ) ရှေ့တော်မုန့်ရွှေစားပွဲ (ဘုရားသခင်သည် ထောက်ပံ့သောအရှင်)

ထာဝရဘုရားသခင်သည် ရွှေစားပွဲနှင့်စပ်လျဉ်းပြီး မောရှေအား ညွှန်ကြားတော်မူခဲ့သည်။

အလျားနှစ်တောင်၊ အနံတစ်တောင်၊ အမြင့်တစ်တောင်ထွာရှိသော စားပွဲကိုလည်း အကာရှသားနှင့်လုပ်၍၊ ရွှေစင်နှင့် မွမ်းမံရမည်။ စားပွဲပေါ်အနားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုငင်း၊ အနံလက်တစ်ဝါး ရှိသော ခါးပန်းကိုငင်း၊ ခါးပန်းပေါ်အနားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုငင်း လုပ်ရမည်၊ ရွှေလေးကွင်း ကိုလည်းလုပ်၍၊ ခြေထောက်လေးခု အထက် စားပွဲလေးထောင့်၌ တပ်ရမည်။ ထိုရွှေကွင်းတို့သည် ခါးပန်းပေါ်မှာရှိ၍ စားပွဲထမ်းစရာ ထမ်းပိုးနေရာဖြစ်ရမည်။ စားပွဲထမ်းစရာ အကာရှသားထမ်းပိုးကိုလုပ်၍ ရွှေနှင့် မွမ်းမံရမည်။ စားပွဲနှင့်ဆိုင်သော လင်ပန်း၊ ဇွန်း၊ အင်တုံ၊ လောင်းစရာဖလားများကိုလည်း



**ဝိညာဉ်တော်သည် စိတ်နာတတ်၏။**

ညည်းညူသောစကားတစ်ခွန်းကိုမျှ သင်တို့ နှုတ်ထဲကမထွက်စေနှင့်။ ကြားနာသော သူတို့၏ အကျိုးကို ပြုစုဝေစေခြင်းငှာ၊ တည်ဆောက်စရာဘို့ ကောင်းသောစကားကိုသာ သုံးဆောင်ကြလော့။ ရွေးနှုတ်ခြင်းနေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။ ခပ်သိမ်းသော စိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငေါ်ခြင်း၊ သူ့အသားရေ ပျက်အောင် ပြောဆိုခြင်းတို့ကိုငင်း၊ ခပ်သိမ်းသောမနာလိုခြင်းကိုငင်း၊ သင်တို့မှ ပယ်ရှားကြလော့။ အချင်းချင်း ကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်ကို ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်း အပြစ်လွှတ်ခြင်းရှိကြလော့။ (ဧဖက်၊ ၄း၂၉–၃၂)။

သူတို့သည် ကိုယ်အပြစ်ကို ဝန်မခံ၊ ငါ့မျက်နှာကိုမရှာမှီတိုင်အောင်၊ ငါသည် ကိုယ်နေရာသို့ ပြန်သွား၍နေမည်။ အမှုရောက်သောအခါ သူတို့သည် ငါ့ကို ကြိုးစား၍ ရှာကြလိမ့်မည်။ (ဟောရှေ၊ ၅း၁၅)။

## သခင်ယေရှုနှင့် သန့်ရှင်းသောဝိညာဉ်တော်

သခင်ယေရှုခရစ်တော် ဤလောကသို့ ဆင်းကြွလာခြင်းသည် အနာရောဂါစွဲသော သူများ အနာငြိမ်းဖို့နှင့် ဖမ်းသွားချုပ်နှောင်ခြင်းခံရသောသူများ လွတ်မြောက်ခြင်းရဖို့အပြင် သာသနာ့လုပ်ငန်းတွင် သာသနာ့လုပ်ဆောင်ချက်များ အောင်မြင်ခြင်းရှိဖို့ ဖြစ်သည်။ ယေရှုသည် ကျွန်တော်တို့ကို နောက်လိုက်ကောင်းပီသရန် ခေါ်တော်မူလျက်ရှိသည်။

ငါသည် သင်တို့နှင့်အတူရှိစဉ်တွင် ဤစကားကို ပြောခဲ့ပြီ။ ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဇ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်။ (ယောဟန် ၁၄း၂၅–၂၆)

သန့်ရှင်းသောဝိညာဉ်တော်၏ အမည်နာမများမှာ အောက်ပါအတိုင်းဖြစ်သည်။ ဝိညာဉ်တော်ဘုရား၊ သားတော်မြတ်၊ သမ္မာတရား၊ နှစ်သိမ့်သောအရှင်၊ တိုင်ပင်ဖက်၊

ခွန်အားပေးသူ၊ ကူညီမစသောအရှင်၊ တရားသူကြီး၊ အကြံပေးသူ၊ လမ်းပြသူ၊ ကိုယ်စားခံပေးသူ၊ သွားလေရာတွင်မစသောအရှင် စသည်တို့ဖြစ်သည်။

သင်တို့အား ငါပြောစရာစကားများရှိသော်လည်း၊ သင်တို့သည် ယခုမခံနိုင်ကြ။ သမ္မာတရားနှင့် ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်၊ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလတ္တံ့သော အရာတို့ကိုလည်း သင်တို့အား ဖော်ပြလိမ့်မည်။ ထိုသူသည် ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။ အကြောင်းမူကား ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အား ဖော်ပြလိမ့်မည်။ (ယောဟန် ၁၆း၁၂–၁၄)။

## သန့်ရှင်းသောဝိညာဉ်တော်၌ မည်ကဲ့သို့ ဗတ္တိဇံ မင်္ဂလာခံယူရမည်နည်း

၁။ နားလည်ရန်အထူးလိုအပ်ချက်တစ်ခုမှာ ဝိညာဉ်တော်၏ ဗတ္တိဇံကို ခံယူ၍ ဒုတိယ မွေးခြင်းခံရန် ဖြစ်သည်။

အာပေါလုသည် ကောရိန္သုမြို့၌နေစဉ်၊ ပေါလုသည် အထက်အရပ်များကို ရှောက်သွားပြီးမှ ဖေက်မြို့သို့ရောက်၍၊ တပည့်တော်အချို့တို့ကိုတွေ့လျှင်၊ သင်တို့သည် ယုံကြည်သည်နောက်၊ သန့်ရှင်းသော ဝိညာဉ်တော်ကို ခံကြပြီလောဟု မေးသည်ရှိသော်၊ သန့်ရှင်းသော ဝိညာဉ်တော် သက်ရောက်သည်ကို အကျွန်ုပ်တို့ မသိပါဟု ပြောဆိုကြ၏။ (တမန် ၁၉း၁–၂)။

ရှမာရိမြို့သားတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ခံယူကြပြီဟု ယေရုရှလင်မြို့၌ရှိသော တမန်တော်တို့သည် သတင်းကြားလျှင်၊ ပေတရုနှင့် ယောဟန်တို့ကို စေလွှတ်ကြ၏။ ထိုမြို့သူမြို့သားတို့သည် သခင်ယေရှု၏ နာမ၌ ဗတ္တိဇံကို ခံရုံမျှသာ ရှိသဖြင့်၊ တစ်စုံတစ်ယောက်သောသူအပေါ်၌ သန့်ရှင်းသောဝိညာဉ်တော်သည် သက်ရောက်တော်မမူသေးသည်ဖြစ်၍၊ တမန်တော်တို့သည် ရောက်ကြလျှင်၊ ဝိညာဉ်တော်ကို ခံရမည်အကြောင်း ထိုမြို့သူမြို့သားတို့အဘို့ ဆုတောင်း၍၊ ထိုသူတို့အပေါ်၌ လက်ကိုတင်သောအားဖြင့် သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ခံရကြ၏။ (တမန် ၈း၁၄–၁၇)



၂။ သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံ ခံစားနိုင်ရန် ထာဝရဘုရားအား ဆုတောင်းခြင်း။

သင်တို့တွင် အဘဖြစ်သောသူ၌ သားသည် မုန့်ကိုတောင်းလျှင် အဘသည် ကျောက်ကိုပေးမည်လော။ ငါးကိုတောင်းလျှင် ငါးအစား၌ မြွေကိုပေးမည်လော။ ဥကိုတောင်းလျှင် ကင်းမြီးကောက်ကို ပေးမည်လော။ သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ့်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်ကိုသာ၍ ပေးတော်မူမည်မဟုတ်လောဟု မိန့်တော်မူ၏။ (လုကာ ၁၁း၁၁၃)

၃။ ဘုရားထံ ဆုတောင်းပြီး ရရှိမည်ဟု လုံးဝယုံကြည်ပါ။

ထို့ကြောင့် ငါတို့သည်ကား၊ သင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့် ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။ (မာကု ၁၁း၂၄)

၄။ သင့်အား ဘုရားသခင်သည် အခွင့်ပေးတော်မူသည်နှင့်အမျှ ပါးစပ်ကိုဖွင့်ဟပြီး အခြားသော ဘာသာစကားဖြင့် စပြောပါ။ ဤသည်မှာ ယုံကြည်ခြင်းဖြင့် လုပ်ဆောင်ချက်သာဖြစ်သည်။ သင့်ပါးစပ်ကိုဖွင့်ပြီး စတင်ပြောဆိုရန် ပြင်ဆင်သည်နှင့်အမျှ ပြောထွက်နိုင်သော အခွင့်ရှိလိမ့်မည်။

ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍၊ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည့်အတိုင်း အမျိုးမျိုးသော ဘာသာစကားအားဖြင့် ဟောပြောကြ၏။ (တမန် ၂း၄)။

တန်ခိုးကိုရ၍ ဝိညာဉ်တော်၌ ဗတ္တိဇံကိုခံယူခြင်းဖြင့် ယေရှုခရစ်တော်၏ သက်သေဖြစ်နိုင်ပါမည့်အကြောင်း ဤကဲ့သို့ ဆုတောင်းပါ။

ချစ်လှစွာသော ကိုယ်တော်မြတ်ဘုရား၊ ယေရှုသည် အကျွန်ုပ်၏ ကယ်တင်ရှင် အရှင်သခင်ဖြစ်ကြောင်း ဝန်ခံပါ၏။ ဝိညာဉ်ပိုင်းဆိုင်ရာ အစွမ်းတန်ခိုး ရနိုင်ပါမည့်အကြောင်း သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံမင်္ဂလာတော်ကို ခံယူလိုပါ၏။ အကျွန်ုပ်ကို ဝိညာဉ်တော်နှင့် ပြည့်ဝစေပါ။ တန်ခိုးနှင့်ပြည့်ဝစေပါ။ ဝိညာဉ် ဗတ္တိဇံကို ပေးတော်မူပါရန် ယခုပင် တောင်းလျှောက်ပါ၏။ အကျွန်ုပ်တောင်းလျှောက်ခဲ့ပြီသည်နှင့်အမျှ ယခုပင် အကျွန်ုပ် ဝိညာဉ်တော်၏ ဗတ္တိဇံကို ခံယူပါ၏။ လက်ခံပါ၏။ ဝိညာဉ်တော်သည် အကျွန်ုပ်ကို အခွင့်ပေးတော်မူသည်နှင့်အညီ လုံးဝမျှော်လင့်ချက်ကြီးစွာဖြင့် သခင်ယေရှု၏ နာမတော်